
www.burmeseclassic.com

... သစ်

# ကြိုခက္ကူ

မှန်ကင်းစံနှင့် မရဏတာမန် ပဉ္စပြား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရွှေငွေနှင့် ကျောက်မျက်ရတနာများသည် လူတို့၏
လောဘရမ္မက်များကြောင့် တန်ဖိုးမြင့်နေကြခြင်းဖြစ်၏၊
လောဘကင်းစင်သော သူတော်ကောင်းများသည်
ထိုရတနာများကို တန်ဖိုးသတ်မှတ်ခြင်း မရှိပေ။

ပျင်းရိမှုများက သင်၏ဝီရိယကို ဖျက်ဆီးရန်အတွက်
အခါမလပ် ချောင်းမြောင်းနေတတ်သည်။
သူ့ကို အခွင့်အရေးပေးလိုက်ပါက မကြာခင်
အိပ်ပျော်သွားပေလိမ့်မည်။

ဒေါသစိတ်ကို ဖြေသိမ့်ရန်
အကောင်းဆုံးဆေးမှာ...
ဒေါသဖြစ်ရခြင်း၏အကြောင်းအရင်းမှန်ကို
တွေ့အောင်ရှာ၍ ဖြေသိမ့်ရန်ပင်ဖြစ်သည်၊

BURMESE CLASSIC .com

ဒဿနလက်ဆောင်

ယုံကြည်စိတ်ချမှု လွန်ကဲခြင်းသည်
အလိမ်ခံရဖို့ အနီးစပ်ဆုံးဖြစ်ပြီး
သင့်အတွက်လည်း ဘေးအန္တရာယ် များလွန်းလှသည်။

အချစ်သည်
ဘဝအတွက် အရေးကြီးဆုံးအရာ မဟုတ်သော်လည်း
သူနှင့် ပတ်သက်လာလျှင်တော့
တန်ဖိုးထား အလေးထားရပေမည်၊

အချစ်ပန်းတစ်ပွင့်
ရှင်သန်လန်းဆန်းဖို့အတွက်
ရေသောက်မြစ်နှင့် တူသော နိုင်မာမှုကို
သစ္စာရေ လောင်းပေးရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ...အချစ်ကြောင့် ကျသော မျက်ရည်စက်
များသည် ဘဝအတွက် လှေခါးထစ်များ ဖြစ်စေနိုင်ပေသည်။

လူငယ်တစ်ယောက်အတွက်...အရေးကြီးဆုံးအရာ
နှစ်ခု ရှိပါသည်။ အချစ်နှင့်အောင်မြင်ရေးဖြစ်သည်။
နှစ်ခုစလုံးကို တပြိုင်နက် လုပ်မိပါက
မည်သည့်အရာမှ အဆင်ပြေမည် မဟုတ်ပေ။

BURMESE CLASSIC .com

အခက်အခဲနှင့် ဘေးအန္တရာယ်များသည်
စိုးရိမ်ကြောက်လန့်ရမည့်အရာများ မဟုတ်ပေ။
မည်သည့်အန္တရာယ်မဆို အခက်အခဲမဆို
ထွက်ပေါက်တစ်ခု ရှိပေသည်။
စိုးရိမ်မှု လွှမ်းကဲနေပါက ထိုထွက်ပေါက်ကို
ရုတ်တရက် မမြင်နိုင်ပေ။

ဒဿနလက်ဆောင်

ရှုံးနိမ့်မှုနှင့် အောင်မြင်မှု
နှစ်ခု၏ခြားနားချက်မှာ...
စိတ်ဓာတ်နိုင်မာခြင်းနှင့်
စိတ်ဓာတ်ပျော့ညံ့ခြင်းပင်ဖြစ်၏။

ကံကြမ္မာသည်...
ယုံကြည်လက်ခံရမည့်အရာဖြစ်ပြီး
ထာဝစဉ် မှီခိုအားထားရမည့်အရာတော့ မဟုတ်ပေ။

အလုပ်ပင်ပန်းမှုကြောင့်
ခန္ဓာကိုယ် နွမ်းကြေမှုဖြစ်နိုင်ပါသည်။
သက်တောင့်သက်သာ နေလျှင်တော့
ပျက်စီးမှုများနှင့် မုချကြုံရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) သင်္ချိုင်းအတွင်းမှ မရဏနိဒါန်း

အခန်း(၂) မှန်ကင်းစံနှင့် လမ်းမှတော်ပိုးတုတ်

အခန်း(၃) ဦးဗန်ကောင်းနှင့် ဝရုဏာသံပဂိတာကကျမ်း

အခန်း(၄) တရုတ်သင်္ချိုင်းမှ သဲလွန်စ

အခန်း(၅) အမှောင်ဂိုပ်အတွင်းမှ ခြေရာကောက်ရန်သူ

အခန်း(၆) လည်ကို ငင်မည့် အန္တရာယ်ကျောက်ကွင်း

အခန်း(၇) တစ်ပဲသုံးချပ်နှင့် လျို့ဝှက်ချက်များ

အခန်း(၈) ဒေါက်တာမှင်းထင်ကျော်နှင့် လျို့ဝှက်အကြံအစည်

အခန်း(၉) ရှေးဟောင်းပစ္စည်းများနှင့် ပရလောကသားများ

အခန်း(၁၀) ဦးဒီပ၏အကြံအစည်

အခန်း(၁၁) ကတုံးပေါ် ထိပ်ကွက်ခံရခြင်း

အခန်း(၁၂) အန္တရာယ်ကွန်ယက်ကျောက်ကွင်း

အခန်း(၁၃) ပုန်းကွယ်နေသောရင်ထဲမှ သံယောဇဉ်

အခန်း(၁၄) ပရလောကသားများနှင့် မရဏတာမန်ပစ္စည်းများ

အခန်း(၁၅) မရဏတာမန်ပစ္စည်းများနှင့် အလောင်းအစား

အခန်း(၁၆) အချစ်အတွက် လိုအပ်သော အလုပ်တရား




## အခန်း(၁)

## သင်္ချိုင်းအတွင်းမှ မရဏနိဒါန်း

BURMESE CLASSIC .com

ကိုလိုနီခေတ်ဦးကာလက ရန်ကုန်မြို့ကွက်မှာ ယခုအချိန်ကာလ အနေအထားထက် များစွာသေးငယ်လှသည်။

ရန်ကုန်မြို့ဟု ခေါ်ရလောက်သည့်နေရာများမှာ မြို့လယ်တဝိုက်လောက်သာ ရှိပေသည်။

သို့သော်လည်း တရုတ်သင်္ချိုင်း၊ ကုလားသင်္ချိုင်း၊ ခရစ်ယာန်သင်္ချိုင်း၊ ဗမာသင်္ချိုင်း စသော သင်္ချိုင်းမြေနေရာများက အတော်များများ ရှိပေသည်။

ထိုခေတ်ကာလက ရန်ကုန်မြို့၏အချက်အခြာကျသော



www.burmeseclassic.com

www.burmeseclassic.com



နေရာတို့တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ကုလားဗလီ၊ တရုတ်ဘုံကျောင်းနှင့် သင်္ချိုင်းနေရာတို့ ရှိကြပေသည်။

အင်္ဂလိပ်များ ဝင်ရောက်လာစဉ်က ရန်ကုန်မြို့လယ်တွင် အများစု နေထိုင်ကြသူများမှာ ကုလားလူမျိုးများဖြစ်သောကြောင့် လမ်းဆုံလမ်းခွနှင့် အချက်အခြာကျသောနေရာတိုင်းမှာ ကုလားဗလီများ ရှိကြပေသည်။

ထိုခေတ်ကာလက တရုတ်များ ရှိသည်ဆိုသော်လည်း လသာတပိုက်နှင့် တရုတ်တန်းတပိုက်မှာသာ အနေများကြလေသည်။ ထို့ကဲ့သို့ ကုလားလူမျိုးများ အနေများသောကြောင့် ကုလားသင်္ချိုင်းလည်း ပေါလှပေသည်။

ထို့ပြင် ရန်ကုန်မြို့၏အချက်အခြာကျသောနေရာများတွင် ခရစ်ယာန်သင်္ချိုင်းဟု ခေါ်သော အင်္ဂလိပ်လူမျိုးများ သေဆုံးလျှင် သီးသန့်မြှုပ်နှံသော သင်္ချိုင်းများလည်း ရှိခဲ့ပေသည်။

ရန်ကုန်မြို့တည်စက အစောဆုံး ပေါ်ပေါက်ခဲ့သောသင်္ချိုင်းမှာ အာမေနီယာန် သင်္ချိုင်းကုန်းဖြစ်ပေသည်။

မြန်မာတို့ မြှုပ်နှံသော သင်္ချိုင်းမှာ ထိုအချိန်က ရွှေတိဂုံဘုရားလမ်းပေါ်မှာ တည်ရှိလေသည်။

ကိုလိုနီခေတ် ရောက်လာသောအခါ တောရွာများမှာ နေထိုင်သူများက မြို့သို့ ရောက်လာကာ အခြေချနေထိုင်ကာ လုပ်ကိုင်စားသောက်ကြသောကြောင့် တဖြည်းဖြည်းနှင့် လူဦးရေ ပိုမိုများပြားလာတော့သည်။

ယခင်က မြို့လယ်တဝိုက်သာ လူဦးရေ များပြားသော်





လည်း နောက်ပိုင်းတွင် ဗဟန်း၊ မြေနီကုန်း၊ ကမာရွတ်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ပုဇွန်တောင် အစရှိသော ရပ်ကွက်များလည်း တဖြည်းဖြည်းနှင့် ပေါ်ပေါက်လာခဲ့လေသည်။

ထို့အတူ ကြံတောကဲ့သို့ သင်္ချိုင်းများလည်း တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့လေသည်။

ကိုလိုနီခေတ်က ရန်ကုန်မြို့တွင် ထင်ရှားသောသင်္ချိုင်းတို့မှာ ဘားကရာအနီးတွင် ရှိသည့် ကံရွာသင်္ချိုင်း၊ သိမ်ဖြူသင်္ချိုင်း၊ တောင်လုံးပြန်သင်္ချိုင်း၊ တာမွေသင်္ချိုင်းနှင့် ကြံတောသင်္ချိုင်းတို့ဖြစ်ကြသည်။

နောင်သောအခါ အခြားသင်္ချိုင်းများ တဖြည်းဖြည်းပျောက်ကွယ်သွားပြီး ကမာရွတ်နယ်မြေအတွင်း၌ ရှိသော ကြံတောသင်္ချိုင်းသာ ရန်ကုန်မြို့သူမြို့သားများ အသုံးပြုသောသင်္ချိုင်းဖြစ်လာတော့သည်။

ကိုလိုနီ ခေတ်ဦးကာလ ကမာရွတ်တဝိုက်မှာ ယခုကဲ့သို့ စည်ကားသောနေရာတစ်ခု မဟုတ်ဘဲ ကျေးရွာအဆင့်သာ ရှိခဲ့လေ၏။

သို့သော်လည်း ကမာရွတ်သည် ကုန်းဘောင်ခေတ်နှောင်းကာလကတည်းက စတင်ပေါ်ပေါက်ခဲ့သောနေရာတစ်ခုဖြစ်ပေသည်။

ရှေးအခါက ထိုနေရာတဝိုက်တွင် သစ်သီးဝလံနှင့် ပန်းစိုက်ခင်း လုပ်ကိုင်ကြသူတို့ နေထိုင်ရာ ရွာငယ်ကလေးများသာ ရှိခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ရှိခဲ့သော ရွာစုကလေးများမှာ. . .

အမှတ်(၁)ရပ်ကွက်တွင်၊ ကျွဲကုန်း၊ ကင်းမွန်းခင်း၊ လက်ခုပ်ပင် စသော အိမ်စုကလေးများနှင့် ဦးထွန်းလင်း၏ခြံဝင်းကျယ်၊

အမှတ်(၂)ရပ်ကွက်တွင် စံရိပ်ငြိမ်၊ ဆင်ရေတွင်း၊ အင်းလျားရွာသစ်၊

အမှတ်(၃)ရပ်ကွက်တွင် ထန်းတစ်ပင်၊ ကွမ်းခြံနှင့် လှည်းတန်း၊ အမှတ်(၆)တွင် ကွမ်းခြံ၊ အမှတ်(၇)တွင် ကြံတောနှင့် နာနတ်တော၊ အမှတ်(၈)တွင် စံပါယ်ပင်ခြံနှင့် ရှောက်ပင်ခြံတို့ ပါဝင်လေသည်။

(၁၉၅၄)ခုတွင် ကမာရွတ်မြို့နယ်အတွင်း ပြည်လမ်းမပေါ်တွင် အသံလွှင့်ရုံကို ဆောက်လုပ်ခဲ့ပြီး (၁၉၆၀)ခုနှစ်၊ နိုဝင်ဘာ(၄)ရက်နေ့တွင် စတင်အသံလွှင့်နိုင်ခဲ့သည်။

စတင်အသံလွှင့်သောအချိန်က ဝန်ကြီးချုပ်မိန့်ခွန်းနှင့် အခြားဖျော်ဖြေရေးအစီအစဉ်များ ထုတ်လွှင့်နိုင်ခဲ့လေသည်။

ကမာရွတ်နယ်မြေသည် (၁၈၅၂)ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် ဗြိတိသျှအစိုးရလက်အောက်သို့ ကျရောက်သွားခဲ့လေသည်။

ထို့နောက် ဗြိတိသျှအစိုးရက မြို့ခုနစ်မြို့ ခွဲပြီး အုပ်ချုပ်ခဲ့ရာ ကမာရွတ်သည် အနောက်ဘက် မြို့အဝင် ဖြစ်ခဲ့လေသည်။

(၁၉၀၉)ခုနှစ်တွင် ကျေးရွာကြီးအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့လေသည်။





ရှေးအခါက ကမာရွတ် အမှတ်(၇)ရပ်ကွက်၌ ပါဝင်သော ကြံတောနှင့် နာနတ်တောတပိုက်တွင် လူနေအိမ်ခြေ မရှိဘဲ သီးနှံစိုက်ခင်းများသာရှိပေသည်။

ဟံသာဝတီအဝိုင်းဘက်မှ ကြည့်မြင်တိုင်ဈေးဘက်သို့ သွားသော ဖြတ်လမ်းတစ်ခု ရှိသော်လည်း လူသေများ မြှုပ်နှံသောနေရာနှင့် နီးသောကြောင့် အသွားအလာ မရှိကြပေ။

ကြံတောသင်္ချိုင်း တည်ကာစက လူသေမြှုပ်နှံသောနေရာမှာ သတ်သတ်မှတ်မှတ် မရှိလှဘဲ ကြံတောများအတွင်း၌ မြေကျင်းများ တူး၍ မြှုပ်နှံကြခြင်းဖြစ်သည်။

သေဆုံးသူတို့၏အမည်နာမများကို မှတ်တိုင်များပေါ်မှာ ရေး၍ စိုက်ထူထားကြသည်။

နောက်ပိုင်း တစ်စတစ်စ မြှုပ်နှံသူ များလာသောအခါ အင်္ဂလိပ်အစိုးရက ထိုနေရာကို သုသာန်မြေ(မြေပုတ်)နေရာအဖြစ် သတ်မှတ်ပေးခဲ့ရာ ကြံခင်းစိုက်သူများက အခြားနေရာသို့ ရွှေ့ပြောင်းသွားခဲ့သည်။

အချို့ကလည်း ရေမြေကောင်းသော စမ်းချောင်းအရပ်ဘက်သို့ ပြောင်းရွှေ့စိုက်ပျိုးကြလေသည်။

ကြံတောသင်္ချိုင်းကို သင်္ချိုင်းမြေ(မြေပုတ်)အဖြစ် သတ်မှတ်ပြီးသောအခါ အများက စုပြီး ဇရပ်တစ်ဆောင် ဆောက်လုပ်ကြသည်။

ဇရပ်ရှိလာသောအခါ သင်္ချိုင်းအင်္ဂါရပ်နှင့် ညီညွတ်စေရန် သုဘရာဇာတစ်ဦးကိုလည်း ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြံတောသချိုင်းမှာ ပထမဦးဆုံး သုဘရာဇာရာထူး ရရှိသူမှာ ဦးဘမှန်ဆိုသူဖြစ်သည်။

ဦးဘမှန်သည် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး အသားညိုညို အရပ်ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်သည်။

သျှောင်တစောင်း ထုံးထားပြီး နှုတ်ခမ်းမွေးအရှည်ရှိသည်။ ဦးဘမှန်သည် ကွမ်းအမြဲစားသူဖြစ်သောကြောင့် နှုတ်ခမ်းမွေးနှင့် ပါးစပ်တဝိုက်မှာ ကွမ်းသွေးများဖြင့် နီရဲနေသည်။

သူသည် သုဘရာဇာဘွဲ့ ယူထားသော်လည်း မသာသယ်ယူခြင်းနှင့် မြေမြှုပ်ခြင်းကိစ္စများကိုတော့ ကိုယ်တိုင်မလုပ်ပေ။

ရင်းမှာ အဖော်နှစ်ယောက်ရှိသေးသည်။

တစ်ယောက်က ဦးဘစံဖြစ်ပြီး ကျန်တစ်ယောက်က ဦးဘကင်းဆိုသူဖြစ်သည်။

ဦးဘစံက မြေကျင်းတူးသောအလုပ်ကို လုပ်ပြီး ဦးဘကင်းက မသာလှည်းဆွဲသောအလုပ်ကို လုပ်သည်။

ရပ်ကွက်အတွင်းမှာ လူသေ၍ သုသာန်သို့ သယ်ယူရန် လှည်းငှားလာလျှင် ဦးဘကင်းက မသာတင်သောလှည်းကို ဆွဲပြီး လိုက်သွားသည်။

မသာတင်သောလှည်းမှာ ဘေးတစ်ဖက်တစ်ချက်မှာ လှည်းဘီးကြီးနှစ်ဘီးရှိပြီး ရှေ့နောက် ထောင်နိုင်ချနိုင်သော လှည်းမျိုးဖြစ်သည်။

ရပ်ကွက်နီးသောနေရာမှ လူသေလျှင်တော့ ဝါးကပ်ဖြင့် ရှေ့နောက်ထမ်းလာပြီး သင်္ဂြိုဟ်လေ့ရှိသော်လည်း သချိုင်းနှင့်ဝေးသောနေရာများမှာ လူသေဆုံးလျှင်တော့ မသာတင်သောလှည်းကို လာရောက်ငှားရမ်းကြရသည်။

"မသာတင်တဲ့လှည်းက တစ်ခေါက်ဘယ်လောက်ယူသလဲ"

အချို့က လှည်းမငှားမီကတည်းက ဈေးအရင်မေးလေ့ရှိသည်။

"ဝေးရင် တစ်ဆယ်၊ နီးရင် ငါးကျပ်"

"မဝေးပါဘူး. . . စမ်းချောင်းဘက်က သယ်မှာဆိုတော့ ဈေးနည်းနည်းလျှော့ပါဦး"

"အဲဒီလို ပိုက်ဆံကုန်မှာ ကြောက်ရင် အစကတည်းက သေမင်းဆီမှာ ဈေးဆစ်ကြည့်ဖို့ကောင်းတယ်၊ ဈေးဆစ်လို့ရရင် နောက်ထပ် လူ့ပြည်မှာ ရက်နည်းနည်း ပိုနေလို့ရတာပေါ့"

ဦးဘကင်းက သောက်နေကျ ဆေးပြင်းလိပ်တိုကို မီးမရှိဘဲ ပါးစပ်မှာ ခဲထားရင်းမှ ဘုတောလိုက်ရာ မသာလှည်းငှားသူများလည်း နောက်ထပ်ဈေးမဆစ်ဝံ့တော့ဘဲ မသာသယ်ယူရမည့် နေရပ်လိပ်စာ ပေးကာ ပြန်သွားကြလေတော့သည်။

အချို့မှာလည်း လက်ဝတ်လက်စား ညွတ်နေအောင် ဝတ်ဆင်ထားပြီး မသာလှည်းငှားဖို့ ငွေတစ်ဆယ်၊ ငါးကျပ်မျှကို တွန့်တိုနေတတ်ကြသည်။

ထိုလူမျိုးနှင့် တွေ့လျှင်. . .

"ခင်ဗျားတို့ လှည်းငှားခ ကုန်မှာ ဒီလောက်နှမြောနေ





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ရင် ခင်ဗျားတို့ ထမ်းနိုင်ရင် ထမ်းလာခဲ့၊

ဒါမှမဟုတ် မသာကို သူ့ဖာသာ လျှောက်လာခိုင်းလိုက်ပေါ့ဗျာ"

ဟု လေသံမာမာဖြင့် ပြောလိုက်တော့မှ ဈေးဆစ်သည့်ကိစ္စက ရပ်သွားတော့သည်။

ဈေးစကားတည့်ပြီဆိုတာနှင့် ဦးဘကင်းက မသာလှည်းနှင့် အတူလာခေါ် သူများနောက်သို့ လိုက်သွားလေသည်။

အများအားဖြင့်တော့ မသာလှည်းကို သူတစ်ယောက်တည်း တွန်းရသည် မရှိပေ။

သက်ဆိုင်သူများက ဝိုင်းဝန်းတွန်းပေးကြသည်။

မသာပို့ရာမှာ ဆွေမျိုးများလျှင်သော်လည်းကောင်း၊ လိုက်ပို့သူ များလျှင်သော်လည်း ဝိုင်းဝန်းတွန်းပေးကြသဖြင့် တစ်ခါတစ်ရံ သူတွန်းရန်ပင် မလိုပေ။

လှည်းဖြင့် သယ်ဆောင်လာသော မသာ သင်္ချိုင်းသို့ ရောက်သည်နှင့် ဦးဘကင်း၏တာဝန်လည်း ပြီးသွားလေတော့သည်။

ထိုအခါ သူသည် အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ဖြစ်စေ၊ အုတ်ဂူတစ်လုံးပေါ်၌ ထိုင်၍ဖြစ်စေ၊ သူ အလွန်နှစ်သက်သော ကျားနှစ်ကောင် ဆေးပြင်းလိပ်ကို မီးညှိဖွာကာ အေးအေးဆေးဆေး နားလေ့ရှိသည်။

သူတာဝန်ပြီးသောအခါ မြေကျင်းတူးသူ ဦးဘစံ၏ အလုပ်တာဝန်ဖြစ်လာလေသည်။





သူသည် မသာမြှုပ်နှံရန်အတွက် မြေကျင်းတူးရန်နေရာ ရွေးရလေသည်။

တွင်းတူးရာတွင် အရေးကြီးဆုံးက လောလောဆယ် မြှုပ်ထားသည့်အလောင်းပေါ် သို့ ထပ်၍မတူးမိစေရန်ဖြစ်သည်။

ထိုသို့ တူးမိပါက သူသာန်ခိုက်သည်ဟု အယူရှိကြသည်။ သူသာန်ခိုက်လျှင် လူအသေအပျောက် များကာ သင်္ချိုင်းသို့ လူသေများ မကြာခဏ ရောက်လာလေ့ရှိသည်။

အချို့က နေရာတကာ ဆရာလုပ်ချင်သည့်သဘော ရှိရာ ကျင်းတူးသည့်နေရာမှာပင် အလွတ်မပေးဘဲ ဆရာလုပ်လေ့ရှိကြသည်။

"ကျင်းတူးရင် နက်နက်နဲ့ ကျယ်ကျယ်ကလေး တူးနော်"

"အခု တူးတဲ့ကျင်းကလည်း နက်ပါတယ်ဗျာ၊ တစ်ယောက် မဟုတ်ဘူး. . နှစ်ယောက်မြှုပ်ရင်တောင် ရပါတယ်"

"ထွီ. . . နိမိတ်မရှိ နမာမရှိနဲ့၊ ဖွဟဲ့. . လွဲပါစေ ပယ်ပါစေ"

ဟု အနီးမှ ထွက်သွားလေသည်။

အချို့အုတ်ဂူလုပ်မည်ဆိုလျှင်တော့ ဦးဘမှန်က ဦးစီးပြီး ကျန်နှစ်ယောက်က ဝိုင်းကူလုပ်ပေးကြရသည်။

"အုတ်ဂူကို လှလှနဲ့ သေသေသပ်သပ် လုပ်ပေးနော်"

"စိတ်ချပါဗျာ. . . အုတ်ဂူကို သဘောကျပြီး နောက်က လူတွေ လိုက်သေချင်လောက်အောင်ကို လက်စွမ်းပြ လုပ်ပေးပါမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာဗျာ"

လာပြောသူမှာ နောက်ထပ်တစ်ခွန်းမှ ထပ်မပြောဝံ့တော့ဘဲ ထိုနေရာမှ ကပျာကယာ ထွက်သွားလေသည်။

အချို့ကလည်း အလောင်းကို အုတ်ဂူအတွင်း ထည့်လိုက်ပြီးနောက်မှာပင် စိတ်မချသောကြောင့် ထိုင်စောင့်ကာ ကြည့်တတ်ကြသည်။

သူဘရာဇာများက အလောင်းမှာ ဝတ်ဆင်ပေးလိုက်သော လက်ဝတ်ရတနာနှင့် အဝတ်အစားများကို ချွတ်ယူမည်စိုးသောကြောင့်ဖြစ်သည်။

ထိုအခါ ဦးဘမှန်ကလည်း အုတ်ဂူပေါက်ဝက အလျင်အမြန် ပိတ်လိုက်လေသည်။

အုတ်ဂူတစ်လုံး၏တန်ဖိုးမှာ (၂၅)ကျပ်ဖြစ်ပြီး လက်ခက (၁၅)ကျပ်ပေးရသည်။

အုတ်ဂူတစ်လုံး လုပ်လျှင် ငွေလေးငါးဆယ်ခန့် ကုန်သောကြောင့် အချို့မှာ အုတ်ဂူလုပ်ရန် မတတ်နိုင်ကြပေ။

အုတ်ဂူပိတ်ပြီးသောအခါမှ စောင့်ကြည့်နေသူများက ပြန်သွားလေသည်။

ထိုအခါ ဦးဘမှန်က ပိတ်ထားသော အုတ်ဂူအပေါက်ဝကို လက်ဖြင့် အသာတွန်းလိုက်ရာ ပြိုကျသွားလေတော့သည်။

"ကိုဘမှန်. . . လုပ်ပြီးသားတွေ ဘာကြောင့် ဖြိုလိုက်တာလဲဗျ၊ ဟိုမှာ အပေါက်ကြီးတွေ ဖြစ်သွားပြီ"

"စောစောက ကျုပ်တို့ လုပ်နေတာကို မယုံသင်္ကာနဲ့





စောင့်ကြည့်နေလို့ ဘိလပ်မြေ နည်းနည်းထည့်ပြီး ပိတ်လိုက်တာလေ၊ အခုတော့ အထဲမှာ ရှိတဲ့ပစ္စည်းတွေ ကြိုက်သလို ယူလို့ရပြီမဟုတ်လား"

ထိုစကားကြားသောအခါ ကျန်နှစ်ယောက်က အံ့သြနေကြသည်။

ဦးဘမှန်အနေနှင့် တစ်ကြိမ်တစ်ခါမှ မသာမှ ပစ္စည်းများကို ယူလေ့မရှိပေ။

"ကျုပ်က အထဲက ပစ္စည်းတွေ ယူဖို့ မဟုတ်ပါဘူးဗျာ၊ ထိုင်ကြည့်နေတဲ့လူတွေ မြန်မြန်ပြန်အောင်လို့ ဖြစ်သလို လုပ်လိုက်တာပါ။ ညဘက်ရောက်မှပဲ ကျုပ်တို့သုံးယောက် ဖြေးဖြေးပိတ်တာပေါ့။

တကယ်တော့ လူတွေက အားလုံးကို မယုံတဲ့စိတ်နဲ့ပဲကြည့်ရင်းနဲ့ သူတို့တတွေ အလိမ်ခံနေရတယ်ဆိုတာ မသိရှာကြဘူးပေါ့ဗျာ"

ဟု ကွမ်းတံတွေးများကို အုတ်ဂူအတွင်းရှိ အလောင်း၏ခြေထောက်ပေါ်သို့ ထွေးချလိုက်သည်။

"ဟေ့လူ. . . ဘာလုပ်ပြန်ပြီလဲ"

"ဒီအုတ်ဂူကို အခြားလူတွေရဲ့ညွှန်ကြားချက် မပါဘဲ ကျုပ်သဘောနဲ့ကျုပ် လုပ်ခဲ့တယ်ဆိုတဲ့ အမှတ်အသား လုပ်တာပါဗျာ၊ ကိုင်း. . . အုတ်ဂူအပေါက်ဝကို ပြန်ပိတ်လိုက်ကြစို့ရဲ့"

ဟု ပြောကာ နောက်ထပ် အင်္ဂတေအသစ်များ ပြန်စပ်ကာ အုတ်ဂူပေါက်ကို ပြန်ပိတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကြံတောသင်္ချိုင်းအတွင်းသို့ လူတစ်စု ဝင်ရောက်လာကြလေသည်။

စုစုပေါင်း ဆယ်ယောက်ခန့်ရှိပြီး အားလုံး လူဆိုးလူမိုက်ရုပ် ပေါက်နေသူများဖြစ်သည်။

၎င်းတို့နှင့်အတူ အဝတ်ဟောင်းများဖြင့် ပတ်ထားသည့် လူသေအလောင်းတစ်လောင်းလည်း ပါလာလေသည်။

ပတ်ထားသောအဝတ်များမှာ သွေးများ စို့ရွှဲနေသောကြောင့် မကြာသေးမီက သေဆုံးထားသောအလောင်းဖြစ်မှန်း သိနိုင်လေသည်။

၎င်းတို့ ရောက်လာသောအချိန်မှာ ညဆယ်နာရီအချိန်ခန့် ရှိနေချေပြီ။

မေလကတည်းက အရှိန်ယူနေသော မုတ်သုံမိုးသည် ဇွန်လဆန်း ရောက်သောအခါ ပင်လယ်ကမ်းခြေနှင့် နီးသော ရန်ကုန်မြို့တဝိုက်သို့ မိုးပုဝါဖြင့် ခြုံလွှမ်းစပြုထားခဲ့လေပြီ။

ယခုလည်း ညဦးပိုင်းကတည်းက တဖွဲဖွဲ ရွာသွန်းလျက်ရှိသောမိုးစက်မိုးပေါက်များသည် ညဆယ်နာရီအချိန် ကျော်လွန်သည်အထိ မစဲသေးဘဲ ရွာမြဲရွာနေဆဲပင် ရှိသေး၏။

မိုးနှင့်အတူ လေကပါ ပါလာသောကြောင့် ကြံတောသင်္ချိုင်းတဝိုက်ရှိ သစ်ပင်ကြီးငယ်တို့မှာ ယိမ်းထိုးလှုပ်ရှားလျက်ရှိနေကြသည်။

ထိုနေရာတဝိုက်တွင် လမ်းမီးတိုင်အချို့ ရှိသည်ဆိုသော်လည်း မီးရောင်က မှုန်ပျပျကလေးသာရှိသည်။





အချို့မီးတိုင်များမှာ မီးလုံးများ ကျွမ်းနေသောကြောင့် အမှောင်ရိပ်များ ဖုံးနေလေသည်။

ထိုအချိန်မှာ အမှောင်ရိပ်အတွင်းမှ ယိမ်းထိုးလှုပ်ရှားနေသော သစ်ပင်ကြီးငယ်တို့မှာ မကောင်းဆိုးဝါးသဘက်ကဲ့သို့ ရှိနေလေသည်။

အလောင်းတစ်လောင်းကို သယ်ယူသော လူတစ်စုသည် သင်္ချိုင်းအတွင်းရှိ ဇရပ်အနီးသို့ ရောက်သောအခါ လူသေအလောင်းကို အုတ်ဂူတစ်ဂူပေါ် တင်ပြီး တစ်ယောက်က အသံကျယ်ကျယ်နှင့် လှမ်းအော်လိုက်သည်။

"ဒီသင်္ချိုင်းထဲမှာ စောင့်တဲ့ သုဘရာဇာတွေ မရှိကြဘူးလားဟေ့"

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်၌ ၎င်းအော်သံက ပဲ့တင်ထပ်သွားလေသည်။

အတန်ကြာသည်အထိ စောင့်သော်လည်း တုံ့ပြန်သံ မကြားရပေ။

ဇရပ်ဘက် လှမ်းကြည့်လိုက်တော့လည်း အမှောင်ရိပ်များ ဖုံးနေလေသည်။

"ဟေ့. . . ဒီက သင်္ချိုင်းစောင့်တွေ ဘယ်ရောက်ကုန်ကြပြီလဲဟ"

နောက်တစ်ကြိမ် လှမ်းအော်လိုက်သောအခါမှ ဇရပ်ပေါ်မှ မီးရောင်တစ်ချက် လက်လာလေသည်။

ခဏကြာတော့ ဇရပ်ပေါ်မှ ရေနံဆီမီးအိမ်တစ်လုံးကိုင်



www.burmeseclassic.com

www.burmeseclassic.com

ထားသောလူတစ်ယောက် ဆင်းလာလေသည်။

"ဘာကိစ္စရှိလို့ ဒီလောက်အော်နေရတာလဲ"

"ကိစ္စရှိလို့ပေါ့ဗျ. . . ခင်ဗျားက ဒီသင်္ချိုင်းက သုဘရာဇာလား"

"ဟုတ်တယ်. . . ငါ ကြံ့တောသင်္ချိုင်းက သုဘရာဇာ ဘမှန်ပဲ"

လှမ်းကြည့်လိုက်တော့ လက်တစ်ဖက်က မီးအိမ်ဆွဲထားပြီး ကျန်တစ်ဖက်က တုတ်ရှည်တစ်ချောင်း ကိုင်ထားသော သုဘရာဇာ ဦးဘမှန်ကို တွေ့ကြရသည်။

"ကဲ. . ဒီလိုဆိုရင် ကျုပ်တို့မှာ အလောင်းတစ်လောင်း ပါလာတယ်၊ မြေမြှုပ်ပေးပါ။ ဒီမှာ မြေမြှုပ်ခအတွက် ငွေတစ်ဆယ်"

ရှေ့မှ ခေါင်းဆောင်ဖြစ်ဟန်တူသူက အိတ်ကပ်အတွင်းမှ ငွေတစ်ဆယ်တန်တစ်ရွက်ကို ထုတ်၍လှမ်းပေးသော်လည်း ဦးဘမှန်က မယူပေ။

"ဘာဖြစ်လို့ မယူတာလဲ. . . နည်းလို့လား၊ ဒီလိုဆိုရင် နောက်ထပ်ငါးကျပ် တိုးပေးမယ်ဗျာ၊ မြန်မြန်လေးသာ မြှုပ်ပေးစမ်းပါ"

"မင်း မြှုပ်ခိုင်းတိုင်း ငါမြှုပ်မပေးနိုင်ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ဒါ လူသေမြှုပ်တဲ့သင်္ချိုင်း မဟုတ်ဘူးလား"

"သင်္ချိုင်းမြေတော့ ဟုတ်တယ်၊ အင်္ဂလိပ်အစိုးရမင်းတွေ





က မြေပုတ်အဖြစ် သတ်မှတ်ပေးထားတဲ့ သင်္ချိုင်းမြေပါပဲ၊ ဒါပေမယ့် လူသေအလောင်းကို ဒီအတိုင်းတော့ မြှုပ်လို့မရဘူးကွ၊ ဘယ်လိုသေတယ်၊ ဘာကြောင့် သေတယ်ဆိုတာ သိရမှ မြှုပ်ပေးလို့ရမှာပေါ့။ တကယ်လို့ မင်းတို့က လူတစ်ယောက်ကို အကြောင်းမဲ့ သတ်လာပြီး ခြေစဖျောက်တဲ့အနေနဲ့ ဒီမှာ လာမြှုပ်ပေးလိုက်ရင် ငါတို့ပါ ကြံ့ရာပါဖြစ်မှာပေါ့ကွ"

ဦးဘမှန်စကားကြောင့် ရှေ့ဆုံးမှ ရပ်နေသူမှာ ဒေါပွသွားဟန်ရှိလေသည်။

"ခင်ဗျား ဘာစကားတွေ ပြောနေတာလဲ၊ သုဘရာဇာဆိုတာ လူသေအလောင်း ရောက်လာရင် မြေမြှုပ်ပေးရမယ့် အလုပ်ပဲ ရှိတာ၊ အခုတော့ ပုလိပ်စစ် လာစစ်နေတယ်၊

ခင်ဗျား ကျုပ်အကြောင်းကို မသိသေးလို့ ဒီစကားမျိုး ပြောဝံ့တာ ဖြစ်မယ်ထင်တယ်၊

မကြားဖူးသေးရင် မှတ်ထားလိုက်၊ ကျုပ်နာမည်က ဓါးဘိုးထင်လို့ ခေါ်တယ်၊ တရုတ်တန်းနဲ့ သံဈေးတဝိုက်မှာ ကျုပ်ကို မသိတဲ့လူ မရှိဘူး"

ဟု အသံမာမာဖြင့် ပြောကာ ကုတ်အင်္ကျီကို လက်ဖြင့်ဖယ်၍ ခါးထောက်လိုက်ရာ ခါးကြားမှာ စိုက်ထားသော ဓါးမြှောင်ကို အတိုင်းသား မြင်ရသည်။

သို့စေကာမူ သုဘရာဇာဘမှန်ကတော့ ဂရုစိုက်ဟန်မတူဘဲ ကွမ်းဝါးမြဲ ဝါးနေလေသည်။

"လမ်းမတော်နဲ့ သံဈေးတဝိုက်မှာ ဓါးဘိုးထင်နာမည်


www.burmeseclassic.com

www.burmeseclassic.com



တော့ ငါမကြားဖူးဘူး၊ လမ်းမတော်ဖိုးတုတ်ဆိုတာ ငါ့မိတ်ဆွေပဲ"

ခါးဘိုးထင်ဆိုသူမှာ လမ်းမတော်ဖိုးတုတ်နာမည် ကြားသောအခါ အနည်းငယ် တွန့်သွားလေသည်။

သို့သော် သုဘရာဇာတစ်ယောက်က လမ်းမတော် ဖိုးတုတ်လို နာမည်ကြီးလူတစ်ယောက်နှင့် အသိမိတ်ဆွေဖြစ်သည်ဆိုတာကိုတော့ ယုံကြည်ဟန် မရှိပေ။

ခါးဘိုးထင်က တပည့်များရှေ့တွင် ယခုကဲ့သို့ မခန့်လေးစား အပြောခံရသဖြင့် ရှက်လည်းရှက် ဒေါသလည်း ဖြစ်သွားသောကြောင့် ခါးကြားမှ ဓါးကို ထုတ်ပြီး ဦးဘမှန်ကို ရန်မူရန် ရှေ့သို့ တိုးသွားလေသည်။

သို့တိုင်အောင် ဦးဘမှန်က လက်တစ်ဖက်က တုတ်ရှည်၊ ကျန်တစ်ဖက်က မီးအိမ်ကို ကိုင်ကာ ရပ်မြဲရပ်နေလေသည်။

အနီးသို့ ရောက်သောအခါ ခါးဘိုးထင်က ဦးဘမှန် ဝမ်းဗိုက်ကို ဓါးမြှောင်ဖြင့် ထိုးစိုက်ချလိုက်သည်။

ဓါးဝင်လာသည်နှင့် ဦးဘမှန်က နောက်ဖက်သို့ ဘယ်ခြေတစ်လှမ်း ဆုတ်ပေးလိုက်ရာ ဓါးက လွဲသွားပြီး ခါးဘိုးထင်က ရှေ့သို့ ကျုံ့ဝင်လာသည်။

ထိုအခါ ဦးဘမှန်က တုတ်ကိုင်ထားသော လက်တံတောင်ဖြင့် မျက်နှာကို တွတ်လိုက်ရာ ချက်ကောင်းထိသွားသောကြောင့် လူကခြား ဓါးတခြားဖြစ်ကာ အုတ်ဂူများကြားထဲသို့ လဲကျသွားလေသည်။





ကျန်တပည့်များက ၎င်းတို့ဆရာ ခံလိုက်ရသည်ကို မြင်သောအခါ ရန်မူရန် လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။

ဦးဘမှန်က လက်တစ်ဖက်မှာ ကိုင်ထားသော မီးအိမ်ကို အုတ်ဂူတစ်လုံးပေါ် တင်လိုက်သည်။

"မင်းတို့ဆရာကို ထမ်းပြီး အေးအေးဆေးဆေးပြန်ကြ၊ ဒီထက်လွန်လာရင် တစ်ယောက်မှ မထနိုင်အောင် ရိုက်ပစ်လိုက်မယ်"

ဟု အသံကျယ်ကျယ်ဖြင့် ကြိမ်းမောင်းကာ လက်ထဲမှ တုတ်ရှည်ကို တဝီးဝီးမြည်အောင် ဝှေ့ယမ်းလိုက်ရာ လူဆိုးလူမိုက် အမည်ခံထားကြသူများမှာ နောက်သို့ ပြန်ဆုတ်သွားကြလေသည်။

"ငါ့အတွက်က လူဆယ်ယောက် လာလည်း တုတ်ဆယ်ချက် ရိုက်ရရုံအပြင် ဘာမှမရှိဘူး၊

မင်းတို့ မြန်မြန်ပြန်ထွက်သွားကြစမ်း"

ဟု အော်လိုက်သောအခါ ထိုလူများမှာ တစ်ယောက်မှ ရန်မမူဝံ့တော့ဘဲ လဲကျနေသော ခါးဘိုးထင်ဆိုသူကို ဝိုင်းဝန်းပွေ့ယူ၍ သင်္ချိုင်းအတွင်းမှ ပြန်ထွက်သွားလေတော့သည်။

၎င်းတို့ သယ်ယူလာသောအလောင်းကတော့ အုတ်ဂူပေါ်မှာ ဒီအတိုင်း ကျန်ခဲ့လေတော့သည်။

မိုးက မစဲသေးဘဲ တဖွဲဖွဲ ရွာနေဆဲပင်၊ ထို့အတူ အမှောင်များကလည်း ပတ်ဝန်းကျင်တဝိုက်ကို ဖုံးလွှမ်းထားဆဲပင် ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကြံတောသချိုင်းအတွင်းမှာ ပကတိအတိုင်း ပြန်လည်ငြိမ်သက်သွားလေသည်။







## အခန်း(၂)

# မှန်ကင်းစံနှင့် လမ်းမတော်မိုးတုတ်

လူဆိုးများ ပြန်ထွက်သွားပြီး အတန်ကြာသောအခါမှ ဇရပ်ပေါ်မှ ဦးဘကင်းနှင့် ဦးဘစံတို့ ဆင်းလာကြသည်။ ၎င်းတို့သည် မိုးကာစများကို ခေါင်းပေါ်မှာ ခြုံလာသောကြောင့် ရုတ်တရက် ကြည့်လျှင် မကောင်းဆိုးဝါးကြီးများနှင့်ပင် တူနေတော့သည်။

"မိုးလေး တစိမ့်စိမ့် ကျနေလို့ ကျကျနန အိပ်မလား စိတ်ကူးပါတယ်၊ ဆူဆူညံညံနဲ့ ဘယ်က လူတွေလဲ ကိုဘစံ"

"ဓါးဘိုးထင်နဲ့ သူ့လူတွေပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မတော်ကြီး ဘာလာလုပ်ကြတာလဲ"

"မသာ လာပို့ကြတာတဲ့"

ဦးဘမှန်က တိုတိုတုတ်တုတ်ပင် ပြန်ဖြေလိုက်သည်။

"တန်တော့ ဒီလူတွေ လူတစ်ယောက်ကို လက်လွန်ခြေလွန် သတ်မိတာနဲ့ ဟန်မပျက် သင်္ချိုင်းကို လာပို့ကြတာ ဖြစ်မယ်၊ အခု ဘယ်ရောက်ကုန်ပြီလဲ"

"ကျုပ်ရိုက်ထုတ်တာနဲ့ ထွက်ပြေးကုန်ကြပြီ"

ထိုစကားကြားသောအခါ ကျန်နှစ်ယောက်က ရယ်လိုက်ကြသည်။ ဦးဘမှန်လက်ထဲမှာ တုတ်ရှည်တစ်ချောင်းသာ ရှိပါက လူဘယ်နှစ်ယောက်ပဲ လာပါစေ မမှုလောက်သည့်ပညာ ရှိသည်ကို ကျန်နှစ်ယောက်က သိထားသောကြောင့်ဖြစ်သည်။

"ဒါထက် သူတို့ သယ်လာတဲ့အလောင်းရောဗျ"

"ဟိုအုတ်ဂူပေါ်မှာ တင်ထားခဲ့ကြတယ်၊ လာဗျာ. . . သွားကြည့်ကြရအောင်"

ဟု ပြောကာ သုံးယောက်သား အလောင်းတင်ထားသော အုတ်ဂူရှိရာသို့ လာခဲ့ကြသည်။

ဦးဘမှန်က မီးအိမ်ကို ယူလာသောကြောင့် အလင်းရောင်ကတော့ အတန်အသင့် ရနေလေသည်။

အုတ်ဂူပေါ်မှာတော့ အဝတ်ဟောင်းဖြင့် ပတ်ထားသော အလောင်းတစ်လောင်း ရှိနေသည်။

သွေးများက အဝတ်စများမှ စိမ့်ထွက်နေပြီး မိုးရေစက်များနှင့် ရောနှောကာ အောက်သို့ စီးကျနေလေသည်။





ဦးဘကင်းက အလောင်း၌ ပတ်ထားသော အဝတ်စများကို ဖယ်လိုက်ရာ အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိသော လူတစ်ယောက်ကို တွေ့ရလေသည်။

ဦးခေါင်းနှင့် ကိုယ်ပေါ်မှ သွေးများ ထွက်နေလေသည်။

ဦးဘမှန်က မီးအိမ်ကို မြှောက်ပြီး သေဆုံးသူကိုယ်ပေါ်မှ ဒဏ်ရာများကို အသေအချာ ကြည့်နေလေသည်။

"ခေါင်းကို တုတ်နဲ့ အရင်ရိုက်ပြီးမှ ဓါးနဲ့ ထိုးသတ်ပုံရတယ်၊ ကြည့်ရတာတော့ ရန်ငြိုးရန်စ မရှိဘဲ မသေ,သေအောင် သတ်လိုက်ကြပုံရတယ်"

ဟု ဦးဘမှန်က မှတ်ချက်ချသည်။

ထို့နောက် ဦးဘစံက အနားကပ်လာပြီးနောက် သေဆုံးနေသောအလောင်းကို အသေအချာ ငုံ့ကြည့်လေသည်။

ထို့ပြင် စိတ်မသက်သာသော အမူအယာဖြင့် သေဆုံးနေသူ၏တစ်ကိုယ်လုံးကို လက်ဖြင့် စမ်းသပ်ကြည့်သည်။

"ဘာလဲဗျ ကိုဘစံ"

"ဒီလူ မသေသေးဘူးဗျ"

"သေချာရဲ့လားဗျ"

"သေချာပါတယ်. . . ဒီနေရာမှာ ကြာကြာထားရင်သာ သွေးထွက်လွန်တာကတစ်ကြောင်း၊ အအေးမိတာက တစ်ကြောင်းကြောင့် သေသွားနိုင်တယ်ဗျ"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဇရပ်ပေါ် ခေါ်သွားပြီးကုကြည့်တာပေါ့ဗျာ၊ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း အသက်ပြန်ရှင်လာနိုင်တာပေါ့"

ဟု ပြောဆိုကာ သုံးယောက်သား မနိုင်မနင်းဖြင့် မ,ယူကာ ဇရပ်ပေါ် သယ်သွားကြလေသည်။

ဇရပ်ပေါ် ရောက်သောအခါ ရေစိုနေသော အဝတ်အစားများကို ဖယ်ရှားလိုက်သည်။

ဦးဘမှန် ပြောသလိုပင် ဒဏ်ရာက ဦးခေါင်းမှာ ကန့်လန့်ဖြတ် ကွဲနေသောဒဏ်ရာနှင့် ဝမ်းဗိုက်တစ်နေရာတွင် ဓါးဖြင့် ထိုးသွင်းထားသောဒဏ်ရာတို့ကို တွေ့ရသည်။ သို့ကြောင့် ဦးစွာ ရေနှင့် သွေးများကို စင်ကြယ်အောင် သုတ်ပြီး ဦးဘစံက ၎င်း၏ ဆေးလွယ်အိတ်အတွင်းမှ ဆေးအချို့ကို ယူကာ ဒဏ်ရာများကို ဆေးထည့်ပေးပြီးနောက် အဝတ်ဟောင်းများဖြင့် ပတ်စည်းပေးလိုက်သည်။

ထိုညက သုံးယောက်စလုံး ပြန်မအိပ်ကြတော့ဘဲ မီးဖိုပေါ်မှာ ရေနွေးကြမ်း တည်၍ လက်ဖက်ခြောက်ခါးခါး ခပ်၍ သောက်ရင်း စကားပြောနေကြလေသည်။

ဦးဘမှန်၊ ဦးဘကင်း၊ ဦးဘစံတို့သုံးယောက်မှာ အသက်အရွယ်အရလည်း မတိမ်းမယိမ်းရှိကြပြီး စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူဖြင့် သုဘရာဇာအလုပ်ကို လုပ်ကိုင်နေကြခြင်းဖြစ်သည်။

၎င်းတို့အကြောင်းကို သိကြသူများကတော့ သူတို့သုံးယောက်ကို 'မှန်ကင်းစံ' အဖွဲ့ဟု ခေါ်ဝေါ်ကြလေသည်။

ရန်ကုန်မြို့ ကြံတောသင်္ချိုင်းအတွင်း၌ရှိသော မှန်ကင်းစံ





အဖွဲ့မှာ အခြားမဟုတ်ဘဲ သုဘရာဇာအဖွဲ့ပင်ဖြစ်၏။

ထိုအဖွဲ့ကို ဦးဘမှန်က ဦးဆောင်ပြီး ဦးဘကင်းက မသာလှည်းဆွဲသောအလုပ် လုပ်ပြီး ဦးဘစံက မြေကျင်းတူးသည့်အလုပ်ကို လုပ်လေသည်။

အုတ်ဂူပြုလုပ်ခြင်းနှင့် အလောင်းမြေမြှုပ်ခြင်းအလုပ်ကိုတော့ သုံးယောက်စလုံး ဝိုင်းဝန်းလုပ်ကြလေသည်။

လူအတော်များများကတော့ အသုဘကိစ္စဖြစ်လာလျှင် ကြံတောသင်္ချိုင်းမှ မှန်ကင်းစံအဖွဲ့ကို ချက်ချင်းသတိရကြပြီး ၎င်းတို့ကို ပုံအပ်လိုက်ပါက အလောင်းသယ်ယူခြင်းနှင့် မြေမြှုပ်ခြင်းကိစ္စများကို ၎င်းတို့သုံးယောက်တည်းနှင့် အဆင်ပြေအောင် လုပ်ကိုင်သွားလေသည်။

သို့သော်လည်း ၎င်းတို့သုံးယောက်မှာ တစ်ယောက်တစ်မျိုးစီ လျှို့ဝှက်ပညာများ တတ်ကျွမ်းကြသည်ကိုတော့ မည်သူကမှ မသိကြပေ။

ယခုလည်း သုံးယောက်စလုံး စိတ်ဝင်စားစွာဖြင့် ကုသပေးလိုက်သောအခါ သေပြီထင်၍ ပစ်ထားခဲ့သောလူမှာ တအင်းအင်း တအဲအဲနှင့် သတိပြန်ရလာလေတော့သည်။

ထိုလူ သတိပြန်ရလာသောအချိန်မှာ နောက်တစ်နေ့ နံနက်ပိုင်းအချိန်ဖြစ်သည်။

သူသည် သတိရလာသောအချိန်တွင် ဦးဘမှန်တို့သုံးယောက်ကို မြင်သောအခါ များစွာထိတ်လန့်ကြောက်ရွံ့နေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်. . ခင်ဗျားတို့က ဘယ်သူတွေလဲ"

၎င်း၏လေသံကြားတော့မှ ဗမာစစ်စစ်တစ်ယောက် မဟုတ်ဘဲ တိုင်းရင်းသားတစ်ယောက်မှန်း သိကြရလေတော့သည်။

"မကြောက်ပါနဲ့ကွယ်. . . ကျုပ်တို့က မင်းကို ရန်ပြုမယ့် သူတွေ မဟုတ်ပါဘူး"

ဦးဘမှန်က ညက အဖြစ်အပျက်များကို အကျဉ်းချုပ်ကာ ပြောပြလိုက်သည်။

ဒီတော့မှ စိတ်ချလက်ချ ဖြစ်သွားဟန်ရှိလေသည်။

"ကျေးဇူးတင်လိုက်တာဗျာ. . . အဘတို့သာ မကယ်ရင် အခုလောက်ဆိုရင် ကျွန်တော်တော့ သေရမှာ အမှန်ပါပဲ"

"ဒါထက် မောင်က တိုင်းရင်းသားတစ်ယောက် မှတ်တယ်၊ ရန်ကုန်ကတော့ ဟုတ်တန်မတူဘူး"

"မှန်ပါတယ်ခင်ဗျာ. . . ကျွန်တော်က ရှမ်းတိုင်းရင်းသား တစ်ယောက်ပါ၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ နေပါတယ်"

"မင်းကို လူဆိုးလူမိုက်တွေက ဘာကြောင့် ရန်ရှာကြတာလဲ၊ ဧကန္တတော့ ရန်ကုန်ကို မယောင်မလယ် ရောက်လာတုန်း လမ်းမတော်တဝိုက်က လူမိုက်တွေနဲ့ တွေ့ပြီး ပါလာတဲ့ ပစ္စည်းတွေလည်းယူ၊ လူကိုလည်း အသက်အန္တရာယ်ပြုလိုက်ကြတယ် ထင်ပါရဲ့"

"အမှန်ပါပဲဗျာ. . . ဒီအတိုင်းပါပဲ"

ထိုလူက စကားကို အလိုက်သင့် ပြောလိုက်သော်လည်း





၎င်း၏မျက်နှာအမူအယာမှာ တစ်စုံတစ်ခုကို လျှို့ဝှက်ထားဟန်ရှိလေသည်။

"ဒီလိုဖြင့် ပုလိပ်အကြောင်းကြားချင်သပ ဆိုရင်လည်း ကမာရွတ်ဂါတ်တဲ သွားပြီး အကြောင်းကြားလို့ရတယ်၊ ဘယ်လိုသဘောရသလဲ မောင်ရင်"

"အကြောင်းမကြားတော့ပါဘူးဗျာ၊ ပုလိပ်ကိုအကြောင်းကြားလို့လည်း ဖြစ်မှာမဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ မောင်ရင့်ခေါင်းနဲ့ကိုယ်ပေါ်မှာ ရထားတဲ့ဒဏ်ရာတွေက ဒီအတိုင်း ထားလို့မရတော့ဘူး၊ ဆက်ပြီးကုမှ ရမှာဆိုတော့ ဆေးရုံသွားလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အသိမိတ်ဆွေဆီမှာ တည်းပြီးပဲဖြစ်ဖြစ် ကုမှဖြစ်မယ်"

"ကျွန်တော့်မှာ ရန်ကုန်မှာ အသိအကျွမ်းဆိုလို့ တစ်ယောက်မှ မရှိပါဘူး"

"ဟို. . ဘုန်းကြီးကျောင်းလေးဘာလေး"

"အဲဒါလည်း မရှိပါဘူးဗျာ"

ထိုစကားကြားသောအခါ ဦးဘမှန်၊ ဦးဘကင်းနှင့် ဦးဘစံတို့ မှန်ကင်းစံသုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

နံနက်ပိုင်းအချိန် မိုးက စဲသွားပြီဖြစ်သောကြောင့် အရှေ့ဘက်မှ အလင်းရောင်ကလေးများပင် ပေါ်ထွက်စပြုလာချေပြီ။ သို့စေကာမူ ကြံတောတဝိုက်မှာ သစ်ပင်ကြီးငယ်တို့ ထူထပ်စွာ ပေါက်နေသောကြောင့် အလင်းရောင်ကို ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရသေးပေ။

နံနက်ပိုင်းအချိန်မို့ အသုဘ ပို့မည်လူများ မရောက်လာသေးသည့်အချိန်ဖြစ်သောကြောင့် သင်္ချိုင်းဝန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

ပြည်လမ်းဘက်မှ ဖြတ်မောင်းသွားသော ကားကြီးများ၏စက်သံနှင့် ကြည့်မြင်တိုင်ဘက်မှ သွားသော မြို့ပတ်ရထားဥဩဆွဲသံတို့သာ တစ်ခါတစ်ရံ ပေါ်ထွက်လာလေသည်။

"မင်းကြည့်ရတာ မအူမလည်နဲ့ ရန်ကုန်ဆင်းလာပြီးလူဆိုးတွေနဲ့ တွေ့လို့ အခုလို သေလုမျောပါး ခံလိုက်ရတာဖြစ်မယ်၊ ကဲ. . . ဒီတော့ ဘယ်လိုလုပ်ရမလဲ၊

ငါတို့ နေတာကလည်း မင်းအမြင်ပဲ၊ သုသာန်ဇရပ်ပေါ်မှာ၊ မင်းကို ခေါ်ထားလို့လည်း မင်းက နေနိုင်မှာ မဟုတ်ဘူး၊ တကယ်လို့ ရှမ်းပြည်နယ် ပြန်မယ်ဆိုရင်လည်း စရိတ်ကလေးဘာလေး ထောက်တန် ထောက်လိုက်ရရဲ့၊ ဒါပေမယ့် မင်းဒဏ်ရာအခြေအနေနဲ့ အခုချက်ချင်း ပြန်လို့ရမယ် မထင်သေးဘူး"

ဦးဘမှန်တို့သုံးယောက်မှာ အတော်ကလေး အကျပ်ရိုက်သွားကြဟန်ရှိလေသည်။

သို့ကြောင့် လူနာကို ဇရပ်ပေါ် ထားခဲ့ပြီး သုံးယောက်သား ဇရပ်အောက်သို့ ဆင်းလာပြီး ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြလေသည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ ကိုဘကင်း၊ သူ့ကို ဒီမှာ





ခေါ်ထားလို့တော့ ဘယ်နည်းနဲ့မှ မသင့်တော်ဘူး၊

တော်ကြာ တစ်ယောက်ယောက်က တွေ့သွားပြီး စပ်စုနေရင် ခက်လိမ့်မယ်"

"ဟုတ်တယ်ဗျ. . . အသုဘ ပို့တဲ့လူတွေထဲမှာ ပုလိပ်တွေ ပါလာရင် မေးလားမြန်းလား လုပ်မှာ သေချာတယ်"

"ဒါတင် ဘယ်ကမှာလဲ၊ ညက လာပို့သွားတဲ့ ခါးဘိုးထင်တို့က သူမသေသေးမှန်း သိရင် ထပ်ပြီးရန်ရှာကြမှာပေါ့ဗျ"

ဟု အချင်းချင်း တိုင်ပင်ကြရာ အတန်ကြာသောအခါမှ အဖြေတစ်ခု ရကြလေသည်။

အခြားမဟုတ်ပေ. . .။

ဗားဂရာ ကြံတောကံရှာ သင်္ချိုင်းနားတွင် နေထိုင်သော ဆေးဆရာကြီး ဦးဗန်ကောင်းကို အကူအညီတောင်းရန်ပင်ဖြစ်၏။

နေ့လည်ချိန်ရောက်လာသောအခါ အသုဘချသူများ တသုဝ-ပြီးတသုတ် ရောက်လာကြရာ ဒဏ်ရာရထားသော ရှမ်းလူရွယ်ကို တစ်နေရာ၌ သွားရောက်ဝှက်ထားရသည်။

ညနေပိုင်း မိုးချုပ်ခါနီးမှ အသုဘပို့သူများ စဲသွားတော့သည်။ မှောင်စပျိုးသောအချိန်တွင် ဦးဘကင်းနှင့်ဦးဘစံတို့ နှစ်ယောက်က ဒဏ်ရာရနေသော ရှမ်းလူရွယ်ကို တစ်ဖက်တစ်ချက်တွဲကာ သင်္ချိုင်းအတွင်း၌ ဦးဘမှန်တစ်ယောက်တည်းသာ ကျန်ခဲ့လေသည်။

သူသည် ဇရပ်အောက်၌ မီးပုံတစ်ပုံ ဖိုထားပြီး ဇရပ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

သို့ တက်အိပ်နေလေသည်။

ညဦးပိုင်းအချိန်ရောက်လာသောအခါ ထုံးစံအတိုင်း မိုးက တဖွဲဖွဲ ရွာချလာသည်။

ထိုအခိုက်မှာပင် သချိုင်းအတွင်းသို့ လူတစ်စု ဝင်လာလေသည်။ အားလုံး မိုးကာများကို ခြုံထားပြီး ဦးထုပ်များကို ခပ်ငိုက်ငိုက် ဆောင်းထားသောကြောင့် ဘယ်သူဘယ်ဝါမှန်း မသိနိုင်ပေ၊ အားလုံး ငါးယောက်ဖြစ်သည်။

ဇရပ်ပေါ် ရောက်သောအခါမှ မိုးကာအတွင်းမှာ ဝှက်ယူလာသော လက်နက်များကို ထုတ်လိုက်ကြသည်။ ဇရပ်အလယ်လောက်မှာတော့ လူတစ်ယောက် စောင်ခေါင်းမြီးခြုံကာ အိပ်ပျော်နေဟန်ရှိသည်။

"ဒီဇရပ်မှာ နေတာ သုံးယောက်မဟုတ်လား"

"ဟုတ်တယ်"

"ကျန်တဲ့နှစ်ယောက်က ဘယ်မှာလဲ"

"မသိဘူး"

ဇရပ်ပေါ် တက်လာသူများက တစ်ယောက်နှင့်တစ်ယောက် လေသံတိုးတိုးနှင့် ပြောဆိုနေကြသည်။

"ကြာပါတယ်ကွာ. . . မှတ်လောက်သားလောက် ဖြစ်သွားအောင် တွေ့တဲ့တစ်ယောက်ကိုပဲ သတ်သွားကြမယ်"

ဟု ပြောကာ တစ်ယောက်က ခြေသံမကြားအောင် အနားကပ်သွားပြီး အိပ်နေသူကို ဓါးရှည်ဖြင့် စိုက်ချလိုက်သည်။

"ဒုတ်. ."





"ဟင်. ."

မသင်္ကာသဖြင့် ခြုံထားသောစောင်ကို ဆွဲဖယ်လိုက်သောအခါ လူမဟုတ်ဘဲ ငှက်ပျောတုံးတစ်တုံးကို စောင်ဖြင့် ဖုံးထားခြင်း ဖြစ်လေသည်။

ထိုအခိုက်မှာပင် အုတ်ဂူနှစ်လုံးကြားထဲမှ မည်းမည်း သဏ္ဌာန်ကြီး ထ,လာပြီး ဇရပ်ပေါ် သို့ လွှားကနဲ ခုန်တက်လာသည်။

လူသတ်သမားငါးယောက်မှာ မမျှော်လင့်ပဲ ရောက်လာသောရန်သူကို လှည့်ကြည့်လိုက်ရာ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားသောလူတစ်ယောက်ဖြစ်ပြီး ၎င်းလက်ထဲမှာ တုတ်ရှည်တစ်ချောင်း ကိုင်ထားသည်။

ထိုအခါ လူနှစ်ယောက်က ဓါးဖြင့် ပြေးခုတ်သည်။

လက်ဝဲဘက်မှ ဝင်လာသောဓါးချက်ကို တုတ်ဖြင့် ခံ၍ ဝှေ့ယမ်းကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်ပြီး ညာဘက်မှ ဝင်လာသူ၏ရင်ဝကို တုတ်ဖြင့် ဆီးထောက်လိုက်သည်။

"ဒုတ်. ."

"အင်. ."

ဝင်လာသောအရှိန်နှင့် တုတ်ထောက်ချက်က ပြင်းသောကြောင့် မရှုနိုင်မကယ်နိုင်ဖြစ်ကာ ခွေကျသွားသည်။

ထိုတုတ်ဖျားနှင့်ပင် ဟန်ချက်ပျက်ပြီး အရှိန်လွန်သွားသော ရန်သူ၏နောက်စေ့ကို ဖြတ်ရိုက်ရာ ချက်ကောင်းကို ထိပြီး လဲကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကို မြင်တော့ ကျန်သုံးယောက်မှာ တစ်ယောက်ချင်း မဝင်ဝံ့တော့ဘဲ သုံးယောက်တပြိုင်နက် ဝင်၍ တိုက်ခိုက်ကြလေသည်။

တုတ်ရှည်သမားကလည်း ရန်သူသုံးယောက် ဖြစ်လင့်ကစား လုံးဝမမှုပဲ တုတ်ရှည်ကို အသုံးပြု၍ တိုက်ခိုက်ရာ တုတ်သံ၊ ဓါးသံများ ဆူညံနေတော့သည်။

တုတ်ရှည်သမား အသုံးပြုနေသော တိုက်ကွက်များမှာ သာမန်မဟုတ်ဘဲ ဗန်ရှည် ခေါ် လက်နက်ကိုင် သိုင်းအတတ်ပညာပင် ဖြစ်လေရာ ရန်သူသုံးယောက်မှာ ၎င်း၏တုတ်ရှည် တိုက်ကွက်အောက်မှာ မရှုမလှ ခံကြရပြီးနောက် တစ်ယောက် လဲကျသွားပြီး ကျန်နှစ်ယောက်မှာ ဇရပ်အောက်သို့ ခုန်ချကာ ထွက်ပြေးကြတော့သည်။

သို့သော်လည်း ဝေးဝေးရောက်အောင်တော့ မပြေးနိုင်ကြတော့ပေ၊ ၎င်းတို့ပြေးရာလမ်းရှိ အုတ်ဂူနှစ်လုံးကြားမှ နောက်ထပ် မည်းမည်းသဏ္ဌာန်တစ်ယောက် ထလာပြီး ဝင်ရောက်တိုက်ခိုက်ရာ လူသတ်သမားနှစ်ယောက်စလုံး အုတ်ဂူကြား၌ လဲကျသွားလေတော့သည်။

ထိုအခါမှ အဝတ်မည်း ခြုံထားသည့် လူနှစ်ယောက်တို့မှာ ဇရပ်ပေါ်မှာ ပြန်ဆုံကြပြီး ခေါင်းပေါ်မှာ ခြုံထားသည့် အဝတ်များကို ဆွဲဖယ်လိုက်ကြသည်။

ဇရပ်ပေါ်မှာ လူသုံးယောက်ကို တိုက်ခိုက်သူမှာ ကမာရွတ်ဂါတ်တဲမှ စုံထောက်ကျော်စွာဖြစ်ပြီး အုတ်ဂူများကြားမှ





ထလာသူမှာ သုဘရာဇာ ဦးဘမှန်ပင်ဖြစ်ပေသည်။

"ဘယ်လိုလဲ မောင်ကျော်စွာ၊ တယ်လည်း လက်သံပြောင်လိုက်ပါလား၊ မောင်ရင်ရဲ့တုတ်သံကို နားထောင်ရတာ ဝါးရုံတော မီးလောင်တဲ့အတိုင်းပါလား"

စုံထောက်ကျော်စွာက သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး အကျႌအိတ်အတွင်းမှ ကပ္ပိတန် စီးကရက်ဗူးကို ထုတ်ကာ တဲ့လိပ်ယူပြီး မီးခြစ်ဖြင့် မီးညှိဖွာလိုက်သည်။

"အဘကလည်းဗျာ. . . ဒီလောက်မြှောက်ပြောမနေပါနဲ့၊ ဒီပညာတွေက အဘသင်ပေးလို့ ဒီလောက်တတ်နေတာပါ၊ ဒါထက် ဒီလူတွေက လမ်းမတော်တဝိုက်မှာ မင်းမူကျက်စားနေတဲ့ လူဆိုးလူမိုက်တွေ မဟုတ်လား"

"ဟုတ်တာပေါ့. . . မနေ့ညတုန်းက လူတစ်ယောက်ကို တုတ်နဲ့ရိုက်၊ ဓါးနဲ့ ထိုးသတ်ပြီး သင်္ချိုင်းမှာ လာမြှုပ်ခိုင်းကြတယ်လေ၊ ကျုပ်က မမြှုပ်ပေးလို့ ရန်မူတာနဲ့ နည်းနည်းဆုံးမပေးလိုက်ရသေးတယ်၊

အဲဒါကြောင့် ရန်ငြိုးဖွဲ့ပြီး ဒီည လာပြီးသတ်ဖို့ ကြိုးစားကြတာပဲ"

"ကျွန်တော်လည်း အဘ အကြောင်းကြားလို့ စောင့်နေတာ၊ အခုတော့ အလိုရှိတဲ့ လူဆိုးလူမိုက်တွေကို ဖမ်းမိလိုက်တာပေါ့၊ အဘကို ကျေးဇူးတင်ရမှာပဲ"

"ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ ဒါထက် သူတို့ကို ဘာကြောင့် အလိုရှိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က လမ်းမတော် တရုတ်တန်းတဝိုက်မှာ ကြီးစိုးမင်းမူနေတဲ့ ဦးဒီပရဲ့တပည့်လက်သားတွေပဲ၊ ကျွန်တော်တို့ပုလိပ်အဖွဲ့က ဦးဒီပကို အလိုရှိနေကြပေမယ့် အခုထက်ထိ လက်ဆုပ်လက်ကိုင်နဲ့ မမိသေးလို့ ကြိုးရှည်ရှည်နဲ့ လှန်ထားရတဲ့သဘောပါပဲ၊ အခု သူ့ရဲ့လက်အောက် အဆွယ်အပွားတွေကို မိပြီဆိုတော့ သိတန်သလောက် သိရအောင် စစ်မေးရမှာပဲ"

"မောင်ကျော်စွာရယ်. . . လမ်းမတော်တဝိုက်မှာ စုံစမ်းချင်တဲ့အကြောင်းရှိရင် လမ်းမတော်ဖိုးတုတ် ရှိနေတာပဲ၊ သူ့ဆီက အကူအညီတောင်းရင် ရနိုင်ပါတယ်"

ထိုစကားကြားသောအခါ စုံထောက်မောင်ကျော်စွာက သောက်လက်စ စီးကရက်ကို မြေပေါ်သို့ ပစ်ချကာ ခြေထောက်ဖြင့် နင်းချေလိုက်လေသည်။

လမ်းမတော်ဖိုးတုတ်ဟု နာမည်တစ်လုံးဖြင့် လူသိများသော ဦးဖိုးတုတ်သည် လမ်းမတော်တွင် နေထိုင်သောကြောင့် လမ်းမတော်ဖိုးတုတ်ဟု လူသိများခဲ့လေသည်။

လမ်းမတော်ဖိုးတုတ် ဟူသောအမည် ကြားလိုက်သည်နှင့် လူဆိုးလူမိုက်တစ်ဦးဟု သိထားကြသည်။

သို့စေကာမူ လမ်းမတော်ဖိုးတုတ်သည် စိတ်ရင်း စေတနာကောင်းပြီး ဘာသာတရား ကိုင်းရှိုင်းသူတစ်ဦးဖြစ်ပေသည်။

သူသည် လူဆိုးလူမိုက်များနှင့် အဆက်အသွယ်ရှိသူဖြစ်သလို နိုင်ငံရေးလောကသားများ၊ အရာရှိအရာခံများနှင့်လည်း အကျွမ်းတဝင်ရှိသူဖြစ်သည်။





ကီလီ၊ လမ်းမတော်၊ သံဈေး၊ ညောင်ပင်လေးဈေး၊ မော်တင်၊ ထော်လီကွေ့၊ လသာ တရုတ်တန်းတဝိုက်မှာ ကျင်လည်ကျက်စားနေသော သူခိုး၊ ဓါးပြ၊ ခါးပိုက်နှိုက်၊ အလစ်သမား၊ လူဆိုးလူမိုက်တို့မှာ အများအားဖြင့် လမ်းမတော်ဖိုးတုတ်၏လက်အောက်ခံများဖြစ်ကြသည်။

ဓါးပြတိုက်၍သော်လည်းကောင်း၊ ခိုး၍သော်လည်းကောင်း၊ ခါးပိုက်နှိုက်၍သော်လည်းကောင်း ရလာသောငွေနှင့် ပစ္စည်းများကို လမ်းမတော်ဖိုးတုတ်ကို အသိပေးရသည်။

လမ်းမတော်ဖိုးတုတ်က ထိုရွှေငွေပစ္စည်းများကို ခွဲဝေပြီး ၎င်းအတွက် တစ်စုယူသည်၊

ထိုသို့ယူပြီးသည်နှင့် အကြောင်းပေါ်လာလျှင် ပုလိပ်အဖမ်းမခံရအောင် နည်းအမျိုးမျိုးနှင့် ကာကွယ်ပေးလေသည်။

လမ်းမတော်ဖိုးတုတ်ဆိုလျှင် ပုလိပ်များကပါ လေးစားကြောက်ရွံ့ကြရသည်။

ထိုကဲ့သို့ အကာအကွယ်ပေးသကဲ့သို့ တစ်ခါတစ်ရံမှာလည်း ပုလိပ်များ ဖမ်းဆီးရန် မတတ်နိုင်သောအမှုမျိုး၊ တရားခံအချို့ကို လမ်းမတော်ဖိုးတုတ် အကူအညီဖြင့် ဖမ်းဆီးနိုင်၊ ဖော်ထုတ်နိုင်သည်လည်း ရှိပေသည်။

ရဲမင်းကြီးဟောင်း ဦးခင်မောင်၏မှတ်တမ်းထဲတွင်. . .

'ကျွန်တော်အုပ်ချုပ်ခဲ့ရသော လမ်းမတော်တိုက်နယ်တွင် ဖြစ်ပျက်ခဲ့သော ရာဇဝတ်မှု အများအပြားတွင် အမှုစစ်အရာရှိများသည် အလိုရှိသောတရားခံများ၊ ရာဇဝတ်ကောင်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုသော်လည်းကောင်း၊ သက်သေခံပစ္စည်းများကိုသော်လည်းကောင်း၊ သက်သေခံ စသည်တို့ကို ဦးဖိုးတုတ်၏အကူအညီဖြင့် ဖော်ထုတ်ရရှိခဲ့ပေသည်'

ဟု ရေးသားဖော်ပြထားသည်။

ကိုလိုနီခေတ်က နိုင်ငံရေးသမားများ မဲများစွာ ရရှိရေးအတွက် လူဆိုးလူမိုက်များ၏အားကို ယူကြရာ လမ်းမတော်ဖိုးတုတ်၏ဩဇာအာဏာလည်း သက်ရောက်ခဲ့ပေသည်။

အချို့ သူခိုး၊ ဓါးပြ၊ ခါးပိုက်နှိုက်တို့မှာ ၎င်းတို့ ရရှိခဲ့သော ရွှေငွေရတနာတို့ကို လမ်းမတော်ဖိုးတုတ်အား အသိမပေးဘဲ လျှို့ဝှက်ထားပါက ပုလိပ်ဖမ်းလျှင်ဖမ်း၊ အဖမ်းမခံရလျှင် လူဆိုးလူမိုက်အချင်းချင်း ရိုက်နှက်သတ်ဖြတ်ခြင်း ခံကြရလေသည်။

ကိုလိုနီခေတ်ကာလက လူဆိုးလူမိုက်ကြီးများမှာ ၎င်းတို့ သတ်မှတ်ထားသော နယ်မြေအတွင်း၌သာ ပြစ်မှုများ ကျူးလွန်ကြရာ အကယ်၍ ထိုနယ်မြေအတွင်း၌ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုနယ်မြေမှ လူမိုက်ခေါင်းဆောင်ကို ခေါ်မေးလိုက်လျှင် အခြေအနေအားလုံးကို သိနိုင်လေသည်။

ထိုခေါင်းဆောင်များက လမ်းမတော်ဖိုးတုတ်ကို အခြေအနေအားလုံး အသိပေးထားကြရာ ပုလိပ်များ ရောက်လာလျှင် အသိပေးတန်တာပေးပြီး အကာအကွယ်ပေးတန်တာလည်း ပေးရလေသည်။

"သူက ကျွန်တော်တို့လို ပုလိပ်ဘက်က လူတွေ သွားမေးရင် သိပ်ပြောချင်တာ မဟုတ်ဘူး အဘရဲ့"





"လမ်းမတော်ဖိုးတုတ်က မင်းထင်သလိုလူမျိုး မဟုတ်ပါဘူးကွာ၊ မှန်တယ်ထင်ရင် အကူအညီပေးတတ်တဲ့လူမျိုးပါ၊ မင်းသွားချင်တယ်ဆိုရင် ကြံတောသချိုင်းက မှန်ကင်းစံ လွှတ်လိုက်တယ်လို့သာ ပြောလိုက်ပါ၊ သိချင်တာတွေ ပြောပြပါလိမ့်မယ်"

ဟု ပြောလေသည်။

ထို့နောက် စုံထောက်ကျော်စွာက သချိုင်းအပြင်ဘက်မှာ စောင့်ခိုင်းထားသော ပုလိပ်များအား အချက်ပေး၍ ခေါ်လိုက်လေသည်။

ထိုအခိုက်မှာပင် သချိုင်းအစပ်နားရှိ ကုက္ကိုပင်ကြီး တစ်ပင်အောက်၌ မှောင်ရိပ်ခိုကာ ရပ်တန့်နေသော မော်တော်ကားတစ်စင်းမှာ စက်နှိုး၍ ထိုနေရာမှ ညင်သာစွာ မောင်းထွက်သွားသည်ကိုတော့ ဘယ်သူမှ မမြင်လိုက်ကြပေ။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

# ဦးဖန်ကောင်းနှင့် စရဏသံဟိတကျမ်း

ဦးဖန်ကောင်း နေထိုင်သောနေရာမှာ ဟားကရာ ကြံ တောကံရွာသချိုင်းနှင့် မနီးမဝေးနေရာ၌ဖြစ်သည်။

ဟားကရာမှာ ကြည့်မြင်တိုင်မြို့နယ်နှင့် စမ်းချောင်းမြို့ နယ်ကို ဆက်သွယ်ထားသော အရှေ့အနောက် သွယ်တန်းထား သည့် လမ်းမကြီးဖြစ်သည်။

ဟားကရာလမ်းနှင့် အထက်ကြည့်မြင်တိုင် လမ်းဆုံ အရှေ့တောင်ယွန်းယွန်း၌ ဟားကရာတိုက်ကြီးရှိသကဲ့သို့ စမ်း ချောင်းမြို့နယ်အတွင်း ဟားကရာလမ်းထိပ်၌လည်း ဟားကရာ



www.burmeseclassic.com

www.burmeseclassic.com



တောရကျောင်းတိုက်ရှိလေသည်။

ဗားကရာသည် မွန်ဘာသာဖြင့် ဖယ်ကရား(ဘကရား)မှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ 'ချောက်ကမ်းပါး' ဖြစ်သည်။

ထိုအမည်နှင့် လိုက်လျောညီထွေလှစွာ ဗားကရာတတိုက်မှာ တောင်ကုန်းမြင့်များနှင့် ချောက်ကမ်းပါးကြီးများရှိလေသည်။

ဗားကရာတိုက်နေရာတွင် ရှေးခေတ်မွန်ဘုရင်များလက်ထက်ကပင် မွန်ရဟန်းတော်များ သီတင်းသုံး နေထိုင်ခဲ့ကြပေသည်။

ထိုအချိန်က ထိုနေရာတတိုက်မှာ တောတောင်ထူထပ်ပြီး သစ်ပင်ချုံနွယ်များ၊ ချောက်ကမ်းပါးများ နေရာအနှံ့ ရှိလေသည်။

သစ်ပင်ချုံနွယ်များက နေရာတိုင်းလိုလို ဖုံးအုပ်ထားလေသည်။

ကုန်းဘောင်ခေတ်ဦးကာလတွင် ယခုဗားကရာချောက်နှင့် မလှမ်းမကမ်းရှိ မူလတန်းကျောင်းနေရာ၌ ကျောင်းသစ်ဆောက်လုပ်ပြီး သီဟိုဠ်ဆရာတော်တစ်ပါး သီတင်းသုံး နေထိုင်ခဲ့သည်။

သာယာဝတီမင်းလက်ထက်တွင် ကြည့်မြင်တိုင်မြို့သူကြီး ဦးမှိုင်းက ပရိယတ္တိစာသင်တိုက်ကြီး ဆောက်လုပ်လှူဒါန်းလိုကြောင်း လျှောက်ထားလာသဖြင့် (၁၈၄၆)ခုနှစ်၊ မတ်လအတွင်း၌ ဘုရင်မင်းမြတ်က ခွင့်ပြုအမိန့်တော်ချမှတ်ပေးခဲ့ပေသည်။





ဦးမှိုင်းသည် ကျောင်းဆောက်လုပ်ပြီးနောက် အမရပူရအနောက်မြောက်ဘက်ရှိ ဗားကရာတိုက်မှ ဆရာတော်ဦးအရိယဝံသအား ပင့်ဆောင်လှူဒါန်းလိုက်လေသည်။

ထိုကာလမှစကာ ဗားကရာတိုက်၊ ဗားကရာတောရအပြင် ဗားကရာလမ်းဟုပါ အမည်တွင်လာခဲ့လေသည်။

ဆေးဆရာကြီးဦးဗန်ကောင်းသည် မြန်မာရိုးရာ ဆေးပညာများဖြင့် ဆေးကုသသောအလုပ်ကို လုပ်ရင်း တစ်ဦးတည်း နေထိုင်လျက်ရှိပေသည်။

တစ်နေ့သ၌ ဦးဗန်ကောင်း နေထိုင်သောအိမ်ရှေ့သို့ မော်တော်ကားတစ်စီး ထိုးရပ်လာပြီး ကားပေါ်မှ ဒေါက်တာမင်းထင်ကျော် ဆင်းလာသည်။

ဒေါက်တာမင်းထင်ကျော်သည် ဦးဗန်ကောင်းနှင့် လွန်စွာခင်မင်ရင်းနှီးသော မိတ်ဆွေရင်းချာများဖြစ်ကြပြီး ခရီးအတူတူသွားဖော်များလည်းဖြစ်ကြသည်။

ဒေါက်တာမင်းထင်ကျော်သည် အသက်သုံးဆယ်ဝန်းကျင်အရွယ်ခန့်ရှိပြီး ရွှေတောင်ကြားတွင် ခြံကျယ်ဝန်းကျယ်နှင့် တပည့်တပန်းများနှင့် နေထိုင်ကာ ဝါသနာပါသော သုတေသနလုပ်ငန်းများနှင့် ခရီးသွားခြင်းအလုပ်များကို လုပ်ကိုင်နေလေ့ရှိသည်။

သူသည် ဖရဲဇာ ကုတ်အကျႌနှင့် ဘောင်းဘီရှည်တို့ကို စတိုင်ကျကျ ဝတ်ဆင်ထားကာ ဖြောင့်မတ်တည်ကြည်သော ရုပ်ရည်ဟန်ပန် ရှိသူတစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်း သံဆုံဖြင့် ဆေးမှုန့်ထောင်းနေရာမှ ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ လှမ်း၍နှုတ်ဆက်လိုက်လေသည်။

"လာဟေ့ မောင်ထင်ကျော်၊ ဘယ်က လှည့်လာတာလဲ၊ ခရီးသွားဖို့အကြောင်း ပေါ်လာပြန်ပြီလား"

"မဟုတ်ပါဘူး အဘရဲ့၊ မေးစရာတစ်ခုရှိလို့ လာတာပါ"

"ကိုင်း. . . ဒါဖြင့် ဒီနေရာ လာထိုင်ကွာ"

ဟု ခေါ်သဖြင့် ဒေါက်တာမင်းထင်ကျော်က ဦးဗန်ကောင်း ဆေးဖော်နေရာနှင့် အနီးဆုံး ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။

ပြီးမှ ကုတ်အင်္ကျီအိတ်အတွင်းမှ စီးကရက်ဗူးကို ထုတ်ကာ စီးကရက်တစ်လိပ် ယူကာ မီးညှိဖွာလိုက်သည်။

"ကိုင်း. . . ဘာမေးမှာလဲ"

"ကျွန်တော် မနေ့က ဝေနေယျသုခ ရေချမ်းစင် တန်ဆောင်းမှာ မိတ်ဆွေတွေနဲ့ ဆုံတော့ ဆရာဝန်ကြီးဦးသာကျော်နဲ့ စကားအခြေအတင်ဖြစ်ခဲ့တယ်"

ဦးဗန်ကောင်းက ထောင်းလက်စ ဆေးဆုံကို ရပ်ထားလိုက်ပြီး ကုလားထိုင်ပေါ် တက်ထိုင်လေသည်။

"ဘယ်လိုအခြေအတင်မျိုးလဲ မောင်ထင်ကျော်ရဲ့"

"မြန်မာဆေးပညာမှာ အသက်တစ်ရာရှည်တဲ့ဆေးတို့ အသက်တစ်ထောင်ရှည်စေနိုင်တဲ့ဆေးတို့ ရှိတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့ ပြောတယ်၊ အသက်ရှည်ဖို့အတွက်





အနောက်တိုင်း ဆေးပညာကသာ တတ်နိုင်တယ် ပြောလို့ ကျွန်တော်နဲ့ အငြင်းပွားခဲ့ရတယ်"

ဦးဗန်ကောင်းက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"အနောက်တိုင်း ဆေးပညာက အသက်ရှည်အောင် ဘယ်လိုပြုပြင်နိုင်သလဲဆိုတာ ပြောပြပါဦး"

"အသက်ရှည်ဖို့အတွက် တစ်ကိုယ်လုံးမှာ ရှိတဲ့ သွေးအဟောင်းတွေကို ထုတ်ပစ်ပြီး သွေးအသစ်လဲတာတို့ ဝမ်းတွင်းမှာ ရှိတဲ့ အသည်း၊ နှလုံး၊ ကျောက်ကပ် စတဲ့ကလီစာတွေကို အသစ်လဲပြီး အသက်ရှင်အောင် လုပ်နိုင်တယ်လို့ သူက ပြောတယ်"

"တကယ်တော့ သူပြောတာတွေကလည်း မှန်သင့်သလောက် မှန်ပါတယ်၊ ဒီလိုလုပ်ရတာကလည်း ဝမ်းတွင်းမှာ ဖြစ်နေတဲ့ရောဂါကို အပြင်ကနေ ပျောက်အောင် မကုနိုင်လို့ ခွဲစိပ်ပြီး လဲထုတ်ရတာမျိုးပါ၊

သူပြောတဲ့ အသက်ရှည်ဆေးဆိုတာကလည်း မြန်မာဆေးပညာမှာ နှစ်ပေါင်းများစွာကတည်းက ရှိနေတဲ့ ပညာမျိုးပဲ မောင်ထင်ကျော်ရဲ့"

"ဒီလိုဖြင့် အသက်ရှည်ဆေးဆိုတာ တကယ်ရှိတဲ့ဆေးနည်းမျိုးပေါ့"

"ရှိပါတယ်. . . လောကမှာ လူရဲ့အသက်ဇီဝိတိန္ဒြေကို လိုသလို ပြုပြင်နိုင်တဲ့ နည်းနှစ်မျိုးထဲမှာ အသက်ရှည်ဆေး မှီဝဲ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းနဲ့ ယောဂကျင့်စဉ်ကို ကျင့်ကြံအားထုတ်ခြင်းပဲ၊ အိန္ဒိယ ဟိမဝန္တာတောင်တန်းပေါ်မှာ နေကြတဲ့ ယောဂီကြီးတွေ၊ ဆာဒူး ကြီးတွေ၊ တိဗက်တောင်တန်းပေါ်မှာ နေကြတဲ့ လာမားဘုန်းကြီး တွေဟာ ယောဂကျင့်စဉ်တွေကြောင့် အသက်ရှည်ရှည် နေနိုင် ကြတယ်"

"မှန်ပါတယ်"

"ဆေးနဲ့ အသက်ရှည်ရှည် နေနိုင်ဖို့ နှစ်လမ်းရှိပါတယ်၊ တစ်လမ်းက အင်္ဂါရတ်ပညာနဲ့ သိဒ္ဓိပေါက်အောင် လုပ်ပြီး နေတဲ့ နည်းနဲ့ ဆေးဝါးအစီအရင်နဲ့ နေတဲ့နည်းပါ"

"နှစ်ပေါင်းများစွာ အသက်ရှည်စေဖို့ ဆေးအစီအရင်မျိုး တွေရော တကယ်ရှိသလား အဘ"

"ရှိတာပေါ့ မောင်ထင်ကျော်ရဲ့၊ အာယုဗေဒကျမ်းများ မှာ အထင်ရှားဆုံး ကျမ်းတစ်စောင်ဖြစ်တဲ့ စရကသံဟိတာကျမ်း မှာ အသက်ရှည်စေနိုင်တဲ့ ဆေးဝါးအစီအရင်တွေ အများကြီးပါ ပဲ၊ အာယုဗ္ဗေဒကျမ်းတွေထဲမှာ လေးစားအားထားရတဲ့ မူလကျမ်း ရင်းနှစ်စောင်ရှိတယ်"

"ဘယ်ကျမ်းတွေလဲ အဘ"

"စရကသံဟိတာဆေးကျမ်းနဲ့ သုသုတသံတိတာ ဆေးကျမ်းကြီးနှစ်စောင်ပဲ၊ စရကသံဟိတာဆေးကျမ်းက ကာယ စိကိစ္ဆာလို့ ခေါ်တဲ့ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်တဲ့ ရောဂါဝေဒနာတွေ ကို ကုသတဲ့နေရာမှာ အကောင်းဆုံးဖြစ်သလို ခန္ဓာကိုယ်တစ်ခုလုံး ကို ခွဲစိတ်ကုသရာမှာလည်း သုသုတသံဟိတာဆေးကျမ်းက





အကောင်းဆုံးပဲ မောင်ထင်ကျော်ရဲ့"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့သြသွားလေသည်။

သောက်လက်စ စီးကရက်ကိုပင် ဆက်မသောက်တော့ ဘဲ ဆေးလိပ်ပြာခွက်ထဲသို့ ထိုးထည့်လိုက်လေသည်။

"အဘပြောပုံဆိုရင် ခွဲစိတ်မှု အတတ်ပညာက မြန်မာ ဆေးလောကမှာ အချိန်အတော်စောစောကတည်းက ပေါ်ခဲ့ တာပေါ့နော်"

"အမှန်ပေါ့ မောင်ထင်ကျော်ရယ်၊ ဒီကျမ်းတွေ ပေါ် ပေါက်ခဲ့တာဆိုရင် ကလိယုဂ်မဆန်းမီအချိန်ကတည်းက ဆိုရမှာ ပဲ၊ တိတိကျကျပြောရရင်တော့ ကလိယုဂ်မဆန်းမီ၊ ဒွါပရယုဂ် ကွင်း(၂၂၆)မှာ ပေါ်ပေါက်ခဲ့တာပဲ၊ ဒီတော့ ရောက်ဆဲကလိယုဂ် နဲ့ ပေါင်းရင် နှစ်ပေါင်းငါးထောင်ကျော်ခဲ့ပြီပေါ့"

"အချိန်အတော်ကြာပြီပဲ. . . ကျွန်တော် ဆေးပညာ သမိုင်းမှတ်တမ်းတစ်ခုမှာတော့ လေ့လာကြည့်တုန်းက တွေ့ရ တာကတော့ ကျောက်ခေတ်သစ်ကာလမှာကတည်းက လူတွေ ရဲ့ဦးခေါင်းခွံကို ဖွင့်ပြီး ရောဂါကုသခဲ့တယ်လို့ တွေ့ရတယ်"

"မှန်ပါတယ်. . . မြန်မာတို့ရဲ့ရှေ့ဆောင်လမ်းပြလို့ ပြောလို့ရတဲ့ ဆရာကြီးဇီဝကရဲ့ ဆေးကုသတဲ့အချိန်မှာကတည်း က ဦးခေါင်းခွံ ကျိုးကြေပေါက်ပြဲတဲ့ ဝေဒနာရှင်တွေကို ဦးခေါင်း ခွံကို အဝိုင်းပုံသဏ္ဍာန် ဖောက်ပြီး အတွင်းက အရိုးအပိုင်းအစ တွေကို ထုတ်ပြီး ဆေးကုပေးခဲ့တာပဲ၊ ဒါကြောင့် မြန်မာဆေး



www.burmeseclassic.com

www.burmeseclassic.com



ပညာလောကမှာ ခွဲစိတ်ကုသတဲ့ အတတ်ပညာဟာ အနောက်တိုင်း ဆေးပညာထက် ပိုပြီးစောတယ်လို့ ပြောလို့ရပါတယ်"

"ဒါဖြင့် အသက်ရှည်ဆေးဆိုတာကရော ဆေးကျမ်းတွေထဲမှာ တကယ်ရှိတာပဲပေါ့၊ ဟုတ်လား ဆရာကြီး"

"ရှိတာပေါ့ မောင်ထင်ကျော်ရယ်၊ စရကာသံဟိတာဆေးကျမ်းကြီးရဲ့ ရသာယနကုထုံးကဏ္ဍမှာ အာမလကဃတဆေးလို့ခေါ်တဲ့ အသက်ရှည်ဆေးကြီးကို ဆေးဖော်စပ်ပုံအညွှန်းနဲ့တကွ ဖော်ပြထားတာပဲ၊

ကျုပ်ရဲ့ဆေးမှတ်တမ်းထဲမှာ ကူးမှတ်ထားတာ ရှိပါတယ်၊ မောင်ထင်ကျော် လေ့လာချင်ရင် ပြပါမယ်"

"ဒီဆေးမျိုး ဖော်စပ်ရတာ အတော်ကလေး ခက်ခဲမှာပဲနော် ဆရာကြီး"

"ဘယ်အရာမဆို ခက်ခဲတာချည်းပေါ့ မောင်ထင်ကျော်ရယ်၊ ဒါပေမယ့် ဘယ်အရာမဆို ကြိုးစားရင် ရနိုင်ပါတယ်၊ ရှေးက လူတွေလည်း ဒီလိုပဲ ကြိုးစားခဲ့ကြလို့သာ ဒီလိုဆေးနည်းတွေ ရခဲ့ကြတာပေါ့"

ဟု ပြောဆိုကာ စာအုပ်များချည်း သီးသန့်ထားသော စင်ပေါ်မှ စာအုပ်တစ်အုပ်ကို ယူပြီး ဒေါက်တာမင်းထင်ကျော်ကို ပေးသဖြင့် ယူကြည့်လိုက်သည်။

စာအုပ်အတွင်း၌ ရှေးဟောင်းဆေးနည်းအတော်များများတို့ကို ရေးမှတ်ထားသည်ကို တွေ့ရလေသည်။

ထိုအထဲတွင် 'အာမလကဃတ' ဟု ခေါ်သော အသက်





တစ်ထောင်အထိ ရှည်စေနိုင်သော ဆေးဖော်စပ်နည်းကို ရေးမှတ်ထားလေသည်။

၎င်းဆေးဖော်စပ်နည်းမှာ အောက်ပါအတိုင်းပင်ဖြစ်၏။

*(မှတ်ချက်။ ။ ကျွန်တော့်ထံသို့ အသက်ရှည်ဆေး ဖော်စပ်ပုံနှင့် ပတ်သက်ပြီး စိတ်ဝင်စားစွာဖြင့် စာရေးမေးမြန်းကြသူများအတွက် ဆေးဖော်စပ်ပုံနည်းကို အပြည့်အစုံ ဖော်ပြပေးလိုက်ပါသည်။)*

အသက်တစ်ထောင်ရှည်စေသော အာဗလကဃတဆေး၊ ချိုးမွှမ်းအပ်သော(ကောင်းမွန်သောမြေအမျိုးအစား)မြေ၌ပေါက်သည့် အနံ့ စသည်တို့နှင့် ယှဉ်၍ ရသာရည်၊ သတ္တိဩဇာတို့နှင့် ပြည့်စုံ၍ ကောင်းစွာမှည့်သော ဆီးဖြူသီးသတ္တုရည်၊ ပရန္နဝါမှုန့်တို့ကို ထောပတ်(၃)ပိဿာ၊ (၈၄)ကျပ်သားတို့နှင့် အစီအမံအတိုင်း ချက်ပါ။

သိဒ္ဓဖြစ်သောအခါ ထောပတ်ကို စစ်ပါ။

ထို့နောက် ၎င်း ထောပတ်ကို ဆီးဖြူသီးရည်၊ ပရန္နဝါမှုန့်တို့ဖြင့် ထပ်မံချက်ပါ။

တစ်ဖန်စစ်ပါ. . . ။

ဤနည်းအတိုင်း အကြိမ်(၁၀၀)ပြည့်အောင် ချက်ပါ။

ထိုကဲ့သို့ချက်ရာ၌ အကြိမ်တိုင်း ဥမွှန်ဥသတ္တုရည် (၁၅)ကျပ်သားမှ (၃၂)ကျပ်သား၊ ဇီဝန္တီမှုန့်(၉၂)ကျပ်သား ထည့်ပါ။

ထို့နောက် ထောပတ်ကို စစ်ယူ၍ ထောပတ် ဖျော်ဆ



www.burmeseclassic.com

www.burmeseclassic.com



နို့ရည်၊ ရွှေတံတိုင်မြစ်၊ ဝက်ချေးပနဲပြုတ်ရည်၊ ကညွတ်မှုန့်တို့နှင့် ရှေးက ဆိုခဲ့သည့်အတိုင်း အကြိမ်(၁၀၀)ပြည့်အောင် ချက်ပါ။

ထိုသို့ချက်ရာ အကြိမ်တိုင်းတွင် နို့ရည် (၃)ပိဿာ (၈၄)ကျပ်သား၊ ရွှေတံတိုင်းမြစ်၊ ဝက်ချေးပနဲပြုတ်ရည် (၃)ပိဿာ (၈၄)ကျပ်သား၊ ကညွတ်မှုန့် (၉)ကျပ်သား ယူပါ။

ဤနည်းအတိုင်း သုံးမျိုးတို့ကို ချက်ရာ၌ တစ်မျိုးလျှင် အကြိမ်တစ်ထောင်စီ ချက်နိုင်လေသည်။

ထောပတ်သိဒ္ဓဖြစ်သောအခါ သကြား၊ ပျားရည် နှစ်မျိုးပေါင်း၍ လေးပုံတစ်ပုံကြွင်း ရောပါ။

ဤနည်းဖြင့် သတ်ပါက (အကြိမ် ၁၀၀)၊ သဟဿပါက (အကြိမ် ၁၀၀၀)ချက်နိုင်၏။

သကြားနှင့်ပျားရည်တို့ ရောပြီးနောက် ထိုဆေးကို ရွှေငွေခွက် သို့မဟုတ် ထောပတ်ဖြင့် ထုံထားပြီး သန့်စင်၍ ခိုင်ခံ့သောမြေအိုးတွင် ထည့်ပါ။

ဤထောပတ်ဆေးကို ကုဋ္ဌိပဝေသိက နည်းဖြင့် မိမိ၏ ဝမ်းမီးအားကို ချင့်ချိန်၍ နေ့စဉ်နံနက်တိုင်း အသုံးပြုပါ၊ ဆေးကြေညက်သွားသောအခါ နို့ရည်၊ ထောပတ်တို့နှင့် ရော၍ သလေးထမင်း၊ ကောက်လျှင်ထမင်းတို့ကို စားပါ၊ ဆေး၏ အတိုင်းအတာမှာ (၆)ပဲသားဖြစ်သည်။

ဤနည်းအတိုင်း (၃)နှစ်ပြည့်အောင် စားသော် အနှစ်တစ်ထောင်တိုင်အောင် အိုခြင်းမှ ကင်း၍ အသက်ရှည်စေနိုင်၏။ အကြားအမြင်ကို ဆောင်၏။





ရောဂါအလုံးစုံမှ ကင်း၏။

မိန်းမတို့နှင့် နေခြင်း၌ တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ အလွန်မေထုံမှီဝဲနိုင်၏။ အလွန်များပြားသော သားသမီးရတနာတို့ကို ရစေနိုင်၏။

(ဤဆေးချက်ရာတွင် သတပါကနည်းထက် သတသဟပါက နည်းဖြင့်လည်း ချက်နိုင်ပေ၏။)

ဤကား အသက်တစ်ထောင်ရှည်စေနိုင်သော ဆေးနည်းများစွာတွင် အခြားဆေးနည်းများဖြစ်သော. . .

အသက်တစ်ရာ ရှည်စေသော အာမလကာဝလေဟ ဆေး။

အသက်တစ်ရာရှည်စေနိုင်သော အာမလကစုဏ္ဏဆေး၊

အသက်တစ်ရာ ရှည်နိုင်သော ဝိဍင်္ဂဝလေဟဆေး၊ နာဂဗလရသာယနဆေး၊ ဘလ္လာတကဥဒ္ဒဆေး၊ ဘလ္လာတကတေလ ဆေး၊

အသက်တစ်ထောင် ရှည်စေနိုင်သော ရသာယနဆေးနည်းတို့ကို ဆေးနည်းများနှင့်တကွ ရေးမှတ်ထားသည်ကို တွေ့ရလေသည်။ ဒေါက်တာမင်းထင်ကျော်က ထိုဆေးနည်းများကို မြင်သောအခါ ဝမ်းသာအားရ အမူအယာဖြင့်. . .

“ဟန်ကျတာပဲ အဘရေ၊ ဒီတစ်ခါ ဆရာဝန်ကြီး ဦးသာကျော်တို့နဲ့ ဆုံရင် ချက်ကျလက်ကျ ပြန်ပြီးချေပနိုင်ပြီဗျ”

ဟု ပြောဆိုကာ ဆေးမှတ်တမ်းစာအုပ်ကို ဦးဗန်ကောင်းအား ပြန်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် အပြင်ဘက်မှ ခေါ်သံကြားရလေသည်။

"ဆရာကြီး . . . ဆရာကြီး"

"ဘယ်သူတွေလဲဗျို့"

"ကျုပ်တို့ ကြံတောသချိုင်းက မှန်ကင်းစံအဖွဲ့ကပါ"

"ဪ . . . ဝင်လာခဲ့ပါဗျာ"

ဒေါက်တာမင်းထင်ကျော်ကလည်း 'မှန်ကင်းစံ' ဟူသောအမည်ကို ကြားလိုက်သည်နှင့် စိတ်ဝင်စားသွားလေသည်။

ကြံတောသချိုင်းတွင် 'မှန်ကင်းစံ' ဟူသော သုဘရာဇာ သုံးယောက် ရှိသည့်သတင်းကို ကြားသော်လည်း ယခုကဲ့သို့ နီးနီးကပ်ကပ် တစ်ခါမှ မမြင်ဖူးသေးချေ။

ခဏကြာတော့ လူနှစ်ယောက်က ဒဏ်ရာရနေသော လူနာတစ်ယောက်ကို တစ်ဖက်တစ်ချက်တွဲကာ အိမ်ပေါ် တက်လာသဖြင့် ဦးဗန်ကောင်းက လူနာအတွက် နေရာပေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲဗျ"

ဦးဘကင်းက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

"အဲဒါ ကျုပ်တို့ နေတဲ့ ဇရပ်ပေါ်မှာလည်း ထားရမှာ အဆင်မပြေတာနဲ့ ဦးဗန်ကောင်းကို လာပြီးအကူအညီတောင်းရတာပါ။ သူ့ကို ဒီမှာ ထားခဲ့ပါရစေ၊ ဒဏ်ရာတွေလည်း ပျောက်ကင်းအောင် ဆေးကုသပေးပါ၊ ကျသမျှ ဆေးဖိုးဝါးခ ကျုပ်တို့





ပေးပါ့မယ်"

ဟု ပြောကာ ဦးဘကင်းက အင်္ကျီအိတ်အတွင်းမှ ငွေစက္ကူအချို့ကို ထုတ်ကာ ဦးဗန်ကောင်းအား ပေးသည်။

"ငွေမလိုပါဘူးဗျာ . . . ဒုက္ခရောက်နေတဲ့လူဆိုတော့ အကူအညီပေးရမှာပေါ့၊ စိတ်ချလက်ချသာ ထားခဲ့ပါ"

ဟု ပြောတော့မှ ဦးဘကင်းနှင့် ဦးဘစံတို့နှစ်ယောက်က နှုတ်ဆက်၍ပြန်သွားကြလေသည်။

"အဘ . . စောစောက လူကြီးနှစ်ယောက်က ဘယ်သူတွေလဲ"

"သူတို့နှစ်ယောက်က ကြံတောသချိုင်းမှာ နေတဲ့ မှန်ကင်းစံအဖွဲ့က ဦးဘကင်းနဲ့ ဦးဘစံတို့နှစ်ယောက်ပေါ့၊ ဦးဘမှန် တစ်ယောက် ကျန်သေးတယ်"

"ဒါ . . . ဒါဖြင့် သူတို့က သုဘရာဇာတွေပေါ့နော်"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

"အမှန်ပေါ့ . . . သုဘရာဇာဆိုတာ သချိုင်းမှာ ကောင်းတာ လုပ်တဲ့လူတွေလို့ အဓိပ္ပာယ်ရတယ်လေ၊ လူတွေ မလုပ်ချင်တဲ့အလုပ်ကို လုပ်နေတယ်ဆိုတော့ သူတို့ကို ချီးကျူးရမှာပေါ့၊ သူတို့လို လူတွေ မရှိရင် တစ်နေ့တစ်နေ့ သေတဲ့အလောင်းတွေကို ဘယ်သူမြှုပ်ပေးမလဲ၊ ကိုယ့်မသာ ကိုယ့်ဘာသာ ကျင်းတူးမြှုပ်ပါဆိုရင်တောင် အလောင်းကောင်ကို တက်မတတ် ချက်မတတ် ငိုနေတဲ့လူကို ကျင်းတူးပြီး အလောင်းကို ကိုယ်တိုင်မြေမြှုပ်ဖို့ ပြောရင် လုပ်မှာ မဟုတ်ဘူး၊ တချို့က သုသာန်မြေနဲ့ လူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထိရင်ကို မသတိဘူးလို့ စိတ်ထဲမှာ ထင်နေကြတာကိုး မောင်ထင်ကျော်ရဲ့၊ တကယ်တော့ အဲဒီနေရာဟာ တစ်နေ့ကျရင် ကိုယ်လာရမယ့်နေရာဆိုတာ မေ့ချင်ယောင်ဆောင်နေကြလို့ပါ"

ဟု ပြောလိုက်လေသည်။

ထို့နောက် ဒဏ်ရာရထားသောလူနာကို ကြည့်ရှုစစ်ဆေးကာ ဒဏ်ရာများကို ဆေးထည့်ပေးသည်။

လူနာမှာ ကောင်းစွာသတိရနေပြီဖြစ်သည်။

"ကျွန်တော့်ကို အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဟု လေသံဝဲဝဲဖြင့် ပြောလေသည်။

"ခင်ဗျားက ရှမ်းလူမျိုးလား"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"မှန်ပါတယ်. . . ကျွန်တော်က ရှမ်းလူမျိုးတစ်ယောက်ပါ၊ ကျွန်တော့်နာမည်က စိုင်းဆမ်လောလို့ ခေါ်ပါတယ်"

"ဒါထက် နေပါဦး၊ ခင်ဗျားက ရန်ကုန်မှာ ဘယ်လိုအန္တရာယ်တွေနဲ့ တွေ့ပြီး အခုလို ဒုက္ခတွေ ဖြစ်ရတာလဲ"

"အမှန်ပြောရရင် ကျွန်တော့်မှာ ရန်ကုန်ကို လာသာလာရတယ်၊ အသိအကျွမ်းလည်း မရှိပါဘူး၊ သိလည်း မသိပါဘူး"

"ဒါဖြင့် ဘယ်လိုကနေ ဘယ်လိုရောက်လာတာလဲ"

ထိုအခါ စိုင်းဆမ်လော ဆိုသောလူရွယ်က အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"ဒီက ဆရာကြီးနဲ့နောင်ကြီးတို့ကိုတော့ မြင်မြင်ချင်းပဲ





အားကိုးချင်စိတ် ဖြစ်မိပါတယ်၊ အားကိုးချင်တဲ့စိတ်လည်း ဖြစ်မိပါတယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့အဖြစ်အပျက်ကို ပြောပြပါမယ်"


ဟု စကားအစချီပြီးမှ အောက်ပါအကြောင်းအရာများကို ပြောပြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

# တရုတ်သချိုင်းမှ သဲလွန်စ

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်အတွင်း၌ ကျိုင်းတောင်းမြို့ ရှိလေသည်။

ထိုမြို့ကလေး၏မြို့စွန်တစ်နေရာ၌ ဦးခွန်သာနှင့် သားဖြစ်သူ စိုင်းဆမ်လော၊ သမီးဖြစ်သူ နန်းမွန်ကြည်တို့သုံးယောက် နေထိုင်ကြလေသည်။

ဦးခွန်သာသည် တောင်ယာစိုက်ခင်းများ လုပ်ကိုင်ကာ ဖူလုံစင်သောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလာရင်းနှင့် ဘာသာရေးကို များစွာလုပ်ကိုင်သူဖြစ်လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နန်းမွန်ကြည်မှာ အရွယ်ရောက်လာသောအခါ ဖြူဝင်းသော အသားအရေနှင့် လှပတင့်တယ်သော ရုပ်ဆင်းအင်္ဂါ ရှိလေသည်။

ထိုအခါ အနီးပတ်ဝန်းကျင်မှာ ရှိသော စော်ဘွားများ၏ သားတော်များ၊ ဆွေတော်မျိုးတော်များက သူမကို သဘောကျ နှစ်ခြိုက်ကြလေသည်။

နန်းမွန်ကြည်၏မေတ္တာကို ရရှိစေရန်လည်း နည်းအမျိုးမျိုးဖြင့် ကြိုးစားကြလေသည်။

ထိုအထဲတွင် ကျိုင်းတောင်းမြို့ စော်ဘွားကြီး၏သားဖြစ်သူ ခွန်ဆန်လည်း ပါဝင်လေသည်။

ခွန်ဆန်သည် စော်ဘွားကြီး၏အမြောင်မိဖုရားမှ မွေးဖွားသောသား ဖြစ်စေကာမူ အခြားမိဖုရားများမှ သားတော်များ မထွန်းကားသောကြောင့် စော်ဘွားကြီး မရှိတော့သည့်အခါ စော်ဘွားအရိုက်အရာကို ဆက်ခံရန် အလားအလာ ကောင်းနေသူဖြစ်သည်။

သို့စေကာမူ ခွန်ဆန်သည် ရုပ်ရည်ကြမ်းတမ်းပြီး စိတ်သဘောထား ဆိုးဝါးသူတစ်ဦးဖြစ်သည်။

သူသည် လူဆိုးလူမိုက် တပည့်လက်သားများ မွေးထားပြီး ရင်းစိတ်နှင့် မတွေ့လျှင် နှိပ်စက်သတ်ဖြတ်လေ့ရှိလေသည်။ သို့ကြောင့် ခွန်ဆန်ဆိုလျှင် လူတိုင်းက ကြောက်ရွံ့ကြသည်။ ရွံမုန်းကြသည်။

ထိုသို့ ရွံမုန်းကြသော်လည်း စော်ဘွားကြီး၏အရှိန်အဝါ





ကြောင့် မည်သူကမှ မတော်လှန်ဝံ့ကြပေ။

ခွန်ဆန်သည် မွန်ကြည်၏မေတ္တာကို ရရှိရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားသော်လည်း မရပေ။

နန်းမွန်ကြည်က ခွန်ဆန်အား ရုပ်ရည်ကိုလည်း မနှစ်သက်၊ စိတ်သဘောကိုလည်း သဘောမကျသဖြင့် လက်မခံပေ။

“နင်က တစ်နေ့ကျရင် စော်ဘွားကတော်ဖြစ်မှာကိုများ ငါ့ကို ဘာကြောင့် ဒီလောက်ငြင်းနေရတာလဲ”

“စော်ဘွားကတော်လည်း မဖြစ်ချင်ဘူး၊ နင့်ကိုလည်း မကြိုက်ဘူး၊ ဒါကြောင့် ငါ့ဖာသာ အေးအေးပဲ နေချင်တယ်”

“နင်က အတော်မာနကြီးတယ်၊ ဒါပေမယ့် ခွန်ဆန်ဆိုတဲ့ ငါကလည်း ကိုယ်လိုချင်တာကို မရရအောင် ယူတတ်တဲ့လူစားမျိုးပဲ၊ နင် ငါ့ကို လက်မခံချင်သေးရင်လည်း ရတယ်၊ နင့်မေတ္တာကို အကြမ်းဖက်ပြီး ငါမယူချင်ဘူး၊

နင်ကိုယ်တိုင် လိုလိုလားလားနဲ့ ပေးမှ ယူမှာ” ”

“နင်အဲဒီလို မျှော်လင့်နေလည်း ဒီတစ်သက်တော့ ငါ့မေတ္တာကို ရဖို့ စိတ်မကူးလေနဲ့”

“ရပါတယ်. . . ဒါပေမယ့် နင် ဘယ်သူ့ကိုမှ လက်ထပ်ဖို့ စိတ်မကူးလေနဲ့၊ နင်နဲ့ လက်ထပ်မယ့်လူဟာ ငါ့ဓါးချက်အောက်မှာ အသက်ပျောက်မယ်ဆိုတာ မြဲမြဲမှတ်ထားပါ၊

နောက်ပြီး တစ်နေ့ကျရင် နင်ဟာ ငါ့ခြေသလုံး ဖက်ပြီး လာတောင်းပန်ရမယ့်ဘဝကို ရောက်စေရမယ် နန်းမွန်ကြည်”

ဟု ပြောဆို ကြိမ်းမောင်းကာ ပြန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းမွှန်ကြည်အနေနှင့် မိမိ၏ဘ၀တစ်သက်တာအရေး မို့သာ စိတ်တင်း၍ ငြင်းရသော်လည်း ခွန်ဆန်၏စိတ်သဘောကို အတန်အသင့် သိထားပြီးဖြစ်သောကြောင့် စိတ်ထဲမှာ မအေးရ အောင် ရှိလေသည်။

ထိုအကြောင်းကို စိုင်းဆမ်လောက သိသောအခါ ဒေါသ အိုး ပေါက်ကွဲလေတော့သည်။

"ဒီကောင်က စော်ဘွားသားဆိုပြီး နေရာတကာမှာ လုပ် ချင်တိုင်း လုပ်လို့ရမယ်လို့ ထင်နေတယ်၊

ငါ့ညီမကို ထိရဲ ထိကြည့်ပေါ့ကွာ၊ စိုင်းဆမ်လော အကြောင်း သိစေရမယ်"

ဟု ကြိမ်းမောင်းလေသည်။

စိုင်းဆမ်လောတို့နေရာ၏ မဝေးလှသောနေရာတွင် တောင်ယာစိုက်ခင်းများ ရှိလေသည်။

ထိုစိုက်ခင်းများ၏ဟိုဘက်မှာတော့ ချုံနွယ်ပိတ်ပေါင်း များ ပိတ်ဖုံးနေသော တောင်ကုန်းများစွာရှိလေသည်။

ထိုတောင်ကုန်းများဘက်မှာတော့ အသုံးဝင်သော သီး ပင်၊ သစ်ပင်များ မရှိသဖြင့် တကူးတက သွားရောက်ခြင်းမရှိပေ။

တစ်နေ့သ၌ ဖခင်ဖြစ်သူ ဦးခွန်ဆာနှင့်အတူ တောင် ယာစိုက်ခင်းများ လုပ်နေကြစဉ် နှင်းများက ကျဲသွားပြီး နေရောင် ခြည်က လင်းလက်လာသည်။

ထိုအခါ ချုံနွယ်များအတွင်းမှ အနီရောင် အလင်းတန်း များ လင်းလက်လာသည်။





ပထမတော့ သရဲမီးလိုလို၊ စုန်းမီးလိုလို ထင်ကြသော် လည်း အသေအချာ ကြည့်တော့မှ မဟုတ်မှန်း သိရလေသည်။

နေရောင်ခြည်ကြောင့် နီရဲသော အလင်းရောင်များမှာ ပိုမိုတောက်ပလာလေသည်။

သို့ကြောင့် ဦးခွန်သာနှင့် စိုင်းဆမ်လောတို့သားအဖ နှစ်ယောက် ဓါးများကို ကိုင်ပြီး အရဲစွန့်ကာ ထိုနေရာသို့ သွား ကြည့်ကြလေသည်။

သို့သော်လည်း လူသူအရောက်အပေါက်နည်းသော နေရာမို့ ဆူးချုံများ၊ ချုံနွယ်ပိတ်ပေါင်းများက ကာဆီးလျက်ရှိနေ ရာ အတော်ကလေး ရှင်းမှ ထိုနေရာသို့ ရောက်သွားလေတော့ သည်။

ကြည့်လိုက်သောအခါ ချုံနွယ်များအကြားတွင် အုတ်ပုံ အပြိုအပျက်များကို တွေ့ကြရသည်။

"ဘုရားပျက်ကြီး ဖြစ်မယ်ထင်တယ်"

ဟု ပြောဆိုကာ အလင်းရောင် ထွက်သောနေရာသို့ သွားကြည့်သောအခါ ဘုရားပျက်အတွင်းမှ ပေါ်ထွက်နေသော ဘုရားဌာပနာပစ္စည်းများနှင့်အတူ အရည်အသွေးကောင်းလှ သော ပတ္တမြားတစ်လုံးကိုပါ တွေ့ကြရလေသည်။

ပတ္တမြားကြီးမှာ ကြက်ဥအလုံးခန့်ရှိပြီး အရည်အသွေး ကောင်းလှသောကြောင့် အရောင်များ တဖျပ်ဖျပ် တောက်ပနေ တော့သည်။

နေရောင်ခြည်ကြောင့် တစ်ဆင့်ပေါ်ထွက်နေသော



www.burmeseclassic.com

www.burmeseclassic.com



အရောင်များမှာ ပတ်ဝန်းကျင်တစ်ဝိုက်မှာပင် နီရဲနေတော့သည်။

ထိုပတ္တမြားကြီးကို ရသောအခါ စိုင်းဆမ်လောမှာ ဝမ်းသာနေလေသည်။

"အဖေ. . . ပတ္တမြားကြီးဗျ၊ ကျုပ်တို့တော့ ချမ်းသာပြီ"

"ဟာ. . . ဒီလိုမဟုတ်သေးဘူးကွ၊ ဒါ ဘုရားပျက်ကြီးဆိုတော့ ဒီပစ္စည်းကလည်း ဘုရားပစ္စည်းဖြစ်မှာပဲ၊ ရှေးတုန်းက ဘုရင်စွန့်ပစ်ခံရတဲ့ ရှမ်းမိဖုရားတစ်ပါး တည်ထားခဲ့တဲ့စေတီတွေ ဒီနားတစ်ဝိုက်မှာ ရှိတယ်၊ ဒီဘုရားကလည်း သူတည်ထားခဲ့တဲ့ ဘုရားဖြစ်မှာပဲ၊ ဘုရားပစ္စည်းဆိုတာ စိတ်နဲ့တောင် မပစ်မှားကောင်းဘူး၊ အပြစ်ကြီးတယ်"

ဦးခွန်သာက ဘာသာရေးကို အလေးထားသူပီပီ သားဖြစ်သူအား ဆုံးမလေသည်။

"ဒါ. . ဒါဖြင့် ဘယ်လိုလုပ်မလဲ အဖေ"

"စော်ဘွားကြီးကို သွားအပ်ရမှာပေါ့၊ သူကောင်းသလို ကြည့်ပြီး စီမံပါလိမ့်မယ်"

ဟု ပြောဆို ဖြောင်းဖျကာ သားအဖနှစ်ယောက် ဟော်နန်းသို့ သွားကာ စော်ဘွားကြီးအား အကြောင်းစုံ လျှောက်ထား၍ ပတ္တမြားကို ပေးအပ်လိုက်လေသည်။

စော်ဘွားကြီးလည်း ဝမ်းသာအားရဖြင့် လက်ခံယူကာ ပတ္တမြားကြီးကို သိမ်းဆည်းထားလေသည်။

သို့သော် ကြာရှည်သိမ်းဆည်းထား၍မရပေ။

သက်ဆိုင်ရာ ဘဝဟောင်းမှ ပုဂ္ဂိုလ်များက အိပ်မက်ပေး





၍သော်လည်းကောင်း၊ ခြောက်လှန့်၍သော်လည်းကောင်း လာရောက်သတိပေးကြလေသည်။

ဝင်းတို့ သတိပေးပုံမှာ အခြားမဟုတ်ပေ။

မူလနေရာဟောင်းမှာပင် ပတ္တမြားကြီးကို ဌာပနာ ပြန်ထည့်၍ စေတီတစ်ဆူတည်ရန်ပင်ဖြစ်သည်။

နောက်ဆုံးတော့ စော်ဘွားကြီးမှာ မနေဝံ့တော့ဘဲ မူလစေတီဟောင်း ပြိုပျက်နေသော တောင်ကုန်းကို ရှင်းလင်းစေကာ စေတီတစ်ဆူ တည်စေသည်။

ထို့နောက် ပတ္တမြားကြီးကို ဌာပနာပြန်ထည့်လိုက်လေသည်။ ဦးခွန်သာကိုလည်း ပတ္တမြားကြီးနှင့် ဘုရားကို အစောင့်အရှောက်အဖြစ် တာဝန်ပေးထားခဲ့လေသည်။

"အဲဒီပတ္တမြားကြီး ရခဲ့ပြီးကထည်းက ကျွန်တော်တို့မိသားစုသုံးယောက်ဟာ ဂြိုဟ်ဆိုးတွေ ဝင်ခဲ့တယ်ဆိုရင် မမှားပါဘူး"

"ဘယ်လို ဂြိုဟ်ဆိုးတွေလဲ ပြောပြပါဦး"

ဦးဗန်ကောင်းက ဝင်မေးလိုက်သည်။

"စော်ဘွားကြီးက ပတ္တမြားကို ရပြီးတဲ့နောက်မှာ သိမ်းထားတယ်၊ အဲဒီလို သိမ်းထားတဲ့အခါမှာ အိပ်မက်ဆိုးတွေ၊ ခြောက်လှန့်မှုအမျိုးမျိုးတွေနဲ့ ကြုံရတယ်၊ အနားမှာ နေတဲ့ မှူးမတ်တွေက ကျွန်တော်တို့မိသားစုက ပြုစားတယ်လို့ ကုံးချော လျှောက်တင်ကြတယ်"

"ဒါမျိုးတွေကတော့ နေရာတိုင်းမှာ ရှိတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့ ပတ္တမြားကြီးကို ဆက်မထားဝံ့ကြတော့ဘဲ စေတီတည်ပြီး ဌာပနာထည့်လိုက်တယ်၊ အဖေ့ကိုလည်း အဲဒီပတ္တမြားကြီး မပျောက်ပျက်အောင် စောင့်ရှောက်ဖို့ တာဝန်ပေးထားခဲ့တယ်"

"အင်း. . . အဲဒီကတည်းက ကံကြမ္မာဆိုးတွေ ဝင်လာခဲ့တယ် မဟုတ်လား"

"အမှန်ပါပဲ ဆရာကြီးရယ်၊ တစ်နေ့တော့ ဘုရားကို ဖောက်ပြီး ဌာပနာထည့်ထားတဲ့ ပတ္တမြားကြီး ပျောက်သွားခဲ့တယ်၊ ဒီအကြောင်းကို စော်ဘွားကြီး သိတာနဲ့ အဖေ့လက်ချက်ပဲလို့ စွပ်စွဲပြီး အဖေ့ကို ဖမ်းသွားကြတယ်၊

အဖေ့ကို မသတ်စေချင်ရင် ပတ္တမြားကြီးကို ရအောင် ပြန်ရှာပေးရမယ်လို့ ပြောပါတယ်"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက. . .

"မောင်ရင်တို့ အဖြစ်အပျက်က ဘာနဲ့ တူနေသလဲဆိုတော့ ပဒကုသလဇာတ်နဲ့ အတော်ကလေး တူနေတယ်၊ ရှင်ဘုရင်ကိုယ်တိုင် သံလျက်ကို ဝှက်ထားပြီး သူခိုးအဖော်ခိုင်းသလိုမျိုးဖြစ်နေတယ်"

ဟု ပြောသည်။

"ဒါနဲ့ ခင်ဗျားက ရန်ကုန်ကို ဘယ်လိုကနေ ဘယ်လိုရောက်လာရတာလဲ. . . ပြောပါဦး"

စိုင်းဆမ်လောက အနီးမှာ ရှိနေသော ရေခွက်ကို ယူပြီး မော့သောက်လိုက်ပြီးမှ စကားပြန်ဆက်သည်။





"အဖေ အဖမ်းခံနေရတော့ ကျွန်တော်တို့ မောင်နှမလည်း ဘာလုပ်ရမှန်း မသိဘဲ ဖြစ်နေတဲ့အချိန်မှာ တစ်နေ့တော့ စာတစ်စောင် ရောက်လာပါတယ်၊ အထဲမှာ ရေးထားတာက ပတ္တမြားကြီးကို လိုချင်ရင် စကော့ဈေးအနီးက တရုတ်သချိုင်းကို လာခဲ့ရမယ်လို့ ရေးထားတာနဲ့ ကျွန်တော်တို့ မောင်နှမလည်း အဖေ့အတွက်နဲ့ အရဲစွန့်ပြီး ရန်ကုန်ကို လာခဲ့ကြတာပါပဲ"

"နောက်တော့ ဘယ်လိုဖြစ်ခဲ့ကြသလဲ"

"တရုတ်သချိုင်း ရောက်တော့ လူဆိုးလူမိုက်တွေနဲ့ တွေ့ရပြီး ကျွန်တော့်ကို အသေသတ်ကြတာပါပဲ၊ ညီမလေးကိုတော့ သူတို့ ခေါ်သွားကြသလား၊ ဒါမှမဟုတ် ဘယ်ရောက်သွားသလဲ ဆိုတာ မသိရတော့ပါဘူးဗျာ၊

ဆရာကြီးတို့အနေနဲ့ ကယ်နိုင်ရင် ကယ်ပေးကြပါ။ ကျွန်တော်တို့ မိသားစုမှာ ဒီပတ္တမြားကို တွေ့တဲ့နေ့ကစပြီး သုံးယောက်စလုံး ဒုက္ခတွေ့ကြရပြီ၊ ကယ်နိုင်ရင် ကယ်ပေးကြပါဦးဗျာ"

ဟု ငိုသံပါကြီးနှင့် တောင်းပန်ပြောဆိုလေသည်။

"ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ကွာ၊ မင်း ငါတို့နဲ့ တွေ့ပြီးမှတော့ ဒီလောက်စိတ်ပူစရာ မရှိတော့ပါဘူး၊ မင်းရဲ့ ဒဏ်ရာတွေလည်း ပျောက်ကင်းအောင် ကုသပေးပါ့မယ်၊ မင်းနှမလေးရဲ့သတင်းကိုလည်း ရအောင်စုံစမ်းပေးမယ်၊ နောက်ပြီး သူတို့ပြောတဲ့အတိုင်း ပျောက်သွားတဲ့ ပတ္တမြားကြီး ရန်ကုန် ရောက်နေတယ်ဆိုရင်လည်း သတင်းရအောင် စုံစမ်းပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်ရာ စိုင်းဆမ်လောမှာ များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။

ထို့နောက် ဦးဗန်ကောင်းက စိုင်းဆမ်လောအတွက် သောက်စရာဆေးများ ပေးထားခဲ့ပြီး နှစ်ယောက်သား အပြင်ဘက်သို့ ထွက်လာကြလေသည်။

အပြင်ဘက်သို့ ရောက်သောအခါ ဦးဗန်ကောင်းက ပြောသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ ကျုပ်တို့တော့ အိမ်ပေါ်မှာ နေရင်းနဲ့ အလုပ်တစ်ခု လက်ခံရသလို ဖြစ်နေပြီ၊ မောင်ရင်ရော ဘယ်လိုသဘောရသလဲ"

"ဒုက္ခရောက်နေတဲ့လူတွေဆိုတာ ကယ်တင်ကောင်းပါတယ်၊ အကူအညီပေးဖို့ ကတိပေးထားပြီဆိုတော့ အကူအညီပေးရမှာပေါ့"

"ဒါထက် သူပြောသလို ပျောက်သွားတဲ့ ပတ္တမြားကြီးက ရန်ကုန်ရောက်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ်. . . ဒီပတ္တမြားကို အကြောင်းပြုပြီး သူတို့မောင်နှမကို ဒုက္ခပေးဖို့ တမင်ကြံစည်တာပဲ ဖြစ်မှာပါ"

"ဒီတော့ ဘယ်လိုလုပ်မှာလဲ"

"အမှုစဖြစ်တဲ့ ဗိုလ်ချုပ်ဈေးနားက တရုတ်သချိုင်းကို အရင်သွားပြီး စုံစမ်းကြည့်ရမှာပေါ့"

"အခြေအနေထူးရင် လာပြောပါဦး၊ နောက်ပြီး သိပ်အရေးကြီးတဲ့ကိစ္စတွေနဲ့ ကြုံရရင် ကြံ့တောသချိုင်းက မှန်ကင်းစံ





အဖွဲ့နဲ့ သွားတွေ့လိုက်၊ ငါ့ရဲ့မိတ်ဆွေဆိုရင် သူတို့က အကူအညီပေးပါလိမ့်မယ်"

ဟု ပြောသည်။

ဒေါက်တာမင်းထင်ကျော်လည်း ကားကို မောင်းပြီး ဗားကရာမှ စကော့ဈေး(ယခု ဗိုလ်ချုပ်ဈေး)ရှိရာသို့ ထွက်လာခဲ့လေသည်။

ကိုလိုနီခေတ်ဦးကာလက ယခု ဗိုလ်ချုပ်အောင်ဆန်းဈေးဟု ခေါ်သော စကော့ဈေးနေရာတွင် 'အယ်လီပန်စတုံး ရုပ်ရှင်ရုံ' များ ရှိလေသည်။

ရုပ်ရှင်ရုံများရှေ့မျက်နှာစာတွင် အစားအသောက်ရောင်းချသည့်ဆိုင်များ ရှိပြီး ညနေလေးနာရီမှ စကာ စည်ကားနေလေ့ရှိသည်။

ထို့နောက်. . .

ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့မှ ရုပ်ရှင်ရုံများကို ဖယ်ရှားပြီး (၁၉၂၆)ခုနှစ်တွင် ဈေးသစ်ကြီးကို ဆောက်လုပ်ခဲ့လေသည်။

ဈေးသစ်ကြီးမှာ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ဈေး၏ မျက်နှာစာတွင် နာရီစင်ကြီးတစ်လုံးကိုလည်း တပ်ဆင်ထားသည်။ ဈေးသစ်ကြီးကို မြူနီစပယ်မင်းကြီး စကော့အား ဂုဏ်ပြုသောအားဖြင့် စကော့ဈေးဟု ခေါ်ဆိုခဲ့ကြလေသည်။

ဂျပန်ခေတ်တွင် "ရန်နိုင်ဈေး" ဟူသော အမည်ကို ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသော်လည်း စစ်ပြီးကာလနောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com


တွင် ဗိုလ်ချုပ်အောင်ဆန်းဈေးဟုသာ အမည်တွင်ခဲ့လေသည်။

ဗိုလ်ချုပ်ဈေးအနီးရှိ(Cathedral of the Holy Trinity) ခရစ်ယာန်ဘုရားရှိခိုးကျောင်း တည်ဆောက်ထားသောနေရာမှာ ရှေးအခါက တရုတ်သင်္ချိုင်း တည်ရှိရာနေရာပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်သည် တရုတ်သင်္ချိုင်း အပေါက်ဝသို့ရောက်သော်အခါ မော်တော်ကားကို တစ်နေရာတွင် ရပ်ထားခဲ့ပြီး အသင့်ယူဆောင်လာသောပစ္စည်းအချို့ကို ကိုင်ကာ တရုတ်သင်္ချိုင်းအတွင်းသို့ ဝင်သွားလေသည်။

သူဝင်လာတာ မြင်တော့ သင်္ချိုင်းစောင့် တရုတ်လူမျိုးအဘိုးကြီးတစ်ယောက်က အပြင်ထွက်လာသည်။

"ဘာကိစ္စရှိသလဲ"

တရုတ်လေသံဝဲဝဲဖြင့် မေးလိုက်သည်။

"ခင်ဗျားက ဒီသင်္ချိုင်းက အစောင့်လား"

"ဟုတ်တယ်"

"မေးစရာလေး ရှိလို့ပါ"

"ခင်ဗျားက ပုလိပ်ဘက်ကလား"

"မဟုတ်ပါဘူး. . . အရပ်သားတစ်ယောက်ပါပဲ၊ ဒီမှာ ခင်ဗျားအတွက် လက်ဆောင်ပါပါတယ်"

ဟု ပြောဆိုကာ တရုတ်တန်း ဝင်၍ ဝယ်လာသော ဘိန်းရှူရာတွင် အသုံးပြုသော ပြောင်းတံနှင့်ဘိန်းထုပ်ကို ပေးလိုက်ရာ သင်္ချိုင်းစောင့်အဘိုးကြီးမှာ များစွာသဘောကျသွားလေသည်။

"ဘာမေးမှာလဲ"

"တစ်နေ့က ဒီသင်္ချိုင်းထဲမှာ လူရိုက်မှုတစ်ခု ဖြစ်သွားခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်"

"ရိုက်တဲ့အဖွဲ့က ဘယ်သူတွေလဲ"

ထိုစကားကြောင့် သင်္ချိုင်းစောင့် တရုတ်အဘိုးကြီးက အနည်းငယ် တွေဝေသွားသည်။

"ပြောသာ ပြောပါ၊ ခင်ဗျားအတွက် ဘာမှ မဖြစ်စေရပါဘူး"

"ရိုက်တဲ့အဖွဲ့က လမ်းမတော်က ခါးဘိုးထင်နဲ့ သူ့လူတွေပဲ၊ အရိုက်ခံရတဲ့လူကိုတော့ ကျုပ်မသိဘူး"

"ဒီလောက်သိရရင် တော်ပါပြီ"

"တစ်ခုတော့ မှာလိုက်ချင်တယ်၊ ခါးဘိုးထင်တို့နဲ့ မပတ်သက်စေချင်ဘူး၊ ခါးဘိုးထင်ရဲ့နောက်မှာ ကြောက်စရာကောင်းတဲ့လူတွေ ရှိတယ်၊ သူတို့ရဲ့အကြောင်းတွေကို ဒီထက်ပိုပြီးသိချင်ရင် လမ်းမတော်ဖိုးတုတ်ဆီကို သွားမေးရင် ပိုပြီးသိနိုင်တယ်"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် ခါးဘိုးထင်တို့အဖွဲ့က မိန်းကလေးတစ်ယောက်ကို ခေါ်သွားတာ တွေ့လိုက်သလား"

"တွေ့လိုက်တယ်. . . ခါးဘိုးထင်တို့ ခေါ်သွားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြလေရာ ဒေါက်တာမင်းထင်ကျော်လည်း သချိုင်းစောင့် တရုတ်အဘိုးကြီးအား နှုတ်ဆက်ကာ တရုတ်သချိုင်းအတွင်းမှ ပြန်ထွက်ခဲ့လေသည်။







## အခန်း(၅)

# အမှောင်ရိပ်အတွင်းမှ ခြောက်ရန်သူ

လမ်းမတော်ဖိုးတုတ် ရှိရာသို့ သွားသောအခါ ကမာရွတ် ဂါတ်တဲမှ စုံထောက်ကျော်စွာနှင့် အတူတူ သွားကြသော်လည်း ကျော်စွာက လမ်းတစ်နေရာတွင် နေခဲ့ပြီး ဒေါက်တာမင်းထင်ကျော် တစ်ယောက်တည်း လမ်းမတော်ဖိုးတုတ်နေအိမ်သို့ သွားလေသည်။

လမ်းမတော်တစ်ဝိုက်တွင် ငှင်းနေထိုင်သောအိမ်ကို ရှာဖွေရသည်မှာ မခက်ခဲလှပေ။

သို့သော်လည်း အိမ်အတွင်း ဝင်ဖို့တော့ အခက်အခဲရှိသည်။ အိမ်ပေါက်ဝတွင် အသားမည်းမည်း၊ ဗလထွားထွား


www.burmeseclassic.com

www.burmeseclassic.com



ကောင်းနှင့် လူမိုက်နှစ်ယောက်က စောင့်နေလေသည်။

ဝင်းတို့နှင့် လက်တစ်ကမ်းအကွာမှာ တုတ်ရှည်ရှည်တစ်ချောင်း၊ ငှက်ကြီးတောင်ဓါးနှင့် ဓါးမြှောင်စသည်တို့ကို အရံသင့်တင်ထားလေသည်။

“ဘာကိစ္စလဲ”

“ဦးဖိုးတုတ်နဲ့ တွေ့ချင်လို့ပါ”

“ဘယ်သူလွှတ်လိုက်တာလဲ”

“ကြံတောသချိုင်းက မှန်ကင်းစံအဖွဲ့က လွှတ်လိုက်တာပါ”

“ဘာအထောက်အထား ပါသလဲ”

ဒေါက်တာမင်းထင်ကျော်က ဖရေဇာ ကုတ်အင်္ကျီအတွင်းမှ ဦးဘမှန် ရေးပေးလိုက်သည့် စာရွက်ခေါက်ကလေးကို ထုတ်ပေးလိုက်သည်။ ထိုလူက စာရွက်ခေါက်ကို ယူကြည့်ပြီး ပြန်ပေးသည်။

“ကောင်းပြီ. . . ဆရာကြီး ဘုရားရှိခိုးနေတယ်၊ ခဏတော့ စောင့်ရမယ်”

ဟု ပြောပြီး အိမ်ထဲသို့ ခေါ်ကာ ကုလားထိုင်တစ်လုံးမှာ နေရာပေးလေသည်။

လမ်းမတော်ဖိုးတုတ် နေထိုင်သောအိမ်မှာ အတော်အတန် ကျယ်ဝန်းပြီး အိမ်တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ နာမည်ကြီး လူ





တစ်ယောက်နေအိမ်သို့ လူဆိုးလူမိုက်များဖြင့် ပြည့်နေလိမ့်မည်ဟု ထင်ထားသော်လည်း ယခုတော့ အိမ်ပေါက်ဝမှာ စောင့်နေသော လူနှစ်ယောက်မှလွဲပြီး အခြားဘယ်သူမှ မတွေ့ရပေ။

အိမ်အလယ်နေရာလောက်မှာတော့ လမ်းမတော် ဖိုးတုတ်၏ဓါတ်ပုံကို ပုံကြီးချဲ့ကာ ချိတ်ဆွဲထားသည်။

လမ်းမတော်ဖိုးတုတ်မှာ မြန်မာပီသသည့်ရုပ်ရည်ရှိသူဖြစ်သည်။ မျက်ခုံးအောက်မှ စူးရှထက်မြက်သော မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့အပြင် သေသပ်စွာ ညှပ်ထားဟန်ရှိသော နှုတ်ခမ်းမွေးတို့မှာ ပို၍ခန့်ထည်ဟန်ရှိသည်။

ပိုးပုဝါကို ပေါင်းထားပြီး တိုက်ပုံအင်္ကျီ၊ ဘန်ကောက်လုံချည်၊ ရှူးဖိနပ်ကို စီးကာ ကုလားထိုင်ပေါ်မှာ စတိုင်ကျကျထိုင်ကာ ရိုက်ထားသည့်ဓါတ်ပုံဖြစ်သည်။

မျက်နှာပေါက်ကျပုံ၊ သွင်ပြင်ဟန်အမူအယာတို့မှာ ဂျွန်ဆရာစံနှင့် များစွာတူလှပေသည်။

ဒေါက်တာမင်းထင်ကျော်က အတွေးကောင်းနေစဉ် ဘုရားခန်းဘက်မှ လူတစ်ယောက် ထွက်လာသည်။

လမ်းမတော်ဖိုးတုတ်အမည်ခံ ဦးဖိုးတုတ်ပင်ဖြစ်သည်။ သူသည် ဓါတ်ပုံထဲမှ မျက်နှာအတိုင်းဖြစ်ပြီး သာမန်အဝတ်အစားတို့ကို ဝတ်ဆင်ထားသည်။

လမ်းမတော်ဖိုးတုတ်က ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ သိမ်မွေ့စွာ ပြုံးပြလေရာ နေရာမှ ထကာ နှုတ်ဆက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဖိုးတုတ်က ရှေ့မှာ ရှိသော ကုလားထိုင်မှာ ဝင်ထိုင်သဖြင့် ဒေါက်တာမင်းထင်ကျော်က ပြန်ထိုင်လိုက်သည်။

"ရဲမင်းကြီး လွှတ်လိုက်တာများလား၊ အရင်က တစ်ခါမှ မမြင်ဖူးပါလား"

"ကျွန်တော်က ပုလိပ်ဘက်က မဟုတ်ပါဘူး၊ ကျွန်တော့် နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်နာမည်က ဦးဖိုး တုတ်ပါ"

ဒေါက်တာမင်းထင်ကျော်က ကုတ်အင်္ကျီအတွင်းမှ ဦးဘမှန် ရေးပေးလိုက်သော စာရွက်ခေါက်ကလေးကို ကမ်းပေးလိုက်ရာ လမ်းမတော်ဖိုးတုတ် ယူကြည့်သည်။

"မှန်ကင်းစံနဲ့ အဆက်အသွယ်ရှိသူပဲ၊ ကျုပ်ဆီ လာတာ ဘာသိချင်တာ ရှိလို့လဲ"

ဟု လိုရင်းအချက်ကို မေးသည်။

"မဲဘိုးထင်အကြောင်း သိချင်လို့ပါ"

"မဲဘိုးထင်က ဦးဒီပရဲ့လက်ရင်းတပည့်တစ်ယောက် ပဲ"

"ဦးဒီပရဲ့အကြောင်းကို နည်းနည်းလောက် သိချင်ပါ တယ်"

"ဦးဒီပက လတ္တာလမ်းမှာ နေတယ်၊ ဒါပေမယ့် သူက နေရာအတည်တကျ မရှိဘူး၊ ရန်ကုန်မြို့ထဲမှာ သူပိုင်ဆိုင်တဲ့ နေရာတွေ အများကြီးရှိတယ်"





"သူ့ရဲ့အလုပ်တွေက ဘာတွေလဲ"

"မကောင်းတာ မှန်သမျှ အားလုံးလုပ်တယ်၊ အဓိက,က တော့ ဘိန်းမှောင်ခိုလုပ်တဲ့အလုပ်ပဲ၊ တရုတ်တန်းဘက်မှာ ဘိန်း ခန်းတွေ၊ ဇိမ်ခန်းတွေ အများကြီး ပိုင်ထားတယ်၊ သူ့မှာ အားကိုး ရတဲ့ လူဆိုးလူမိုက်တွေ အများကြီး ရှိတယ်၊ တိုတိုပြောရရင် တော့ ဦးဒီပဆိုတာ တရုတ်ကပြားတစ်ယောက်ပဲ၊ ကြေးစားလုပ် ရတဲ့ မကောင်းမှုအလုပ်မှန်သမျှ အားလုံးလုပ်တယ်"

"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ် ဦးဖိုးတုတ်၊ ကျွန်တော်သိချင်တဲ့အကြောင်းက တစ်နေ့တုန်းက စကော့ဈေး နားက တရုတ်သချိုင်းမှာ လူတစ်ယောက်ကို ရိုက်ပြီး မိန်းကလေး တစ်ယောက်ကို ဖမ်းခေါ်သွားတဲ့ကိစ္စပါပဲ"

ထိုစကားကြားသောအခါ လမ်းမတော်ဖိုးတုတ်က အတန်ကြာအောင် စဉ်းစားနေသည်။

"အဲဒါ နောက်က တစ်ယောက်က ငွေပေးခိုင်းလို့ လုပ် ကြတာပါ။ မိန်းကလေးကတော့ သူတို့လက်ထဲမှာ ရှိတယ်"

"မိန်းကလေးကို ဘယ်နေရာမှာ ထားသလဲ ဦးဖိုးတုတ်"

"တရုတ်တန်းက ဦးဒီပ ပိုင်တဲ့အခန်းတစ်ခုရဲ့အပေါ် ထပ်မှာ ထားတယ်၊ ဒါပေမယ့် တော်ရုံနဲ့တော့ ပြန်ရဖို့ လွယ်မယ် မထင်ဘူး"

ဟု ပြောပြသည်။

ရှေးအခါက ရန်ကုန်မြို့တွင် လူဆိုးလူမိုက်များမှာ နယ် မြေအပိုင်းအခြား ရှိကြရာ တစ်ဦးနယ်မြေသို့ ကျန်တစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်နှောင့်ယှက်လေ့ မရှိကြပေ။

လမ်းမတော်တစ်ဝိုက်မှာ လမ်းမတော်ဖိုးတုတ်အပိုင်စားနယ်မြေဖြစ်ရာ အခြားလူဆိုးလူမိုက်များ ဝင်ရောက်လေ့ မရှိကြပေ။

ထို့အတူ တပ်ကလေးရပ်ဟု ခေါ်သော တရုတ်တန်းတစ်ဝိုက်မှာလည်း ဦးဒီပတို့ ကျက်စားရာနေရာဖြစ်ရာ လမ်းမတော်ဖိုးတုတ်၏လူများက သွားရောက်စွက်ဖက်လေ့ မရှိပေ။

"အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ် ဦးဖိုးတုတ်၊ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"ရပါတယ်. . . မှန်ကင်းစံနဲ့ ပတ်သက်တဲ့လူတွေပဲ၊ တတ်နိုင်သမျှအကူအညီပေးရမှာပေါ့။ နောက်လည်း အကြောင်းကိစ္စရှိရင် လာခဲ့ပါ၊ ကျုပ်တတ်နိုင်တာဆိုရင် အကူအညီပေးပါ့မယ်"

ဟု ဖော်ဖော်ရွေရွေပင် ပြောဆိုလိုက်လေသည်။

တကယ်တော့လည်း လမ်းမတော်ဖိုးတုတ်မှာ လူဆိုးလူမိုက်တစ်ဦးအဖြစ် နာမည်ကြီးသော်လည်း တကယ်တမ်းဆိုမူ ဘာသာရေး ကိုင်းရှိုင်းသူတစ်ဦးဖြစ်ပြီး ဆက်ဆံရေး ပြေပြစ်သူတစ်ဦးဖြစ်ပေသည်။

လမ်းမတော်ဖိုးတုတ်အိမ်မှ ပြန်ထွက်လာသောအခါ ညနေပိုင်းအချိန်ဖြစ်နေချေပြီ။

သူသည် စုံထောက်ကျော်စွာ စောင့်နေသော လက်ဖက်ရည်ဆိုင်သို့ လာခဲ့လေသည်။





"အခြေအနေ ဘာထူးသလဲ ကိုမင်းထင်ကျော်"

ဒေါက်တာမင်းထင်ကျော်က လမ်းမတော်ဖိုးတုတ်ထံမှ သိခဲ့ရသမျှကို ပြန်ပြောပြလိုက်သည်။

ကျော်စွာက စီးကရက်တစ်လိပ်ကို ဖွာကာ နားထောင်နေလေသည်။

"ဓါးဘိုးထင်တို့နဲ့ ပတ်သက်နေတော့ ဦးဒီပလက်ချက်ဖြစ်မယ်လို့တော့ ထင်ထားပါတယ်"

"ဘယ်လိုလုပ်ကြမလဲ ကိုကျော်စွာ"

"ဒီလိုပဲ ရအောင်စုံစမ်းရမှာပေါ့၊ လာဗျာ. . . ကျွန်တော်တို့ တရုတ်တန်းဘက် သွားကြရအောင်"

ဟု ပြောဆိုကာ နှစ်ယောက်သား ထွက်ခဲ့ကြလေသည်။

ရှေးအခါက တပ်ကလေးရပ်ဟု ခေါ်ပြီး ယခု တရုတ်တန်းဟု လူသိများနေရာ ရန်ကုန်မြို့လယ် အချက်အချာကျသောနေရာတစ်ခုပင်ဖြစ်ပေသည်။

ထိုနေရာတစ်ဝိုက်တွင် တရုတ်လူမျိုးများ အများစု နေထိုင်လေသည်။

လတ္တာလမ်း(ယခုလသာလမ်း)နှင့် ကုန်ဈေးတန်းလမ်းမအကြား ရွှေတိဂုံဘုရားလမ်းမ ဝန်းကျင်တစ်ဝိုက်မှာ ကုန်းဘောင်ခေတ်က တပ်ကလေးရပ် တည်ရှိရာနေရာဖြစ်သည်။

ထိုစဉ်က နေထိုင်ခဲ့ကြသော တရုတ်အမျိုးသားများမှာ ဖူကျန်(အကျီရှည်)နှင့် ကွမ်တုံ(အကျီတို)များဖြစ်ကြသည်။

ဒေသခံမြန်မာတို့က ဖူကျန်နှင့် ကွမ်တုံပြည်နယ်သား



www.burmeseclassic.com

www.burmeseclassic.com



များ ဝတ်ဆင်သော ဝတ်စားဆင်ယင်ပုံကို ကြည့်ပြီး ခေါ်ဝေါ်ကြခြင်းဖြစ်ပေသည်။

ရန်ကုန်မြို့ စတည်စဉ်အချိန်ကတည်းက တရုတ်ပြည်မှ တရုတ်လူမျိုးတို့သည် ရွက်သင်္ဘောများဖြင့် ရန်ကုန်မြို့သို့ ရောက်လာကာ အခြေချ နေထိုင်ခဲ့ကြသည်။

၎င်းတို့ ရောက်စက တပ်ကလေးရပ်မှာ စုဝေးနေထိုင်ခဲ့ကြရာ ကာလကြာသောအခါ တပ်ကလေးရပ် အမည်ပျောက်ကာ တရုတ်လူမျိုးများ စုဝေးနေထိုင်ရာကို တရုတ်တန်းဟု စတင်အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီး (၁၈၂၆)ခုနှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည့် ဗြိတိသျှသံအမတ် ဂျွန်ကရော့ဖို့ဒ်၏မှတ်တမ်းအရ ထိုအချိန်ကပင် ရန်ကုန်ဆိပ်ကမ်းတစ်ဝိုက်တွင် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်သော တရုတ်လူမျိုးများကို တွေ့ခဲ့ရသည်ဟု ဆိုပါသည်။

စကော့ဈေး(ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး)အနီး ခရစ်ယာန်ဘုရားကျောင်း တည်ဆောက်ထားသောနေရာမှာ ရှေးကတည်းက အသုံးပြုသော တရုတ်သင်္ချိုင်း နေရာဟောင်းပင်ဖြစ်ပေသည်။

ညနေပိုင်းအချိန်မို့ တရုတ်တန်းတစ်ဝိုက်မှာ စားသောက်ဆိုင်များဖြင့် စည်ကားလျက်ရှိနေလေသည်။

တရုတ်တန်းတဝိုက်တွင် ရှေ့တွင် လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ ဘားဆိုင်များ ဖွင့်ထားသော်လည်း အနောက်





ဘက်အခန်းများတွင် လောင်းကစားဝိုင်းများ၊ ဂျင်ဝိုင်းများ၊ ဇိမ်ခန်းများနှင့် ဘိန်းခန်းများကို အမိက ထား၍ စီးပွားရှာကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ထိုနေရာမှ ဖြတ်လျှောက်သွားသောအခါ အခန်းပေါက်ဝများမှာ ရပ်နေကြသော ညှော်ကြိုများက အကဲခတ်သလို ကြည့်နေကြသည်။

အချို့ကလည်း ပေါ်ပေါ်ထင်ထင်ပင် ဖိတ်ခေါ်ကြသည်။

"ဆရာ လောင်းကစားဝိုင်းကောင်းကောင်း ကစားချင်ရင် ဒီအထဲကို လာပါ"

"တောက ရောက်လာတဲ့ အသစ်ကလေးတွေ ရှိတယ်၊ ပျော်ချင်ရင်တော့ ဝင်လာခဲ့ပါ"

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်က ဟန်မပျက် ဆက်လျှောက်ပြီး လသာလမ်းဘက် ရောက်သောအခါ လက်ဝဲဘက်သို့ ချိုးဝင်လာလေသည်။

အချိန်ကလည်း ညဦးပိုင်းအချိန်ရောက်လာပြီမို့ ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ရိပ်များ ဖုံးလွှမ်းစပြုလာချေပြီ။

လမ်းမီးတိုင်များမှ မီးရောင်ရှိသည်ဆိုသော်လည်း နေရာအတော်များများမှာ အမှောင်ရိပ်များက ဖုံးလွှမ်းထားလေသည်။

ထိုအချိန်မှာပင် မိုးက တဖွဲဖွဲ ရွာချလာသောကြောင့် နှစ်ယောက်သား နီးစပ်ရာဆိုင်တစ်ဆိုင်သို့ ဝင်ကာ မိုးခိုရှာသော



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့သည်။

ညဦးပိုင်းအချိန်သာ ရှိသေးသော်လည်း လတ္တာလမ်း (လသာလမ်း)တစ်ဝိုက်မှာ လူသူကင်းရှင်းကာ တိတ်ဆိတ်ငြိမ် သက်လျက်ရှိနေလေသည်။

ထိုလမ်းမှာ နေ့အခါမှာ လူသွားလူလာများ ရှိသော် လည်း ညအချိန်ရောက်လာသောအခါ လူသွားလူလာ မရှိသ လောက် ရှင်းသွားလေသည်။ အရက်ဆိုင်နှင့် အခြားအစား အသောက် ရောင်းသောဆိုင်များမှာလည်း ထိုအချိန် ရောက် လျှင် ပိတ်သိမ်းကြသည်။

အရက်ဆိုင်အချို့က တစ်ခါတစ်ရံ ညဉ့်နက်ခံပြီး ဖွင့် ထားလေ့ရှိသည်။

ယခုလည်း မိုးတဖွဲဖွဲ ရွာသွန်းနေသောကြောင့် အချို့ ဆိုင်များမှာ ခပ်စောစော ပိတ်ကြလေရာ လမ်းတစ်လျှောက်လုံး တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

ထို့ပြင် ဆိုင်များမှ မီးရောင်များ မရှိတော့သည်က တစ် ကြောင်း၊ လမ်းမီးရောင်များကလည်း အားမကောင်းလှသော ကြောင့် လတ္တာလမ်းတစ်လျှောက်မှာ မှုန်ဝါးဝါးဖြစ်နေလေ သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် လျှောက်လာ စဉ် မလှမ်းမကမ်းမှ နောက်ယောင်ခံ၍ လိုက်လာသော လူလေး ငါးယောက်ကို တွေ့ရသည်။

ကျော်စွာက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်





ကြည့်လိုက်ရာ ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက် သည်။ လူငါးယောက်မှာ မိုးကာအင်္ကျီများကို ဝတ်ထားပြီး ဦး ထုပ်များ ဆောင်းထားသောကြောင့် မျက်နှာကို မမြင်ရပေ။

နှစ်ယောက်သား လျှောက်လာစဉ် တရုတ်ဘုရား ကျောင်းအလွန်နေရာ ရောက်သောအခါ အရက်နှင့် စား သောက်စရာများ ရောင်းသောဆိုင်တစ်ဆိုင်ကို လှမ်းမြင်ရသည်။ လတ္တာလမ်းတစ်လျှောက် ထိုဆိုင်တစ်ဆိုင်သာ မီးရောင်ထွက်နေ လေသည်။

ဆိုင်ထဲသို့ ဝင်သွားသောအခါ လူတစ်ယောက်မှ မရှိ ပေ။

ဆိုင်ရှင်ဖြစ်ဟန်တူသော တရုတ်ကြီးက ခွေးခြေတစ်လုံး ပေါ်မှာ ထိုင်၍ နံရံကို ကျောမှီကာ ဆေးတံကို စိမ်ပြေနပြေ သောက်နေလေသည်။

အခန်းထဲမှာ ပြန့်လွင့်နေသော မီးခိုးများက စိမ်းရွှေရွှေ အနံ့များ ရှိနေလေသည်။

သူတို့ ဝင်လာတော့ မိုးအေးအေးနှင့် စည်းစိမ်ယူနေ သော တရုတ်ကြီးက တစ်ချက်လှမ်းကြည့်သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်က လမ်းမ ဘက်သို့ လှမ်းမြင်ရသော အခန်းထောင့်ရှိ စားပွဲမှာ ဝင်ထိုင်လိုက် ကြသည်။

စားပွဲမှာ မိုးငွေ့များကြောင့် စေးထန်းထန်းဖြစ်နေသည်။ သူတို့နှစ်ယောက် ဝင်ထိုင်တော့ တရုတ်ကြီးက ဆေးတံကိုမျှ



www.burmeseclassic.com

www.burmeseclassic.com

ထားပြီး အဝတ်တစ်စကို ယူကာ နေရာမှ ထလာလေသည်။ စားပွဲအနီးသို့ ရောက်သောအခါ ထုံးစံအတိုင်း စားပွဲကို အဝတ်စဖြင့် ပွတ်တိုက်ပေးရင်း မေးသည်။

"ဘာစားမလဲ. . . ဘာသောက်မလဲ"

"ဘရမ်ဒီနှစ်ပက်နဲ့ ဆော်ဒါပေး"

"အစားအသောက်ပါ လုပ်ပေးရဦးမလား"

"ဂဏန်းလက်မကြော် ရရင် တစ်ပွဲပေးပါ"

တရုတ်ကြီးက ခေါင်းညိတ်ပြပြီး ပြန်ထွက်သွားသည်။ ခဏကြာတော့ ဖန်ခွက်၊ ရေခဲ၊ အရက်ပုလင်းတို့ကို အရင်လာပို့ပေးသည်။

ချက်ချင်းဆိုသလို မီးဖိုအတွင်းမှ အကြော်နံ့များ ထွက်လာသည်။

နှစ်ယောက်သား အရက်တစ်ခွက်စီသောက်ရင်း စကားပြောကြသည်။

"လမ်းမတော်ဖိုးတုတ်ဆီက ဘာသတင်းတွေ သိခဲ့ရသလဲ ကိုမင်းထင်ကျော်"

"သတင်းကတော့ အစုံပဲ၊ တရုတ်တန်းက ဦးဒီပတို့ လက်ချက်ဆိုတာကတော့ သေချာတယ်"

"ဓါးဘိုးထင်က ဦးဒီပရဲ့လက်ရင်းတပည့်ပဲ၊ ဒါထက် ဓါးထိုးခံရတဲ့လူရဲ့အခြေအနေရော ကောင်းရဲ့လား"

"ကောင်းပါတယ်. . . ဦးဖန်ကောင်း ဆေးကုပေးလို့ အတော်လေး သက်သာနေပါပြီ"





"ဒါထက် သူက ဘယ်အရပ်ကတဲ့လဲဗျ"

ဒေါက်တာမင်းထင်ကျော်က စိုင်းဆမ်လော့ထံမှ သိရသောအကြောင်းများကို ကျော်စွာအား ပြောပြလိုက်လေသည်။

ကျော်စွာက အရက်ခွက်ကို စိမ်ပြေနပြေ သောက်ရင်း နားထောင်နေသည်။

"ဒါဖြင့် မိန်းကလေးက သူတို့လက်ထဲမှာပေါ့"

"ဟုတ်တယ်"

"သူတို့နဲ့ ဘယ်လိုဆက်စပ်မှု ရှိလို့ ဖမ်းထားတာလဲ"

"နောက်က တစ်ယောက်ယောက်က ငွေပေးခိုင်းလို့ ဖြစ်မှာပေါ့"

"ကိုမင်းထင်ကျော် ပြောတဲ့အထဲမှာ ဘုရားဌာပနာထည့်ထားတဲ့ ပတ္တမြားကြီးကိစ္စကလည်း ပါသေးတယ်၊ ပတ္တမြားကြီးရဲ့သဲလွန်စရော သိရပြီလား"

"အခုလောလောဆယ်တော့ မသိရသေးဘူး၊ ဦးဒီပတို့ ဖမ်းထားတဲ့ မိန်းကလေးကို ရအောင်ကယ်ပြီးရင်တော့ သဲလွန်စ သိရနိုင်တယ်"

"ဒါထက် မိန်းကလေးကို ဘယ်မှာ ဖမ်းထားသတဲ့လဲ"

"တရုတ်တန်းက ဦးဒီပ ပိုင်တဲ့ အခန်းတစ်ခန်းရဲ့အပေါ်ထပ်မှာလို့ လမ်းမတော်ဖိုးတုတ်က ပြောလိုက်တယ်"

စုံထောက်ကျော်စွာက အရက်ကို လက်စသတ်လိုက်ပြီး ဖန်ခွက်ကို စားပွဲပေါ် ပြန်ချထားလိုက်သည်။

ထိုအခိုက်မှာပင် မှာထားသော ဂဏန်းလက်မကြော်



www.burmeseclassic.com

www.burmeseclassic.com

ပန်းကန်လာချပေးသဖြင့် စကားပြတ်သွားကြသည်။

"အရက်သောက်ပြီးလို့ ပျော်ချင်ရင် နောက်ဘက်ခန်းမှာ အသစ်ကလေးတွေ ရှိတယ် ဆရာ"

ဂဏန်းလက်မကြော်ပွဲ လာချပေးသော တရုတ်ကြီးက လေသံတိုးတိုးဖြင့် ပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်က ပြုံး၍ ခေါင်းခါပြလိုက်မှ ပြန်ထွက်သွားသည်။

"ဒီကိစ္စက မတရား အကွက်ဆင်တဲ့အမှုမျိုးဖြစ်နိုင်တယ်၊ ဦးဒီပတို့နဲ့ ပတ်သက်နေတော့ ခက်ခက်ခဲခဲ လုပ်ရမှာ သေချာတယ်၊ ဒါပေမယ့် ကိုမင်းထင်ကျော် ပါလာလို့ အားရှိတာတော့ အမှန်ပဲ"

ဟု ကျော်စွာက ပြောသည်။

ထိုအခိုက်မှာပင် လူငါးယောက် ဝင်လာပြီး အခန်းပေါက်ဝမှ စားပွဲပေါ်မှာ ဝင်ထိုင်လိုက်ကြသည်။

ဆိုင်တွင်း ရောက်သော်လည်း မိုးကာအင်္ကျီများကို မချွတ်ဘဲ ဦးထုပ်များကိုသာ ချွတ်၍ စားပွဲပေါ် တင်လိုက်ကြသည်။ အားလုံး လူဆိုးလူမိုက်ရုပ်များဖြစ်ကြသည်။

၎င်းတို့သည် အရက်ပုလင်းများကို မှာကာ သောက်နေကြလေသည်။

ထိုအခိုက်မှာပင် ဖရေဇာလမ်း(ယခုအနော်ရထာလမ်း) ဘက်မှ မောင်းလာသော မော်တော်ကားတစ်စီးသည် လတ္တာလမ်းအတွင်းသို့ ချိုးကွေ့ဝင်လာသည်။

မော်တော်ကားမီးရောင်က မိုးတဖွဲဖွဲအောက်မှ အထင်းသား ပေါ်လာလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က အမှတ်မထင် လှမ်းကြည့်နေကြစဉ် မောင်းလာသော မော်တော်ကားက လမ်း၏ဟိုဘက် တိုက်တစ်လုံးရှေ့တွင် ရပ်တန့်သွားလေသည်။

ဦးစွာ ကားတံခါးပွင့်သွားပြီး ကားပေါ်မှ လူနှစ်ယောက်ဆင်းလာသည်ကို လှမ်းမြင်ရသည်။

မရှေးမနှောင်းမှာပင် လူတစ်ယောက်က မော်တော်ကားပေါ်မှ အမျိုးသမီးတစ်ယောက်ကို အတင်းဆွဲချနေသည်ကို လှမ်းမြင်ရသည်။

"ဟင်. . ."

ဒေါက်တာမင်းထင်ကျော်ရော ကျော်စွာပါ ထိုမြင်ကွင်းကို စိတ်ဝင်စားသွားသဖြင့် မျက်တောင်မခတ် လှမ်းကြည့်နေကြလေသည်။

ကားပေါ်မှ အမျိုးသမီးက အကြောက်အကန် ငြင်းဆန်နေပြီးမှ အောက်သို့ ရောက်သောအခါ ဆွဲထားသောလက်ကို ဆောင့်ရုန်းလိုက်ပြီးနောက် ကားလမ်းကို ဖြတ်ပြေးလာသည်။

ထိုအခြေအနေကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက် နေရာမှ ထရပ်ကာ အပြင်ဘက်သို့ ထွက်ရန်အလာမှာ အပေါက်ဝမှာ ထိုင်နေသော လူငါးယောက်က တားဆီးလေတော့သည်။ ငါးယောက်စလုံး နေရာမှ ထလိုက်သည်နှင့် လက်ထဲမှာ ဓါးမြှောင်များ ပါလာသည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့ဆုံးမှ ဝင်လာသူကို




www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်တစ်လုံးကို ခြေဖြင့် ကန်ပေးလိုက်ရာ အရှိန်ဖြင့် တိုက်မိကာ လဲကျသွားသည်။

ကျန်နှစ်ယောက်က ဘေးတစ်ဖက်တစ်ချက်မှ ပြိုင်တူဝင်လာရာ ညာဘက်မှ ဝင်လာသောခါးချက်ကို ကိုယ်ကို စောင်းပေးလိုက်ပြီး ခါးကိုင်လက်ကို မိမိရရ ဆုပ်ကိုင်ပြီး ကိုယ်ကို ဆွဲလှည့်လိုက်သည်။

အရှိန်နှင့်မို့ အလိုက်သင့် ပါလာရာ တစ်ဖက်မှ ဝင်လာသော ခါးချက်ကို ဒိုင်းသဖွယ် ကာပြီးသား ဖြစ်သွားကာ ခါးကစိုက်ဝင်သွားလေတော့သည်။

"အင့်. ."

ထိုအခွင့်အရေးကို လက်လွှတ်မခံပဲ ဒေါက်တာမင်းထင်ကျော်က ခါးသမား၏ရင်ဝကို ဆောင့်ကန်လိုက်ရာ နံဘေးသို့ လိမ့်ကျသွားတော့သည်။

ထိုအခိုက်မှာပင် လမ်းဖြတ်ပြေးလာသော အမျိုးသမီးက မီးရောင်မြင်နေရသော ဆိုင်ဘက်သို့ ရောက်လာသည်။

ဒေါက်တာမင်းထင်ကျော်က အပြင်ထွက်သွားသော အခါ သူ့ရှိရာ ပြေးလာပြီးနောက် ရင်ခွင်ထဲသို့ ဝင်လာလေသည်။

"ကျ. . ကျွန်မကို ကယ်ပါရှင်၊ သူတို့ မတရား ဖမ်းဆီးထားတာပါ"

ဟု အနည်းငယ် ဝဲသောလေသံဖြင့် ပြောလိုက်သည်။

"မင်းနာမည် ဘယ်သူလဲ၊ နန်းမွန်ကြည် မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်"





အမျိုးသမီးမျက်နှာပေါ်မှာ အံ့ဩခြင်းနှင့် ထိတ်လန့်ခြင်းများ ရောထွေးသွားသည်။

"မကြောက်ပါနဲ့. . . ငါက မင်းတို့မောင်နှမကို ကယ်မယ့်သူပါ။ မင်းရဲ့အစ်ကို စိုင်းဆမ်လောဂျိုလည်း ငါတို့ ကယ်ထားပါတယ်"

"ဟင်. . . ဒါဖြင့် အစ်ကို မသေသေးဘူးပေါ့၊ ဝမ်းသာလိုက်တာရှင်"

ဟု မျက်ရည်အဝိုင်းသားဖြင့် ပြောလေသည်။

ထိုအခိုက်မှာပင် တဖက်လမ်းပေါ်မှာ တုတ်ခါးလက်နက် ကိုင်ထားသော လူအတော်များများ လမ်းဖြတ်ကူးလာသောကြောင့်. . .

"မင်း ဘာမှ စိတ်မပူနဲ့၊ မကြာခင် ငါတို့ လာကယ်မယ်"

ဟု ပြောကာ နန်းမွန်ကြည်ကို ထိုနေရာမှာပင် ထားခဲ့ပြီး ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက် တဖက်အမှောင်ရိပ်အတွင်းမှ ဖြတ်ကာ ထွက်ပြေးခဲ့ကြရတော့သည်။ ထိုအခိုက်မှာပင် မိုးက သဲသဲမဲမဲ ရွာချလာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ အခိုက်အတန့် တွေ့လိုက်ရသော နန်းမွန်ကြည်၏မျက်နှာက အတွေးပုံရိပ်မှာ ဓါတ်ပုံဖလင်ချပ်ကဲ့သို့ ထင်ဟပ်ကာ ပါလာလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

# လည်ကို ဝင်မည့် အန္တရာယ်ကျော့ကွင်း

ကမာရွတ် ဂါတ်တဲစခန်းအတွင်း၌ဖြစ်သည်။

အင်စပက်တော် ဦးမင်းဟန်သည် ၎င်းစားပွဲပေါ်မှာ တင်ထားသော အမှုတွဲများထဲမှ အပေါ်ဆုံးမှ တင်ထားသော ဖိုင်တစ်ခုကို ယူကာ အသေအချာ ဖတ်နေလေသည်။

သူ့ရှေ့စားပွဲပေါ်မှာ နံနက်ပိုင်း ထုတ်ဝေသော သတင်းစာနှင့် ဂျာနယ်အချို့လည်း တင်ထားလေသည်။

ခဏကြာတော့ အခန်းတွင်းသို့ စုံထောက်ကျော်စွာ ဝင်လာလေသည်။ သူသည် အခန်းတွင်း ရောက်သည်နှင့် အင်



www.burmeseclassic.com

www.burmeseclassic.com



စပက်တော် ဦးမင်းဟန်ကို အလေးပြုလိုက်လေသည်။

"လာထိုင်ကွာ. . . မောင်ကျော်စွာ"

"ဟုတ်ကဲ့ ဆရာ"

"မင်း မနေ့ညက လမ်းမတော်ဘက် သွားတယ်လို့ မှတ်ချက်ရေးထားတာ တွေ့ရတယ်၊ ဒီကနေ့ သတင်းစာဂျာနယ်တွေရော တွေ့ပြီးပြီလား"

"ဖတ်ပြီးပါပြီ ဆရာ"

"ဘယ်လိုဖြစ်ကြတာလဲ ပြောပါဦး"

"ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကယ်ဖို့ ကြိုးစားရင်း လူဆိုးတွေက ဝိုင်းတိုက်ခိုက်ကြတာပါ"

"နောက်တစ်ယောက်က ဘယ်သူလဲ"

"ကျွန်တော့်မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်ပါ"

"ဒီအထဲမှာ ရေးထားတာကတော့ မောင်ရင်တို့နှစ်ယောက်ကို သူခိုးတွေ အကြမ်းဖက်သမားတွေယောင်ယောင် ရေးထားတာပဲ"

"သတင်းရေးတဲ့လူကို ငွေပေးပြီး သူတို့ရေးစေချင်သလို ရေးခိုင်းတာ ဖြစ်ပါလိမ့်မယ်"

ထိုစကားကြောင့် ဦးမင်းဟန်က သဘောကျစွာ ပြုံးလိုက်လေသည်။

"သတင်းစာလောကမှာလည်း အကျင့်ပျက်တဲ့လူတွေ အတော်များတယ်၊ အမှန်တရားကို ရေးဝံ့တဲ့လူက မရှိသလောက်ပါပဲ၊ အမှန်ကို အမှန်အတိုင်း ရေးဝံ့တဲ့လူကျတော့လည်း





အင်္ဂလိပ်အစိုးရက မျက်စေ့ဒေါက်ထောက်ကြည့်ပြီး အပြစ်ရှာဖမ်းဖို့လောက်သာ စိတ်ကူးနေတာကိုး"

"မြန်မာသတင်းစာအသင်းမှာ အင်္ဂလိပ်အစိုးရရဲ့ အကြောင်းတွေကို ရဲရဲဝံ့ဝံ့ ရေးသားဝံ့သူတွေလည်း ရှိပါတယ် ဆရာ၊ အင်ဒီပင်းဒင့် ဒေါ်စန်း၊ ဗန္ဓုလဦးစိန်၊ ဘကြီးဘဖေလို့ ခေါ်တဲ့ ဦးဘဖေ စတဲ့ ဆရာမကြီးတွေ ဆရာကြီးတွေဆိုရင် အင်္ဂလိပ်အစိုးရကို ဂရုမစိုက်ဘဲ အမှန်တရားအတိုင်း ရေးဝံ့ကြတဲ့သူတွေပါ"

"မှန်ပါတယ် မောင်ကျော်စွာ၊ သို့သော်လည်း အတော်များများကတော့ ငွေပေးတဲ့မျက်နှာကိုပဲ ကြည့်ပြီး အမှန်တရားကို မျက်ကွယ်ပြုတတ်ကြတယ်၊ ဒါထက် မောင်ရင် စုံစမ်းနေတဲ့ လူတစ်ယောက်ကို သေကြောင်းကြံစည်ပြီး ကြံတောမှာ လာထားတဲ့ အမှုအခြေအနေကရော ဘယ်လိုထူးပြီလဲ"

စုံထောက်ကျော်စွာက ၎င်းစုံစမ်း၍ရပြီးထားသော အခြေအနေများကို ဦးမင်းဟန်အား ပြောပြလိုက်လေသည်။

"ဒီအမှုရဲ့ကွင်းဆက်တွေကို ကြည့်ရင် တရုတ်တန်း တစ်ဝိုက်မှာ ကြီးစိုးနေတဲ့ ဦးဒီပနဲ့ ပတ်သတ်နေတာပဲ ဆရာ"

ဦးမင်းဟန်က မျက်မှောင်ကျုံ့ကာ စဉ်းစားရင်း ဆေးတံအတွင်းသို့ ဆေးများ ဖြည့်နေလေသည်။

ပြီးမှ မီးခြစ်ဖြင့် မီးညှိဖွာလိုက်သည်။

ထို့နောက် မီးခြစ်ကို ကျော်စွာရှေ့သို့ တွန်းပေးလိုက်သည်။ ဆေးလိပ်သောက်ခွင့်ပြုလိုက်သည့်သဘောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ကပ္ပိတန်စီးကရက်ကို တစ်လိပ်ယူပြီး မီးညှိလိုက်သည်။

"ဦးဒီပဆိုတာ တရုတ်သွေး အတော်များများ ပါတဲ့သူတစ်ယောက်ပဲ၊ ပုလိပ်အဖွဲ့က အလိုရှိနေပေမယ့် လက်ဆုပ်လက်ကိုင် မမိသေးလို့ ဒီအတိုင်း လွှတ်ထားရတဲ့သူပဲ၊

သူ့ရဲ့အဓိက လုပ်ငန်းက ဘိန်းမှောင်ခိုချတဲ့အလုပ်ပဲ၊ အင်္ဂလိပ်အစိုးရအရာရှိတွေကို နင့်လောက်အောင် ပေးကမ်းထားတော့ သူ့လုပ်ငန်းတွေကို မျက်နှာလွှဲထားကြတယ်"

"ဒီနယ်ချဲ့တွေရဲ့လက်အောက်မှာ အမှုထမ်း လုပ်နေရတာ မဟန်ပါဘူး ဆရာရယ်၊ သူတို့ရဲ့ယုတ်မာမှုတွေကြောင့်ပြည်သူတွေက ပုလိပ်ဆိုရင် အယုံအကြည်ကို မရှိကြတော့ဘူး"

"ဒါကတော့ လုပ်မိမှတော့ ကိုယ်လုပ်တဲ့အလုပ် ကောင်းအောင်သာ ကြိုးစားဖို့ လိုပါတယ်၊ ဘယ်သူတရားပျက်ပျက်ကိုယ် မပျက်အောင်သာ ကြိုးစားရမှာပေါ့"

"ဦးဒီပအကြောင်းကို ပြောပြပါဦး ဆရာ"

"ကျုပ်တို့ စုံစမ်းလို့ရသမျှတော့ သူနဲ့ ဘိန်းအရောင်းအဝယ် လုပ်နေတဲ့လူတွေ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမြို့နယ်အတွင်းက ကျိုင်းတောင်းစော်ဘွားက အဓိကပဲလို့ သိရတယ်"

"အခု မဲထိုးခံရတဲ့လူကလည်း ကျိုင်းတောင်းဘက်ကပဲဆရာ"

"ဒီလိုဆိုရင် သူတို့အကြောင်းတွေ သိမှာစိုးလို့များအပျောက်ရှင်းတဲ့သဘောလား"





"ဒါလည်း ပါတယ်၊ တခြားအကြောင်းတွေလည်း ရှိနိုင်ပါသေးတယ်"

"မောင်ကျော်စွာ အခု လိုက်နေတဲ့အမှုက ဦးဒီပတို့နဲ့ပတ်သက်နေတာဆိုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလိုဘိန်းမှောင်ခိုလုပ်ငန်းနဲ့ ပတ်သက်တာတွေကိုလည်း တပါတည်းရအောင် စုံစမ်းစေချင်တယ်"

"စိတ်ချပါ ဆရာ"

"ဦးဒီပရဲ့အတွင်းခန်းထဲမှာ သတင်းထောက်လှမ်းဖို့ကျုပ်တို့လူတွေ ထည့်ထားတယ်၊ သူတို့နဲ့ တွေ့ပြီး အဆက်အသွယ် ရအောင် ကြိုးစားပါ၊ လျှို့ဝှက်သင်္ကေတက ကျားနက်ပဲ၊ကျားနက်လို့ ပြောရင် သူတို့ သိလိမ့်မယ်၊

နောက်တစ်ချက်က အတွင်းကို ဝင်တဲ့အခါမှာ မောင်ရင်ကိုယ်တိုင်ဝင်တာနဲ့ စာရင် တခြားယုံကြည်စိတ်ချရတဲ့ တစ်ယောက်ယောက်ကို လွှတ်တာက ပိုကောင်းတယ်၊ အတွင်းမှာတစ်ယောက်ရောက်နေတုန်း အပြင်က တစ်ယောက်က လိုအပ်သလို အကူအညီ ပေးနိုင်တာပေါ့"

"စိတ်ချပါ ဆရာ၊ ကျွန်တော့်မိတ်ဆွေ ဒေါက်တာမင်းထင်ကျော် ရှိပါတယ်၊ သူနဲ့ တိုင်ပင်ပြီး လုပ်ပါ့မယ်"

ဦးမင်ဟန်က ခေါင်းညိတ်ပြသည်။

"ကြံတောသချိုင်းက သုဘရာဇာသုံးယောက်ကို မောင်ကျော်စွာ သိတယ်မဟုတ်လား"

"မှန်ကင်းစံအဖွဲ့ကို သိပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်ရင် သူတို့အကူအညီကိုလည်း ယူပါ"

စုံထောက်ကျော်စွာက ခေါင်းညိတ်ပြကာ နေရာမှ ထပြီး ဦးမင်းဟန်က အလေးပြုသည်။

ပြီးမှ အခန်းတွင်းမှ ထွက်ခဲ့လေသည်။

သူသည် ဂါတ်တဲမှ အသုံးပြုသော လင့်ရိုဘာကားကို ကိုယ်တိုင်မောင်းကာ ဒေါက်တာမင်းထင်ကျော် နေသော ရွှေတောင်ကြားသို့ ထွက်ခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော် ရှိရာသို့ ရောက်တော့ ကော်ဖီသောက်ကာ သတင်းစာ ဖတ်နေသော ဒေါက်တာမင်းထင်ကျော်ကို အဆင်သင့် တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်သည် တပည့်များ ဖျော်ပေးသော ကော်ဖီကို စိမ်ပြေနပြေသောက်ရင်း မြန်မာသံတော်ဆင့် သတင်းစာကို ဖတ်ရှုလျက်ရှိသည်။

သတင်းစာတွင် ရန်ကုန်မြို့တဝိုက် ရာဇဝတ်မှုများနှင့် ပတ်သက်သည့်သတင်းများကို အကျဉ်းချုပ်ကာ ရေးသားဖော်ပြထားပေသည်။

စက်တင်ဘာ(၂၈)ရက်နေ့အထိ

ရာဇဝတ်ရုံးတော်က စီရင်သော ရာဇဝတ်မှု ဦးရေစာရင်း၊

ဒုတိယရာဇဝတ်အုပ် မောင်တိုးစံပိုင်နက်၊

ကြည့်မြင်တိုင်အရပ် ထွက်ပြေးတိမ်းရှောင်မှု(၂)မှု၊ အက်(၅)၊ (၁၈၆၁)ခု၊ အရဗိုလ်သိရဲသား(၂)ယောက်





မိ၍ စီရင်လိုက်သည်။

ခိုးမှုအခန်း(၃၈၀)အရပါ ပစ္စည်းအဖိုးတန်ငွေ(၃၄)ကျပ်(၁၀)ပဲ၊ လူမမိ၊ ငွေမရ။

အနောက်တိုင်းရာဇဝတ်အုပ် မီလာသခင်ပိုင်နက်၊ အကွက်နံပါတ်(၂)၊ ရန်ပုံကွင်း အိုးဘိုအတင်းခုခံမှု အခန်း(၃၄၅) အရ လူတစ်ယောက် မိပြေးသော်လည်း တရားလိုက တရားကို ပြန်နှုတ်လေသည်။

နှောင့်ယှက်မှု(၂)မှု၊ (၁၈၆၁)ခု အရ လူ(၆)ယောက်မိ၍ စီရင်လိုက်သည်။

အကွက်နံပါတ်(၃)၊ တရုတ်တန်း လမ်းမတော် ကစားမှု အက်မှု၊ (၁၈၆၇)ခုအရ လူနှစ်ယောက် မိသဖြင့် စီရင်လိုက်သည်။

ထိုနေရာ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ 'ပုလိပ်ကို ဆက်ကြေးမပေးလို့ အဖမ်းခံရတာ ဖြစ်မယ်' ဟု တွေးလိုက်မိသည်။

ထို့နောက် သတင်းစာကို ဆက်ဖတ်နေလေသည်။

ထိုသတင်းမှာ မနေ့ညက သူတို့နှစ်ယောက် လူဆိုးများနှင့် တိုက်ခိုက်သော သတင်းပင် ဖြစ်သည်။

"မသကာ်ဖွယ် လူဆိုးနှစ်ယောက်အား လမ်းနေလူများက ဝိုင်းဝန်းဖမ်းဆီးကြသောသတင်း. . .

ယမန်နေ့ညက မိုးလေများ ကျသဖြင့် လမ်းမီးများ မှောင်မိုက်နေသောအချိန်တွင် မသကာ်ဖွယ် လူနှစ်ယောက်အို့



www.burmeseclassic.com

www.burmeseclassic.com



သည် မိန်းမပျိုတစ်ယောက်အား အတင်းအဓမ္မ ကြံစည်ရန် ပြင်ဆင်နေစဉ် လက္ကာလမ်းမှာ နေထိုင်သူများက မြင်တွေ့သွားပြီး ဝိုင်းဝန်းကယ်တင်ရပေသည်။

ထိုလူနှစ်ယောက်မှာ အတိုက်အခိုက် အသတ်အပုတ်ကျွမ်းကျင်ကြသူများဖြစ်ရာ လမ်းသူလမ်းသားများ ထိခိုက်အနာတရ များစွာရရှိခဲ့ကြကြောင်း၊

အသေအပျောက် မရှိသော်လည်း ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ကုသနေရသူများ ရှိကြောင်း၊

ထိုလူဆိုးများမှာ နာမည်ကြီးလူဆိုးဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့သားများ ဖြစ်ဟန်ရှိကြောင်း၊

ထိုအမှုနှင့် ပတ်သက်သော တရားခံနှစ်ယောက်တို့ကို အမြန်ဆုံး ဖော်ထုတ်အရေးယူ အပြစ်ပေးနိုင်ရန်အတွက် အနောက်တိုင်း ရာဇဝတ်အုပ် မီလာသခင်ကိုယ်တိုင် ကြပ်မတ်စစ်ဆေးလျက် ရှိပါကြောင်း"

ဟု အကျယ်တဝင့် ရေးသားဖော်ပြထားလေသည်။

ဒေါက်တာမင်းထင်ကျော်က သတင်းစာကို စားပွဲပေါ်သို့ ပြန်ချထားလိုက်သောအချိန်မှာ စုံထောက်ကျော်စွာ ရောက်လာလေသည်။

"လာဗျို့. . . ကိုကျော်စွာ"

"သတင်းစာက သတင်းကို ဖတ်ပြီး သဘောကျနေတာလား ကိုမင်းထင်ကျော်"

ဟု မေးရင်း ကျော်စွာက ကုလားထိုင်မှာ ဝင်ထိုင်လေ





သည်။

"အစစ်ပေါ့ဗျာ. . . သူတို့ ရေးထားပုံအတိုင်းဆိုရင် ကျုပ်တို့နှစ်ယောက်က လူဆိုးလူမိုက်ကြီးတွေဖြစ်ပြီး လူဆိုးလူမိုက်တွေကျတော့ သူတော်ကောင်းတွေအတိုင်း ရေးထားပါလားဗျ"

"ဒါက စာရေးသူတစ်ယောက်ရဲ့ကျင့်ဝတ်သိက္ခာမစောင့်စည်းတဲ့ သတင်းသမားတွေ ရေးတာပါဗျာ၊ သူတို့က အမှန်တရားမျက်နှာကို ကြည့်တာမဟုတ်ဘူး၊ ငွေမျက်နှာကိုပဲ ကြည့်ပြီးရေးတာဆိုတော့ ဒီလိုပဲ ဖြစ်မှာပေါ့"

"ဒါထက် ဘာတွေများ ထူးခြားသေးလဲဗျ"

"ဦးဒီပနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ရလာခဲ့တယ် ကိုမင်းထင်ကျော်၊ အဲဒါ ခင်ဗျားနဲ့ အသေးစိတ် တိုင်ပင်ရအောင်လို့ လာခဲ့တာပဲ"

ဟု ပြောဆိုကာ နှစ်ယောက်သား အချိန်အတော်ကြာအောင် လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးကြလေသည်။

ထိုအခိုက်မှာပင် အိမ်ရှေ့မှာ လံချားတစ်စီး ဆိုက်လာပြီးနောက် တုန်တုန်ယင်ယင်နှင့် ရှမ်းအဘိုးကြီးတစ်ယောက် ဆင်းလာလေသည်။

ခြံဝန်းတံခါးစောင့်သော တပည့်တစ်ယောက်က ဒေါက်တာမင်းထင်ကျော်အား လာရောက်အကြောင်းကြားပြီးနောက် အိမ်တွင်း ရောက်အောင်ခေါ်လာသည်။

အဘိုးကြီးမှာ ရှမ်းတိုက်ပုံ၊ ဘောင်းဘီ၊ ခေါင်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကို ဝတ်ဆင်ထားပြီး လွယ်အိတ်ကြီးတစ်လုံးကိုလည်း လွယ်ထားလေသည်။

အဘိုးကြီးမှာ အသက်အရွယ် သိပ်မကြီးလှသေးသော်လည်း ကျန်းမာရေး ကောင်းဟန်မတူဘဲ ကတုန်ကယင်နှင့် ဖြစ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က နေရာထိုင်ခင်း ပေးပြီး လာရင်းကိစ္စကို မေးမြန်းရသည်။

"ဘာကိစ္စရှိလို့ပါလဲ အဘ"

"ဒီအိမ်က ဒေါက်တာမင်းထင်ကျော်တို့အိမ် ဟုတ်ပါသလားကွယ်"

"ဟုတ်ပါတယ်အဘ၊ ကျွန်တော်က မင်းထင်ကျော်ပါ"

"အဘနာမည်က ဦးစံအိုက်လို့ ခေါ်ပါတယ်၊ ကျိုင်းတောင်းက လာခဲ့တာပါ"

"ကျွန်တော်နဲ့ တွေ့ဖို့ကိစ္စက ဘာများ ရှိလို့ပါလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ အလုပ်တစ်ခု အပ်ချင်လို့ပါကွယ်"

"ပြောပါ အဘ"

"ကျုပ်တို့နယ်မှာ တည်ထားတဲ့ စေတီတစ်ဆူမှာ ဌာပနာထားတဲ့ ပတ္တမြားကြီးတစ်လုံး ပျောက်သွားပါတယ်၊ ခိုးတဲ့လူတွေက ရန်ကုန်ကလို့ သိရပါတယ်၊ နယ်ခံတစ်ယောက်က သတင်းပေးလို့ ဒီက လူတွေက ကျိုင်းတောင်းကို လျှို့ဝှက်ရောက်လာပြီးတော့ ဘုရား ဌာပနာထားတဲ့ ပတ္တမြားကို ခိုးယူသွားကြတာပါ၊





ဒီပတ္တမြား ပျောက်သွားတဲ့အတွက် အပြစ်မဲ့တဲ့ မိသားစုတွေ အတော်ကလေး ဒုက္ခရောက်နေကြပါတယ်"

"အဘပြောတဲ့ ဒုက္ခရောက်နေတဲ့လူတွေဆိုတာ ဦးခွန်သာတို့ သားအဖသုံးယောက်ကို ပြောတာမဟုတ်လား"

"ဩော်. . . မောင်တို့က ဒီအကြောင်းတွေကိုတောင် သိထားနေမှုကိုး၊ မှန်ပါတယ် မောင်ရင်၊ ကျုပ်ပြောတာကလည်း သူတို့သားအဖသုံးယောက်ပါပဲ၊ ဦးခွန်သာက အဖမ်းခံနေရပြီး သူ့သားနဲ့သမီးကလည်း ပတ္တမြားကို လိုက်ရှာရင်းနဲ့ ပျောက်နေကြပါတယ်"

ဟု စိတ်မကောင်းသောလေသံဖြင့် ပြောပြလေသည်။

"အဘက သူတို့နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲဟင်"

ကျော်စွာက ဝင်မေးလိုက်သည်။

"ကျုပ်က သူတို့နဲ့ သားချင်းတော်ပါတယ်၊ သူတို့ ဒုက္ခရောက်နေတာကို မြင်ရတော့ ကြားထဲက မနေနိုင်လို့ လာပြီး အကူအညီတောင်းရတာပါ"

"ဒါထက် ကျွန်တော့်ဆီကို ဘယ်သူက လမ်းညွှန်ပေးလိုက်လို့ ဒီကိုရောက်လာတာလဲ"

ဟု ဒေါက်တာမင်းထင်ကျော်က မေးလိုက်လေသည်။

"မိုးနဲဘက်မှာ မောင်ရင်ရဲ့မိတ်ဆွေတစ်ယောက်ရှိတယ် မဟုတ်လား၊ သူနဲ့ တွေ့လို့ သူကပဲ လမ်းညွှန်ပေးလိုက်တာပါ"

မိုးနဲဘက်တွင် ဦးစိုင်းလုံ ရှိပြီး ဒေါက်တာမင်းထင်ကျော်တို့ ရောက်လျှင် အကူအညီများစွာပေးတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ထပ်မမေးတော့ပေ။

"ကျွန်တော်က ဘယ်လိုအကူအညီပေးရမလဲ"

"ပျောက်သွားတဲ့ ပတ္တမြားကို ပြန်ရအောင် စုံစမ်းပေးဖို့ပါပဲ၊ ဒီပတ္တမြား ပြန်မရရင် ဦးခမ်းလုံတို့ သားအဖတွေတော့ ဒုက္ခပါပဲကွယ်"

"ကောင်းပါပြီ. . . ကျွန်တော်တတ်နိုင်သလောက်တော့ စုံစမ်းပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ မောင်ရယ်"

ဟု ပြောကာ ရှမ်းလွယ်အိတ်ကြီးအတွင်းမှ အိတ်ငယ်တစ်လုံးကို ထုတ်ကာ ထိုအိတ်ငယ်အတွင်း၌ ထည့်ထားသောငွေစက္ကူများထဲမှ တစ်ရာတန် ငွေစက္ကူငါးရွက်ကို ထုတ်ကာ ဒေါက်တာမင်းထင်ကျော်ကို ပေးလေသည်။

"နည်းတယ်များတယ်လို့လည်း မထင်ပါနဲ့၊ အလုပ်သဘောအရ ဒီငွေတော့ လက်ခံပေးပါ"

ဒေါက်တာမင်းထင်ကျော်က လှမ်းမယူသေးဘဲ. . .

"ငွေကိစ္စက အရေးမကြီးလှပါဘူး၊ ကျွန်တော်ရအောင် စုံစမ်းပေးပါ့မယ်"

"ဘယ်ဟုတ်ပါ့မလဲ မောင်ရယ်၊ သွားလာတယ်ဆိုတာ ဒီအတိုင်း သွားလို့ရတာမှ မဟုတ်တာ၊ အော်. . . ဒါထက် စကားမစပ် ဦးခမ်းလုံတို့နဲ့ ဘယ်လိုများ သိကြတာလဲ"

"ကျွန်တော် ကျိုင်းတောင်းဘက် ရောက်တုန်းက သိကြတာပါ"





"သူတို့ အခုလို ဒုက္ခရောက်နေတာရော မောင့်ကို ဘယ်သူလာပြောတာလဲ"

"စိုင်းဆမ်လောပါ"

"ဟင်. . . စိုင်းဆမ်လော ဟုတ်လား၊ အခု သူက ဘယ်မှာလဲ"

"သူ ဘယ်မှာရှိသလဲဆိုတာတော့ ကျွန်တော်မသိပါဘူး၊ ဒီအကြောင်းတွေကို သူလာပြောလို့ သိရတာပါ"

"ဒီကလေးတွေ ကံဆိုးရှာတယ်ကွယ်၊ ကိုင်း. . . အပ်ထားတဲ့အလုပ်ကလေးသာ အောင်မြင်အောင် ဆောင်ရွက်ပေးပါ မောင်ရယ်၊ ငွေကြေးကိစ္စကတော့ တတ်နိုင်သမျှ ထပ်ပေးပါဦးမယ်"

ဟု ပြောဆိုကာ ရှမ်းအဘိုးကြီးက နေရာမှ ထကာ ဒေါက်တာမင်းထင်ကျော်တို့ကို နှုတ်ဆက်ကာ အပြင်ပြန်ထွက်သွားလေတော့သည်။

၎င်းချထားခဲ့သော ငွေစက္ကူငါးရွက်ကတော့ စားပွဲပေါ်မှာ ကျန်ခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ် ချထားသော ကော်ဖီပန်းကန်ကို ကောက်ယူပြီး တစ်ငုံသောက်လိုက်သည်။

"ကိုကျော်စွာ. . . စောစောက ရှမ်းအဖိုးကြီးကို ဘယ်လိုထင်သလဲဗျ"

"ဒီအကြောင်းတွေကို အတွင်းကျကျ သိတဲ့လူတစ်ယောက်က ကျွန်တော်တို့ဆီ သတင်းလာနှိုက်တာ ဖြစ်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com




ဆရာရယ်၊ သူပြောတာ ဟုတ်မဟုတ် သိချင်ရင် စိုင်းဆမ်လော ကို မေးလိုက်ရင် အဖြေထွက်လာမှာပေါ့"

စုံထောက်ကျော်စွာက သူ့ယူဆချက်ကို ပြောပြသည်။

"ကျွန်တော်တို့တတွေ အန္တရာယ်ကျော့ကွင်းထဲကို ရောက်နေကြပြီ၊ သတိထားပြီး အလုပ်လုပ်မှဖြစ်မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောရာ ကျော်စွာက လည်း ခေါင်းညိတ်ပြလိုက်လေသည်။







## အခန်း(၇)

# တစ်ဖဲသုံးချပ်နှင့် လျှို့ဝှက်ချက်များ

တစ်နေ့သ၌ လတ္တာလမ်း(လသာလမ်း) အထက် ဘလောက် တောင်ဘက်ခြမ်း၌ ရှိသော နှစ်ထပ်တိုက်ကြီး၏ အရှေ့ဘက်သို့ လန်ချားတစ်စီး ဆိုက်လာသည်။

ထိုတိုက်ကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ဆောက်ထားခဲ့ဟန်ဖြင့် ရေညှိရေမှော်များ တက်ကာ ဟောင်းနွမ်း နေပြီဖြစ်သော်လည်း ရှေးလက်ရာဖြင့် တည်ဆောက်ထားသော တိုက်မို့ ခိုင်ခံ့လှပေသည်။

လန်ချားရပ်သည်နှင့် လန်ချားပေါ်မှ လူကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဆင်းလာလေသည်။

ပိုးပုဝါခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီ၊ ဘန်ကောက်လုံချည် အကောင်းစား၊ ခါးပတ်တို့အပြင် အကောင်းစား ရှူးဖိနပ်ကို စီးထားသည်။

မျက်နှာပေါ်မှာ မျက်ခုံးထူထူ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ဖြင့် လွန်စွာခန့်ထည်သောဟန်ပန် ရှိလေသည်။ ထိုလူကြီးနောက်တွင် သာမန်အင်္ကျီအဝတ်အစားများ ဝတ်ဆင်ထားသောလူတစ်ယောက်လည်း ပါသေးသည်။ ထိုလူ၏လက်ထဲမှာ သားရေအိတ်ကြီးတစ်လုံးကို ကိုင်ကာ ရိုကျိုးစွာ ရပ်နေသည်။

ထိုလူကြီးက လန်ချားပေါ်မှ ဆင်းပြီးသည်နှင့် လန်ချားသမားအား မှာကြားနေလေသည်။

"ကျုပ်ပြန်ထွက်မလာမချင်း ဟိုဘက်နားက ကုက္ကိုပင်အောက်က စောင့်နေပါ၊ ကျသမျှပိုက်ဆံ ကျုပ်ပေးမယ်"

လန်ချားဆွဲသူက ခေါင်းညိတ်ပြပြီး လန်ချားကို မလှမ်းမကမ်းရှိ ကုက္ကိုပင်ကြီးအောက်သို့ ဆွဲယူသွားလေသည်။

လန်ချားထွက်သွားသောအခါ ထိုလူကြီးက နောက်မှလူကို ခေါ်ကာ တိုက်ပေါက်ဝသို့ လျှောက်သွားလေသည်။

ထိုအခါ တိုက်အတွင်းမှ လူနှစ်ယောက် ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲ"

"ကျုပ်က မိုးကုတ်က ကျောက်ကုန်သည် ဦးစိန်ပွင့်ပဲ၊ ဒီမှာ ကြေးရှကောင်းကောင်းနဲ့ ကစားချင်လို့ လာခဲ့တာ"





ထိုလူနှစ်ယောက်က ဆွဲလာသောအိတ်ကြီးကို တစ်ချက်လှမ်းကြည့်ကာ. . .

"စကားဝှက်ပါလား"

ဟုမေးသည်။

"ကျိုင်းတောင်းက လာတဲ့လူဆိုရင် မင်းတို့ဆရာကြီးသိပါတယ်"

ကျိုင်းတောင်းဟူသော စကားကြားသည့် အခန်းစောင့်လူမိုက်နှစ်ယောက်တို့၏မျက်နှာမှာ ချက်ချင်းပြောင်းလဲသွားလေသည်။

"အတွင်းသို့ ကြွပါခင်ဗျာ"

ဟု လမ်းဖယ်ပေးကာ တစ်ယောက်က အတွင်းသို့ ခေါ်သွားလေသည်။ အတွင်းသို့ ရောက်သောအခါ လိုက်ကာများဖြင့် ပိတ်ထားသောအခန်းများကို တွေ့ရပြီး ထိုအခန်းများထဲမှ ယောကျ်ားအသံ၊ မိန်းမအသံတို့ကို အတိုင်းသား ကြားနေရသည်။

အချို့အခန်းများမှ အဖော်မရသေးသော မိန်းမအချို့မှာ လိုက်ကာစကို ဖယ်ကာ အခန်းပေါက်ဝမှ ထွက်ကြည့်နေကြသည်။

ပြာလဲ့လဲ့၊ ဝါကျင်ကျင် မီးလုံးအသေးစားကလေးများကို အခန်းပေါက်ဝမှာ ထွန်းထားသောကြောင့် ရမ္မက်ခိုးများဖြင့် မှုန်ဆွဲယ်နေသော ၎င်းတို့၏မျက်နှာများကို အတိုင်းသား တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းပေါက်ဝအနီးမှ ဖြတ်လျှောက်လာစဉ် အပေါ်စားရေမွှေးနံ့ ပေါင်ဒါအနံ့များက လှိုင်နေလေသည်။

အတွင်းခန်းသို့ ရောက်သောအခါ အပေါ်သို့ တက်သောလှေခါးတစ်ခုကို တွေ့ရပြီး ထိုလှေခါးမှ အပေါ်သို့ တက်သွားကြရသည်။ အပေါ်ဆင့် ရောက်သောအခါမှာလည်း စင်္ကြံလမ်းတစ်ဖက်တစ်ချက်တွင် အခန်းငယ်များ ရှိပြီး ထိုအခန်းများအတွင်းမှ ဘိန်းနံ့၊ ဆေးခြောက်နံ့များ ထွက်နေလေသည်။

ထိုအခန်းများမှာ ဘိန်းခန်းများဖြစ်ဟန်တူသည်။ အပေါ်ထပ် ရောက်သောအခါ စင်္ကြံလမ်းအတိုင်း နောက်ဖေးဘက်သို့ လျှောက်သွားကြသည်။

နောက်ဘက်သို့ ရောက်သောအခါ တစ်အိမ်နှင့်တစ်အိမ် ကူးနိုင်သော နောက်ဖက်ဝရံတာသို့ ရောက်သွားသည်။ သူတို့ လာတာ မြင်တော့ တစ်ဖက်စင်္ကြံမှာ စောင့်နေသူက မ,တင်ထားသော လှေခါးအရှင်ကို ပြန်ခင်းပေလေသည်။

ထိုအခါမှ တစ်ဖက်တိုက်၏အနောက်ဘက် ဝရံတာသို့ ကူးနိုင်ကြတော့သည်။

သူတို့နှစ်ယောက်ပဲ ကူးပြီး လိုက်ပို့ပေးသူက ဟိုဘက်မှာ ကျန်ခဲ့လေသည်။

ဦးစိန်ပွင့်တို့နှစ်ယောက် ကူးပြီးသောအခါ အစောင့်က လှေခါးကို ပြန်ထောင်ထားလိုက်သည်။

ထိုဝရံတာမှ အတွင်းသို့ ဝင်ပြီး တစ်နေရာ ရောက်သောအခါ အောက်ဖက်ဆင်းသည့်လှေခါးကို တွေ့ရပြန်သဖြင့် ဆင်း





ကြရပြန်သည်။

အောက်ဖက်ရောက်သောအခါ အိမ်အနောက်ဘက်သို့ သွားရာ နောက်ဆုံးတော့ သုံးထပ်တိုက်တစ်တိုက်၏အခန်းကျယ်တစ်ခုအတွင်းသို့ ရောက်သွားသည်။

ထိုအခန်းကျယ်ကြီးအတွင်းမှ ပိတ်ထားသောအခန်းတစ်ခုအတွင်း ရောက်သောအခါ လိုက်ပို့ပေးသူက တံခါးသုံးချက် ခေါက်လိုက်ရာ တံခါးပွင့်လာပြီး ခါးမှာ ဓားမြှောင်တစ်လက်ကို ပြောင်ကျကျ ထိုးထားသော လူမိုက်တစ်ယောက် ထွက်လာသည်။

"လူသစ်တွေလား"

"လူသစ်တော့ လူသစ်ပဲ၊ ဒါပေမယ့် ဆရာကြီးနဲ့ အဆက်အသွယ်ရှိတဲ့ ကျိုင်းတောင်းဘက်ကပဲ"

ထိုအခါ တံခါးစောင့်က ဦးစိန်ပွင့်တို့နှစ်ယောက်ကို စေ့စေ့စပ်စပ် ကြည့်ပြီး ခေါင်းညိတ်ပြကာ အတွင်းဝင်ခွင့်ပြုလိုက်လေသည်။

အခန်းတွင်း ရောက်သောအခါ စူးရှရှ စိမ်းရွှေရွှေအနံ့များက တစ်ခန်းလုံး မွှန်ထွန်လျက်ရှိနေသည်။

အခန်း၏တစ်ဖက်တစ်ချက် ကုတင်များပေါ်မှာ ကိုယ်ကို စောင်းလျက်သား လဲလျောင်းကာ လောကစည်းစိမ်ကို ခံစားနေကြသောလူများကို တွေ့ရသည်။

ထိုအခန်းလွန်သောအခါ အပေါ်ထပ် တက်သော လှေခါးမှ တက်သွားကြရာ နောက်ဆုံးတော့ ဦးစိန်ပွင့် ရောက်လို့



www.burmeseclassic.com

www.burmeseclassic.com



သော ကြေးကောင်းကောင်းနှင့် လောင်းကစားဝိုင်း ရှိရာသို့ ရောက်သွားလေတော့သည်။

ထိုအခန်းထဲတွင် အလင်းကောင်းစွာရသော မီးပွင့်များကို ထွန်းထားပြီး လူကုံတန် အသိုင်းအဝိုင်းမှ ဖြစ်ဟန်ရှိသော လူသုံးလေးယောက်ဖို့ ဖဲကစားနေကြလေသည်။

၎င်းတို့ဘေးနား၌ ငွေစက္ကူများ အထပ်လိုက် ချထားသည်ကို တွေ့ရ၍ တော်ရုံကစားဝိုင်းမျိုး မဟုတ်ဘဲ ကြေးကြီးကြီးနှင့် ကစားနေကြကြောင်း သိသာပေသည်။

ဖဲကစားနေသူများက နောက်ဝင်လာသော ဦးစိန်ပွင့်တို့နှစ်ယောက် တစ်ချက်ကြည့်ရုံသာကြည့်ပြီး ၎င်းတို့ရှေ့မှ ဖဲချပ်များကိုသာ အာရုံစိုက်နေကြသည်။

ဒိုင်လုပ်သူမှာ တရုတ်တစ်ယောက်ဖြစ်ပြီး ၎င်း၏ရှေ့မှာလည်း ငွေစက္ကူထပ်များက ပုံနေလေသည်။

ဦးစိန်ပွင့်ကို မြင်သောအခါ ဒိုင်နံဘေးမှာ ထိုင်ရင်း အလျော်အစား လုပ်ပေးနေရင်း အကောက်,ကောက်နေသူက ခပ်တိုးတိုး လှမ်းမေးသည်။

"ကစားဖို့ လာတာလား"

ဦးစိန်ပွင့်က ခေါင်းညိတ်ပြသည်။

"ဒီဝိုင်းက ကြေးများတယ်၊ ရာဂဏန်း မပြောနဲ့၊ ထောင်ဂဏန်းလောက်မှ မပါရင် ဝင်ထိုင်လို့ မရဘူး"

"ကျုပ်ကလည်း သာမန်ဝိုင်းမျိုးဆိုရင် စိတ်မဝင်စားဘူး၊ ကြေးကြီးကြီး ကစားချင်လို့ ဒီကိုလာခဲ့တာပဲ"





ထိုစကားကြားသောအခါ ဒိုင်လုပ်သူ တရုတ်က တစ်ချက်ပြုံးပြလိုက်သည်။

ထို့နောက် သူ့ရှေ့မှာ ထိုင်ကစားနေသော လူတစ်ယောက်ကို အဓိပ္ပာယ်ပါသောအကြည့်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ခဏကြာတော့ ထိုသူက. . .

"ကဲ. . . ကျွန်တော်တော့ ပိုက်ဆံနည်းသွားလို့ ဆက်မကစားနိုင်တော့ဘူးဗျာ၊ ဒီကနေ့မှ ဖဲကလည်း သေလိုက်တာလွန်ပါရော၊ ဒီတော့ အရှုံးနဲ့ပဲ ပိုင်းပြီး ကျွန်တော်ထွက်ပေးပါ့မယ်၊ ဒီက မိတ်ဆွေတွေ ဝင်ကစားကြပေတော့ဗျာ"

ဟု ပြောဆိုကာ နေရာမှ ထပေးလေသည်။

"ကျေးဇူးပါပဲ"

ဦးစိန်ပွင့်က ထိုသူထိုင်သော ကုလားထိုင်မှာ ဝင်ထိုင်လေသည်။

ပိုက်ဆံအိတ် ကိုင်ထားသူက အနီးမှာ ရှိသောထိုင်ခုံမှာ ဝင်ထိုင်လေသည်။

"ကြေးက ဘယ်လိုလက်ခံသလဲ၊ အကောက်ကြေးက ဘယ်လိုကောက်သလဲ"

"ကြိုက်သလောက် ထိုးလို့ရတယ်၊ အလျော်အစားက မရှောင်ဘူး၊ အကောက်က ဆယ်ရာခိုင်နှုန်း ကောက်တယ်၊ ငွေတစ်ဆယ် အလျော်ခံရရင် တစ်ကျပ်ကောက်တယ်"

ဦးစိန်ပွင့်က ခေါင်းညိတ်ပြပြီး နောက်က လူကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရာ အိတ်အတွင်းမှ ငွေစက္ကူတစ်ထပ်ကို ထုတ်ပေးသဖြင့် ယူကာ နံဘေးနားမှာ ချထားလိုက်သည်။

စုစုပေါင်း တစ်ထောင်ကျော်ကျော်ခန့် ရှိလေသည်။

ဒိုင်လုပ်သူက ငွေစက္ကူများကို မြင်သောအခါ များစွာ သဘောကျသွားဟန်ရှိလေသည်။

"ကျုပ်ကလည်း အဲဒီလို ပြိုင်ဘက်မျိုးနဲ့မှ ကစားချင်တာဗျ။ ကြိုက်သလောက်သာ ထိုးပေတော့"

ဟု ပြောဆိုကာ ဖဲဝိုင်းကို တစ်ဖန်ပြန်စ,လေသည်။

ပထမတော့ ဦးစိန်ပွင့်ဆိုသူမှာ များများမထိုးသေးဘဲ တစ်ဆယ်နှစ်ဆယ်လောက်သာ ဖဲစမ်းသည့်အနေနှင့် ချထိုးရာ အတော်များများ အလျော်ခံရသည်။

ဖဲအပင်အပတ် မှန်လာပြီး စိတ်ကြိုက်ဖြစ်တော့မှ ငါးဆယ်ကနေ တစ်ရာအထိ တွက်ထိုးလေသည်။ အလျော်ရသည့်အခါ ရှိသလို အစားခံရသည့်အလှည့်လည်း ရှိသည်။ နောက်ဆုံးတော့ ဒိုင်၏ဖဲမှာ အလွန်ကောင်းလာသောကြောင့် ကျန်နှစ်ယောက်မှာ ဆက်မကစားနိုင်တော့ဘဲ နေရာမှ ထကြလေရာ ဖဲဝိုင်းတွင် ဦးစိန်ပွင့်နှင့် တရုတ်ဒိုင် နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

"ကဲ. . ကျုပ်တို့နှစ်ယောက်ပဲ ကျန်တော့တယ်၊ သဘောတူရင်တော့ ဝမ်းဘိုင်ဝမ်း ကစားကြတာပေါ့"

"ကောင်းပြီလေ. . . ကျုပ်ကလည်း ဒီလိုသတ္တိမျိုးမှ သဘောကျတာ၊ ဟော့. . . အရက်နဲ့အမြည်း လာပို့ပေးစမ်းကွာ"





ဒိုင်တရုတ်က လှမ်းမှာသောအခါ ခဏကြာတော့ အရက်အကောင်းစား တစ်ပုလင်းနှင့် ခရုကြော်တစ်ပွဲ ရောက်လာသည်။

တရုတ်က အရက်တစ်ခွက် ငှဲ့ပေးရာ ဦးစိန်ပွင့်က မငြင်းဘဲ အရက်ခွက်ကို မော့သောက်လေသည်။

ထိုကဲ့သို့ သောက်သည်ကိုပဲ တရုတ်က သဘောကျဟန်ရှိသည်။ သူတော့ အရက်ခွက်ကို မသောက်ဘဲ နံဘေးနားချထားလေသည်။ ထို့နောက် နှစ်ယောက်ချင်း ဖဲကစားကြရာ ပထမပိုင်းမှာ ဒိုင်ဘက်မှ အသာစီး ရနေသော်လည်း နောက်ပိုင်းရောက်လာလေ ဦးစိန်ပွင့်က အသာစီး ပြန်ရလာတော့သည်။

ဒိုင်က ရှစ်ပွင့်ဆိုလျှင် ကိုးပွင့်နှင့် အလျော်ခံရ၊ ဒိုင်က ကိုးပွင့်ဆိုလျှင် ကုလားသုံးကောင်နှင့် အလျော်ခံရပြီး နောက်ဆုံးတရုတ်ဒိုင်က ကုလားသုံးကောင် ရသဖြင့် ဦးစိန်ပွင့်ရှေ့မှ ထိုးထားသော ငွေပုံကြီးကို စားရန် ဟန်ပြင်လိုက်သည်နှင့် ဦးစိန်ပွင့်ဖဲက တစ်သုံးလုံး ကျနေရာ ဒေါသအိုး ပေါက်ကွဲလေတော့သည်။

"ခင်ဗျား ဖဲလိမ်ရိုက်နေတာပဲ"

ဟု အော်ပြောလေသည်။

"နေစမ်းပါဦး. . . ငါဖဲလိမ်ရိုက်တာကို မင်းဘယ်လိုသိတာလဲ"

"ခင်ဗျား တစ်ဖဲတွေ အပိုဆောင်ထားတယ် မဟုတ်လား"

"ငါ့ဆီမှာ တစ်ဖဲအပိုပါမှန်း သိရင် ကျန်တဲ့တစ်ဖဲတွေကို



www.burmeseclassic.com

www.burmeseclassic.com



မင်းဝှက်ထားလို့သာ ဖြစ်မှာပေါ့၊ မဟုတ်ဘူးဆိုရင် မင်း နေရာက ထလိုက်စမ်း”

ဦးစိန်ပွင့်က ဣန္ဒြေမပျက် ပြောလိုက်သောအခါ တရုတ်ဒိုင်မှာ ထိုင်ရမလို ထရမလို ဖြစ်နေသည်။

စောစောက ထွက်သွားရသော လူတွေကလည်း မျက်လုံးပြူးပြီး ကြည့်နေကြသည်။

“ကဲ. . . ဒီလိုလုပ် မင်းနဲ့ငါ ပြိုင်တူထမယ်၊ အောက်မှာ ဖဲဝှက်ထားတဲ့လူရဲ့ပိုက်ဆံကို ကျန်တဲ့လူက အကုန်ယူကြေး. . . ဘယ်လိုလဲ”

“ကဲ. . . ထတယ်ဗျာ”

တရုတ်ဒိုင်က ရှက်ကိုးရှက်ကန်းဖြင့် နေရာမှ ထလိုက်ရာ သူ့အောက်မှာ ဘာမှမရှိပေ။

ဦးစိန်ပွင့်ကလည်း နေရာမှ ထရပ်လိုက်ရာ ၎င်းအောက်မှာလည်း ဖဲတစ်ချပ်မှ မရှိပေ။

နံဘေးနားမှ ကြည့်နေသူများကလည်း စိတ်ဝင်စားနေကြသည်။ ထိုအခါ ဦးစိန်ပွင့်က ဒိုင်နံဘေးနားမှ အလျော်အစားလုပ်နေသူကို ထခိုင်းလိုက်သည်။

“မင်းထစမ်း”

ထိုလူက အတော်နှင့် မထဘဲ နောက်တစ်ကြိမ် ဦးစိန်ပွင့်က အော်လိုက်တော့မှ ကပျာကယာ ထရပ်လိုက်ရာ ၎င်းအောက်မှ ဖဲနှစ်ချပ် ထွက်လာသည်။

ဒိုင်မွန်းတစ်နှင့် စပိန့်တစ် နှစ်ချပ်ဖြစ်သည်။





“ဝိုင်းထဲမှာ တစ်ဖဲပိုနေတာကို မင်းသိရင် မင်းဆီမှာ တစ်ဖဲတွေ ဝှက်ထားတယ်ဆိုတာ သိနိုင်တာပေါ့၊ မင်းက လောင်းကစား လုပ်တာကို ကံချင်း မယှဉ်ဘဲ ဉာဏ်နဲ့ ယှဉ်တာကိုးကွ၊ မင်းထက် ဉာဏ်သာတဲ့လူနဲ့ တွေ့တော့ မင်းလည်း ခံရမှာပေါ့၊ ဒီပွဲက ကံချင်း ယှဉ်ကြတာ မဟုတ်ဘဲ ဉာဏ်ချင်း ယှဉ်ကြတာဆိုတော့ နိုင်တဲ့လူက ယူရမှာပေါ့၊

ဒါကလည်း တခြားလူတွေအတွက် မတရားဘူး ထင်ရပေမယ့် မင်းနဲ့ငါအတွက်ကတော့ တရားမျှတပါတယ်”

ဟု ပြောရာ နောက်မှ အိတ်ကိုင်ထားသူက စားပွဲပေါ်မှ ငွေစက္ကူများကို သိမ်းယူပြီး ၎င်းအိတ်အတွင်းသို့ ထည့်နေလေသည်။ ထိုအခိုက်မှာပင် အခန်းပေါက်ဝမှ ဓားရှည် ဓားတိုများ ကိုင်ကာ လူလေးယောက် ဝင်လာလေသည်။

ဦးစိန်ပွင့်က အေးအေးဆေးဆေး အမူအယာဖြင့် ခါးကြားမှာ ထိုးထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

၎င်းဓားမြှောင်မှာ တစ်ပေခန့် အရှည်ရှိပြီး ငှက်ခါးတောင်အရောင်မျိုးဖြစ်နေသည်။

ဦးစိန်ပွင့်လက်ထဲမှာ ခါးမြင်လိုက်တော့ ဝင်လာသူ လေးယောက်က တွန့်သွားသည်။

ဦးစိန်ပွင့်က ၎င်းဓါးဖြင့် စားပွဲပေါ်မှာ ပုံထားသောဖဲထုပ်ကို ဖိချလိုက်ရာ နှစ်ပိုင်းပြတ်ကျသွားသည်။

ဖဲထုပ်မှာ ကြွေရည်သုပ်ထားသောကြောင့် တော်ရုံဓါးပြတ်ပြတ်နှင့် ခုတ်လျှင်သော်မှ မပြတ်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဖဲထုပ်ပေါ် ဓါးတင်ပြီး ဖိချလိုက်ရုံနှင့် တိကနဲ ထက်ပိုင်းပြတ်သွားသည်ကို ကြည့်ပြီး ထိုဓါးမှာ ဆံပင်ရိတ်လျှင်သော်မှ တိကနဲ ကျသွားအောင် ပြတ်သွားနိုင်သည်။ ဦးစိန်ပွင့်က ထိုဓါးကို လက်ဝါးဖြင့် ဆုပ်ကိုင်ပြီး ဆွဲနှုတ်လိုက် ပြန်သွင်းလိုက် လုပ်နေရာ လူမိုက်များပင် မျက်လုံးပြူးနေကြသည်။

တကယ်ဆိုလျှင် ထိုမျှလောက် အသွားထက်သောဓါးနှင့် ထိပါက တိကနဲ ပြတ်ကျသွားနိုင်သော်လည်း ဦးစိန်ပွင့်လက်ချောင်းများမှာ ဘာမှမဖြစ်ပေ။

“မင်းတို့ ငါ့နာမည် မကြားဖူးသေးရင် မြဲမြဲမှတ်ထားကြ၊ ဓါးမကြောက်တဲ့ ထိန်တောက်တဲ့”

ဟု ပြောကာ ၎င်းလက်ထဲမှ ကိုင်ထားသော ဓါးမြှောင်ကို အပေါ်မြှောက်တင်လိုက်ပြီး အောက်သို့ ပြန်ကျလာသောအခါ ခြေထောက်ဖြင့် ခတ်ထုတ်လိုက်ရာ အခန်းပေါက်ဝမှာ ရပ်နေသော လူမိုက်လေးယောက်အထဲမှ တစ်ယောက်၏ချိုင်းကြားမှ ဓါးက ဝင်သွားပြီး နံရံမှာ စိုက်ဝင်နေတော့သည်။

လူမိုက်အမည်ခံထားသူများမှာ အသာစီး ရလျှင်သာ မိုက်ဝံ့ကြပြီး အသာစီး မရတော့သည့်အခါ အခြားလူများထက် နှစ်ဆပို၍ကြောက်တတ်ကြရာ ထိုအဖြစ်ကို မြင်သောအခါ ရှေ့မတိုးဝံ့ကြတော့ဘဲ အခန်းပေါက်ဝမှ နောက်ကြောင်းပြန်လှည့်ပြေးကြတော့သည်။

ထိုအခါ ဦးစိန်ပွင့်ဆိုသူနှင့် အဖော်တို့မှာ စားပွဲပေါ်မှ ငွေများကို အိတ်ထဲ ထည့်ကာ နံရံမှာ စိုက်ဝင်နေသော ဓါးမြှောင်





ကိုပါ ပြန်နှုတ်ယူကာ အခန်းတွင်းမှ ပြန်ထွက်သွားလေတော့သည်။

၎င်းတို့နှစ်ယောက်သည် လာလမ်းအတိုင်း ပြန်မထွက်ကြဘဲ ထိုတိုက်ကြီး၏အောက်ထပ်သို့ ဆင်းကာ မလှယ်ပေါက်မှ အပြင်သို့ ထွက်သွားကြလေတော့သည်။

အပြင်သို့ ရောက်သောအခါ အသင့်စောင့်ခိုင်းထားသော လံချားရောက်လာသဖြင့် လံချားပေါ် တက်ကာ ပြန်ခဲ့ကြလေသည်။

လတ္တာလမ်းနှင့် အတော်ဝေးဝေးနေရာ ရောက်မှ လံချားကို ရပ်ကာ ၎င်းတို့ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဝတ်အစားများ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအတုများကို ဖြုတ်လိုက်ကြသည်။

“ဒီကနေ့ ကိုဘမှန် သရုပ်ဆောင်ပုံကတော့ တကယ့် ဓါတ်ရှင်မင်းသားအတိုင်းပါပဲ၊ လူမိုက်တွေတောင် လန့်သွားတယ်”

အဖော်လိုက်လာသော ဦးဘကင်းက ပြောလိုက်သည်။

၎င်းတို့ ခေါ်လာသော လံချားဆွဲသူမှာ အခြားမဟုတ်ဘဲ ဦးဘစံပင်ဖြစ်သည်။

“ဒီလိုပဲ လူမိုက်နဲ့ တွေ့တော့လည်း ဟန်ကိုယ့်ဖို့နဲ့ ခြောက်ရတာပေါ့ဗျာ”

“ဒါထက် တရုတ်ဒိုင် တိုက်တဲ့အရက်ထဲမှာ ဆေးဝါးခပ်မထားဘူးလို့ မပြောနိုင်ဘူး၊ ခင်ဗျားသာ တိုက်ပြီး သွားကာ



www.burmeseclassic.com

www.burmeseclassic.com



မသောက်ဘဲ နံဘေးချထားတာဗျ၊ ခင်ဗျားသောက်ဝံ့တာ အံ့ပါရဲ့ဗျာ”

“ဒီအခြေအနေကို ကြိုတင်သိလို့ ကျုပ်ပါးစပ်ထဲမှာ အဆိပ်ဖြေဆေးနဲ့ အမူးပြေဆေးကို ကြိုတင်ငုံထားတာကိုးဗျ၊ သောက်ဝံ့တာပေါ့”

“ခင်ဗျားက ခါးမပြီးပါဘူး၊ ဟိုရောက်တော့ ဘယ်လို ခါးပြီးနေတာလဲ”

“ကုလားတွေ မီးနင်းရင်၊ ပုလင်းကွဲတွေအပေါ် နင်းရင် မပူအောင်၊ ပုလင်းကွဲ မရှအောင် သူတို့ခြေထောက်မှာ ဆေးရည်ကြိုလိမ်းထားကြတယ်၊ အဲဒီဆေးရည်ကို ကြိုပြီး လက်မှာ လိမ်းထားတာကိုးဗျ၊ ခါးက ဘယ်ပြတ်ပါ့မလဲ”

“အကြွလည်း ပိုင်ပါ့ဗျာ၊ ဒါထက် သူ ဖဲခိုးရိုက်နေတာကို ခင်ဗျားဘယ်လိုသိတာလဲ”

“ဖဲဝိုင်းထဲ မဝင်ခင်ကတည်းက သိပါတယ်၊ အသျော်အစား လုပ်တဲ့လူနဲ့ ရှေ့က လူနဲ့ အချိတ်အဆက်လုပ်ပြီး ဖဲလိမ်ရိုက်နေတာကို ကြည့်ရုံနဲ့ သိနိုင်ပါတယ်”

“ဒါဖြင့် ခင်ဗျားဖဲချပ်တွေက ဘယ်နေရာမှာ ဝှက်ထားတာလဲ”

“ကျုပ်ရဲ့ချိုင်းကြားထဲမှာ ညှပ်စက်ကလေးတစ်ခုရှိတယ်၊ ညှပ်စက်ထဲမှာ ကိုယ်လိုချင်တဲ့ဖဲချပ်တွေ ညှပ်ထည့်ထားတာပေါ့၊ လိုတော့မှ ညှပ်စက်ထဲက ဖဲချပ်ကို ချိုင်းနဲ့ ဖိလိုက်ရင် အင်္ကျီအတွင်းက လျှောကျလာပြီး လက်ထဲ ရောက်လာတာပေါ့၊





ပိုတဲ့ဖဲချပ်ကတော့ လက်ဝါးထဲမှာ ဝှက်ထားပြီး နောက်မှ ဖဲချပ်တွေနဲ့ ရောပြီး ပြန်ထည့်ပေးလိုက်တာပေါ့ဗျာ”

ဦးဘမှန် အသုံးပြုနေသော ဖဲညှပ်စက်မှာ ရှေးကတည်းက ရှိပြီး ဖဲသမားကြီးများ ပွဲကြီးပွဲကောင်းများတွင် အသုံးပြုလေ့ရှိကြသည်။

“ခင်ဗျားကတော့ ဘယ်နေရာမဆို အတော့်ကို အကြွပိုင်ပါပေတယ်၊ သူဘရာဇာ လုပ်မစားဘဲ ဖဲသမား လုပ်စားဖို့ပဲ ကောင်းတော့တယ်”

“သူဘရာဇာအလုပ်ဆိုတာ ကုသိုလ်လည်းရ ဝမ်းလည်းဝ၊ အတော်ကို မြူစင်တဲ့အလုပ်ဗျ၊ ဖဲသမားအလုပ်ဆိုတာ သန့်စင်တဲ့အလုပ်မှ မဟုတ်တာ၊ ဖဲနိုင်လို့ ချမ်းသာတဲ့လူမျိုး ရှိဖူးလို့လား၊ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ် ကျမှ ထမင်းဝမယ့်အလုပ်မျိုးတော့ မလုပ်ချင်ပေါင်ဗျာ”

“အင်း . . ဒါလည်း ဟုတ်ပေတာပဲ”

“ဒါထက် ကိုဘကင်း၊ ကျုပ်ဖဲရိုက်နေတုန်း ခင်ဗျား အိမ်ရဲ့အခြေအနေကို အကဲခတ်ရဲ့လား”

“သေသေချာချာ အကဲခတ်ကြည့်ပါတယ်ဗျ၊ အပေါ်ထပ်မှာ အခန်းရှိသေးတယ်၊ ဟိုမိန်းကလေးကို အပေါ်ထပ် အခန်းထဲမှာ ချုပ်ထားပုံရတယ်”

“အခြေအနေ ဘယ်လိုထူးလို့လဲ”

“ခင်ဗျားတို့ ဖဲရိုက်နေတော့ အပေါ်ထပ် လှေခါးထိပ်က တရုတ်မလိုလို မိန်းမတစ်ယောက် လာငုံ့ကြည့်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က လှမ်းကြည့်တော့ တစ်ချက်ကြည့်ပြီး အပေါ်ပြန်တက်သွားတာ လှစ်ကနဲ မြင်လိုက်ရတယ်"


"ဒါဆိုရင် အပေါ်ထပ်မှာ မိန်းကလေးရှိတာ သေချာပါတယ်၊ ဒါကြောင့် မိန်းမအစောင့် ထားတာဖြစ်ရမယ်၊ ဒီလိုဆိုရင်တော့ ကျုပ်တို့ တာဝန်ကျေပြီ. . . ပြန်ကြစို့ရဲ့၊ ကျုပ်တို့ ငှားလာတဲ့လံချားက ဘယ်လောက်တဲ့လဲ ကိုဘစံ"

"တစ်ညလုံး တစ်ဆယ်ပေးရမယ်တဲ့"

"လံချားကုလားကို ဆယ့်ငါးကျပ် ပေးလိုက်ပြီး ဘယ်သူ့မှ မပြောဖို့လည်း တစ်ခါတည်း နှုတ်ပိတ်ခဲ့ဗျို့"

"စိတ်ချ. . . စိတ်ချ"

ထို့နောက် မှန်ကင်းစံဟု လူသိများနေသော ဦးဘမှန်၊ ဦးဘကင်း၊ ဦးဘစံတို့သုံးယောက်မှာ အမှောင်ရိပ်အတွင်းသို့ ထွက်ခွာသွားကြလေသည်။







## အခန်း(၈)

# ဒေါက်တာမင်းထင်ကျော်နှင့် လျှို့ဝှက်အကြံအစည်

လတ္တာလမ်း၊ တိုက်အမှတ်(. . .)၏အပေါ်ထပ် အခန်းတစ်ခန်းအတွင်း၌ လူတစ်စု ရှိနေကြသည်။

၎င်းတို့သည် အခန်းတွင်းမှာ တန်းစီလျက် ကျောက်ရုပ်များသဖွယ် ငြိမ်သက်စွာ ရပ်နေကြခြင်းဖြစ်သည်။

အခန်းနောက်ဘက် အပေါက်ဝနားမှာတော့ စားပွဲရှည်ကြီးတစ်လုံး ချထားပြီး ထိုစားပွဲနောက်ဘက်ရှိ ကုလားထိုင်ပေါ်မှာတော့ လူကြီးတစ်ယောက် ထိုင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ ထိုလူကြီးမှာ တရုတ်သွေး အတော်များများ ပါပြီး အရုပ်အမောင်း ကောင်းလှပြီး မျက်နှာမှာ အဆီပြန်ကာ အစ်ထနေလေသည်။

သူသည် ဒေါသထွက်နေသောကြောင့် မျက်နှာမှာ နီရဲလျက်ရှိသည်။

ရှေ့မှာ တန်းစီရပ်နေသူများမှာ ၎င်း၏တပည့်များ ဖြစ်ကြသည်။ ထိုအထဲတွင် ခါးဘိုးထင်လည်း ပါသည်။

ခါးဘိုးထင်က ရှေ့ဆုံးအစွန်မှာ ရပ်နေလေသည်။

"မင်းတို့ အတော်အသုံးမကျတဲ့လူတွေပဲ၊ ကိုယ့်ဆီ လာတဲ့လူတောင် ဘယ်သူဘယ်ဝါမှန်း မသိကြဘူး မဟုတ်လား၊ ဟိုတစ်နေ့က ဖဲဝိုင်းမှာ ခါးစွမ်းပြသွားတာ ဘယ်သူလဲ သိကြရဲ့လား"

ဦးဒီပ၏အသံက အခန်းထဲမှာ ဟိန်းထွက်နေသော်လည်း တစ်ယောက်မှ ပြန်မပြောဝံ့ကြပေ။

"ရှမ်းပြည်နယ်က လာတယ်ပြောပြီး ဖဲဝိုင်းက ငွေတွေကို ယူသွားတဲ့လူဟာ ရန်ကုန်မြို့မှာ သူတို့ မသိတဲ့ကိစ္စ မရှိသလောက် နှံ့စပ်တဲ့ မှန်ကင်းစံ အဖွဲ့တစ်ယောက်ပဲ"

ထိုအခါမှ ခါးဘိုးထင်အပါအဝင် အားလုံးမျက်လုံးပြူးသွားကြလေသည်။

"သူတို့က မြေအောက်လောကသားတွေမှန်သမျှ သိသလို လမ်းမတော်ဖိုးတုတ်လို လူဆိုးလူမိုက်ခေါင်းဆောင်တွေနဲ့လည်း အကျွမ်းတဝင်ရှိတယ်၊ ဒါတင် မကသေးဘူး၊ စုံထောက်





ဘက်က ပုလိပ်ဘက်က လူတွေနဲ့လည်း သိကျွမ်းတယ်၊ သူတို့တတွေဟာ သုဘရာဇာ စုံထောက်တွေဆိုရင် မမှားဘူး"

"ကျွန်တော် မသိလိုက်လို့ပါ ဆရာကြီး၊ ကျွန်တော်သိရင် ဒီလိုမဖြစ်စေရပါဘူး"

ခါးဘိုးထင်က မျက်နှာလိုမျက်နှာရသဘောမျိုးဖြင့် ဝင်ပြောလိုက်ရာ ဦးဒီပက ဆေးပြင်းလိပ်ဖင်မှ ဆေးဖတ်ကို သွားဖြင့်ကိုက်ဖြတ်ပြီး ထွီကနဲ ထွေးထုတ်လိုက်သည်။

"ထွီ. . . ပြောရင်တော့ ဟုတ်နေတာပဲ၊ လုပ်ရင်တော့ သောက်တလွဲချည်းပဲ၊ ဟိုတလောက လူတစ်ယောက်ကို သေအောင် မသတ်ဘဲ သချိုင်းသွားပို့တော့ နောက်ဆက်တွဲကိစ္စတွေ ပေါ်လာပြီ မဟုတ်လား၊

မင်းတို့က မှန်ကင်းစံကို သွားစမ်းတော့ ဟိုက ဆုံးမလိုက်တာ မသေရုံ ခံခဲ့ရတယ်မဟုတ်လား"

ထိုသို့ပြောလိုက်သောအခါ ခါးဘိုးထင်လည်း ခေါင်းငုံ့သွားကာ ဘာတစ်ခွန်းမှ ထပ်မပြောတော့ပေ။

"အခု အဲဒီကိစ္စက ငါတို့ဆီကို မီးနိုးကြွက်လျှောက် လိုက်လာနေပြီ၊ နောက်ဆိုရင် ဘယ်သူမှ ပေါ့ပေါ့လျော့လျော့ မနေကြနဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဒါထက် ဖမ်းထားတဲ့ကောင်မလေးရော အခြေအနေ ဘယ်လိုရှိသလဲ"

"မကျင်မွေးကိုယ်တိုင် စောင့်နေပါတယ် ဆရာကြီး၊



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်အခန်းထဲမှာ ရှိပါတယ်"

"သူ့ကို ဟိုဘက်လမ်းကနေ ဒီနေရာကို ရွှေ့တုန်းကလည်း မင်းတို့တတွေ ပေါ့လျော့လို့ လွတ်သွားသေးတယ် မဟုတ်လား"

"ဒါပေမယ့် ပြန်မိခဲ့ပါတယ် ဆရာကြီး"

"ဒါပေမယ့် မသိသင့်ဘဲ အပြင်လူတွေ သိကုန်တာပေါ့။ သတင်းရေးတဲ့လူကို ငွေပေးပြီး အတော်ကလေး ပိတ်လိုက်ရသေးတယ်၊ မကျောင်မွှေးကို သွားခေါ်စမ်း"

ဟု အမိန့်ပေးလိုက်ရာ တပည့်တစ်ယောက်က အခန်းအပြင်ထွက်သွားပြီး ခဏကြာတော့ တရုတ်ကပြား မိန်းမတစ်ယောက် ပါလာသည်။

သူမသည် အသက်သုံးဆယ်ခန့်ရှိပြီး သွက်လက်ဟန်ရှိလေသည်။

BURMESE CLASSIC .com

"ကျွန်မကို ခေါ်ပါသလား ဆရာကြီး"

"အေး. . . ဟုတ်တယ်၊ ဟိုမိန်းကလေးအခြေအနေ ဘယ်လိုရှိသလဲ"

"ကျွန်မ သေသေချာချာ စောင့်ကြည့်ထားပါတယ်၊ ဒါပေမယ့် ဘာကျွေးလို့မှ မစားဘူး ဆရာကြီး။ အခု ကျန်းမာရေးက အတော်ချို့ယွင်းနေပြီ"

"ဟဲ့. . . အတော်စိုးရိမ်ရသလား၊ သူ့ကို ခေါ်မယ့်သူတွေ ရောက်မလာမချင်း တစ်ခုခုဖြစ်လို့ မဖြစ်ဘူး"

"ဒီအတိုင်းထားရင် အသက်အန္တရာယ်အထိ ဖြစ်နိုင်ပါ





တယ် ဆရာကြီး"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဆရာဝန်တစ်ယောက်နဲ့ ခေါ်ပြရင် ကောင်းမယ် ဆရာကြီး"

ဦးဒီပက ဆေးပြင်းလိပ်ကြီးကို တွင်တွင်ဖွာကာ အတန်ကြာအောင် စဉ်းစားနေသည်။

"သူ့ကို အပြင်ခေါ်သွားလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ အပြင်က ဆရာဝန်တစ်ယောက်ယောက် ခေါ်ပြီး ကုသင့်ကုရမှာပဲ၊ ဒါပေမယ့် ဒီကအကြောင်းတွေကို အပြင်လူတွေ ရိပ်မိမှာလည်း စိုးရသေးတယ်"

"ဒီအတိုင်း ထားရင်တော့ စိုးရိမ်ရတယ် ဆရာကြီး"

မကျောင်မွှေးက အခြေအနေအချို့ကို ပြောပြလိုက်သောအခါ ဦးဒီပက စိတ်ကူးတစ်မျိုး ပြောင်းသွားဟန် ရှိလေသည်။

"သူ့ကိုတော့ တစ်ခုခု ဖြစ်လို့မဖြစ်ဘူး၊ အပြင်ဆရာဝန်တစ်ယောက်ကို ခေါ်ပြီး ကုပေးလိုက်၊ ဒါပေမယ့် ဆရာဝန် ခေါ်ရင် နင်တစ်ယောက်တည်း မသွားနဲ့၊ ဘိုးထင်ကိုပါ ခေါ်သွားချေ"

"ဟုတ်ကဲ့ ဆရာကြီး"

"ဒါပေမယ့် အပြင်လူ ပါလာရင် ဂရုစိုက်ကြနော်၊ ဒီကအကြောင်းတွေကို တစ်စက်ကလေးမှ ရိပ်မိလို့မဖြစ်ဘူး"

"စိတ်ချပါ ဆရာကြီး"

"ကဲ. . သွားကြ. . သွားကြ"

ဦးဒီပထံမှ ခွင့်ပြုချက် ရသည်နှင့် မကျောင်မွှေးက ခေါ်ဘိုး



www.burmeseclassic.com

www.burmeseclassic.com

ထင်ကို ခေါ်ပြီး အပြင်သို့ ထွက်ခဲ့ကြသည်။

အပြင်ရောက်သောအခါ လံချားတစ်စီးကို ခေါ်ပြီး မဂို လမ်း(ယခုရွှေဘိုသာလမ်း)သို့ သွားကြလေသည်။

ထိုလမ်းတလျှောက်တွင် ကုလားဆရာဝန်များ ဖွင့်ထားသော ဆေးကုခန်းများရှိလေသည်။

"ဘယ်ဆရာဝန် ခေါ်မှာလဲ မကျင်မွှေး"

"အရင်ခေါ်နေကျ ဆရာဝန်တစ်ယောက်ရှိတယ်၊ သူ့ ဆေးခန်းသွားကြတာပေါ့"

မဂိုလမ်း ရောက်သောအခါ အထက်ဘလောက်ထိပ် နားတွင် ဖွင့်ထားသော ကုလားဆေးခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ လံချားများကို ပြန်လွှတ်လိုက်ပြီး နှစ်ယောက်စလုံး ဆေးခန်းအတွင်း ဝင်သွားကြသည်။

အပေါက်ဝမှာ စောင့်နေသော ကုလားတစ်ယောက်က အခြေအနေမေးပြီး ဆရာဝန်ကို အကြောင်းကြားပေးလေသည်။

ခဏကြာတော့ အခန်းတွင်းမှ ဆရာဝန်ထွက်လာသည်။

ပန်ချာပီခေါင်းပေါင်း၊ မုတ်ဆိတ်မွှေး၊ နှုတ်ခမ်းမွှေး အရှည်တို့နှင့် မျက်မှန်ထူထူ တပ်ထားသော ကုလားဆရာဝန် တစ်ယောက်ဖြစ်သည်။

"ဘာဖြစ်လို့လဲ"

ကုလားသံဝဲဝဲဖြင့် မေးသည်။

"ကျမတို့က ဆရာဝန် လာပင့်တာပါ ဆရာ"

"ကျုပ်က အပြင်မလိုက်ဘူး၊ အခြားဆရာဝန် သွားခေါ်





ပါ"

"တခြားဆရာဝန်လည်း မခေါ်ချင်လို့ပါ ဆရာရယ်၊ ကျွန်မတို့က ဒီဆေးခန်းမှာပဲ ဆေးကုနေကျမို့ပါ"

မကျင်မွှေးက တောင်းတောင်းပန်ပန် ပြောလိုက်လေသည်။ ထိုစကားကြားသောအခါ ဆရာဝန်က အတန်ကြာအောင် စဉ်းစားနေလေသည်။

"လူနာက ဘယ်မှာလဲ"

"မဝေးပါဘူး ဆရာ. . . လတ္တာလမ်းမှာပါ"

"ကောင်းပြီလေ. . . ကိုယ့်ဆေးခန်းကို လာနေကျဆိုတော့လည်း ကျုပ်လိုက်ကြည့်ပေးပါ့မယ်"

ဟု ပြောမှ မကျင်မွှေးရော နောက်မှ ပါလာသည့် ခါးဘိုးထင်ပါ စိတ်သက်သာရာ ရသွားကြလေတော့သည်။

ဆရာဝန်က တပည့်ဖြစ်သူကို ဆေးသေတ္တာအတွင်းသို့ ဆေးဝါးပစ္စည်း ကိရိယာများ ထည့်စေပြီးနောက် မကျင်မွှေးတို့ ခေါ်ရာနောက်သို့ လိုက်လာခဲ့လေသည်။

အပြန်မှာတော့ မော်တော်ကားတစ်စင်းကို ငှား၍ ပြန်လာကြရာ ခဏချင်းပင် ပြန်ရောက်လာကြသည်။

တိုက်သို့ ရောက်သောအခါ မကျင်မွှေးက ဦးဒီပ ရှိရာသို့ သွားရောက်ကာ အကျိုးအကြောင်း ပြောပြီးနောက် ဆရာဝန်ကို အပေါ်ထပ်သို့ ခေါ်သွားလေသည်။

ခါးဘိုးထင်ကတော့ အောက်ထပ်အခန်းမှာပင် ကျန်နေခဲ့လေသည်။ အပေါ်ထပ်သို့ ရောက်သောအခါ လူနာမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



လေး ရှိရာအခန်းသို့ သွားလေသည်။

အခန်းတံခါးကို အပြင်မှ သော့ခလောက်ကြီးဖြင့် ခတ်ထားလေသည်။

"တံခါးကို အပြင်က သော့ခတ်ထားတော့ လူနာက စိတ်ဖောက်ပြန်နေလို့လား"

"မဟုတ်ပါဘူး ဆရာ၊ မိန်းမဖော် အစောင့်မရှိလို့ပါ"

မကျင်မွှေးက ဒါပဲ ပြောပြီး ဆရာဝန်ကို အခန်းထဲ ခေါ်သွားလေသည်။

BURMESE CLASSIC .com

ကုတင်ပေါ်မှာတော့ မိန်းကလေးတစ်ယောက် တစောင်းအနေအထား အိပ်နေရာမှ သူတို့အသံကြားဟန်ဖြင့် လန့်နိုးလာသည်။ မိန်းကလေးမှာ အစားအသောက် ကောင်းစွာမစားသောကြောင့် ပိန်နေသည်။

ဆရာဝန်က ကုတင်နံ့ဘေးနားမှာ ချထားသော ထိုင်ခုံပေါ်မှာ ထိုင်ပြီး လူနာကို စမ်းသပ်ရန် ဟန်ပြင်သောအခါ လူနာမိန်းကလေးက လက်မခံချေ၊

"အို. . . မကုနဲ့၊ မကုချင်ဘူး၊ ကျွန်မမှာ ဘာရောဂါမှ မရှိဘူး"

ဟု ခါးခါးသီးသီး ငြင်းဆန်လေသည်။

"ကုသာ ကုပေးပါ ဆရာ၊ ကျွန်မညီမလေးက ဆေးကုရမှာဆိုရင် ဒီလိုပဲ ကြောက်တတ်လို့ပါ"

အနားမှာ ရပ်ကြည့်နေသော မကျင်မွှေးက ဝင်ပြောသည်။





"ရပါတယ်. . . ကျုပ်ကုပေးပါ့မယ်၊ ရေနွေးပူပူ ယူချင်တယ်၊ သွားယူပေးပါ"

"ရပါတယ် ဆရာ၊ ကျွန်မသွားယူပေးပါ့မယ်"

ဟု ပြောကာ မကျင်မွှေး ထွက်သွားသောအခါ ဆရာဝန်က လူနာမိန်းကလေးလက်တစ်ဖက်ကို ဖတ်ကနဲ ဆုပ်ကိုင်လိုက်သည်။

"နန်းမွန်ကြည်. . . ကျွန်တော်က ဆရာဝန် မဟုတ်ပါဘူး၊ ခင်ဗျားကို ကယ်မယ့်သူပါ"

ဟု ပြောလိုက်တော့မှ နန်းမွန်ကြည်ဆိုသော မိန်းကလေးမှာ ဇဝေဇဝါမျက်လုံးဖြင့် မော့ကြည့်လေသည်။

"ဟိုတစ်နေ့က ခင်ဗျားထွက်ပြေးလာတုန်းက တွေ့တဲ့လူပါ။ စိုင်းဆမ်လောက ကျွန်တော်တို့ဆီမှာ ရှိပါတယ်"

ထိုအခါမှ နန်းမွန်ကြည်မှာ ဝမ်းသာသွားပြီး မျက်လုံးကလေးများ ဝင်းလက်လာတော့သည်။

"ကျွန်မကို ကယ်ရင်လည်း မြန်မြန်ကလေး ကယ်ပေးပါအစ်ကိုရယ်၊ တော်ကြာ သူတို့ ရောက်လာတော့မယ်၊ သူတို့လက်ထဲတော့ ဘယ်နည်းနဲ့မှ အရောက်မခံနိုင်ဘူး"

"သူတို့ဆိုတာ ဘယ်သူတွေလဲဟင်"

"ကျွန်မ အခုလို ဒုက္ခရောက်နေတာ ခွန်ဆန့်လက်ချက်ပဲ၊ သူ ကျွန်မကို မရလို့ အခုလို အကောက်ကြံနေတာ၊ ပျောက်သွားတဲ့ ပတ္တမြားကလည်း သူ့လက်ထဲမှာပဲ"

"ဘာမှစိတ်မပူပါနဲ့ နန်းမွန်ကြည်၊ မကြာခင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ရအောင်ကယ်ပဲ့မယ်"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

ထိုအခိုက်မှာပင် အပြင်မှ ပြန်ဝင်လာသောခြေသံ ကြား သဖြင့် စကားရပ်ကာ ဟန်မပျက် နေကြလေသည်။

မကျင်မွေးက ရေနွေးကို ဇလုံဖြင့် ထည့်ယူလာသည်။

ဒေါက်တာမင်းထင်ကျော်က ဆေးသေတ္တာအတွင်းမှ အားဆေးပုလင်းကို ထုတ်ကာ ဆေးထိုးအပ်ဖြင့် စုပ်ယူပြီး နန်းမွှန် ကြည်ကို ထိုးပေးလိုက်သည်။

ထို့ပြင် အားဆေးနှင့်အိပ်ဆေးအချို့ကို ရောကာ သောက်ဆေးအဖြစ် ပေးထားခဲ့သည်။

"လူနာက စိုးရိမ်စရာ မရှိတော့ပါဘူး၊ ပေးထားခဲ့တဲ့ သောက်ဆေးကို မှန်မှန်သောက်ရင် မကြာခင် ကောင်းသွားမှာ ပါ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆေးဖိုးနဲ့ခြေကြွခ ဘယ် လောက်ကျပါသလဲ"

"(၁၅)ကျပ်ပဲ ပေးပါ"

မကျင်မွေးက အသင့်ဆောင်ထားဟန်ရှိသော ဆယ် တန်တစ်ရွက်နှင့် ငါးကျပ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်ရာ ဒေါက်တာမင်းထင်ကျော်က လှမ်းယူပြီး အောက်ထပ်သို့ ပြန် ဆင်းခဲ့ရာ ဓါးဘိုးထင်က အပေါက်ဝအထိ လိုက်ပို့ပေးသည်။

အပေါက်ဝနား ရောက်မှ ဓါးဘိုးထင်က ပြောသည်။

"ဆရာ ဒီမှာလာပြီး ဆေးကုပေးတဲ့အကြောင်း အခြား





သူတွေကို မပြောစေချင်ဘူး"

"ကျုပ်တို့ ဆရာဝန်ဆိုတာ ကိုယ်ဆေးကုပေးတဲ့လူနာ အကြောင်းကို အခြားတစ်ယောက်ကို ပြောလေ့မရှိပါဘူး"

ဒါပဲပြောပြီး အသင့်ရပ်ထားသော မော်တော်ကားပေါ် သို့ တက်ကာ ဆေးခန်းသို့ ပြန်လာခဲ့လေသည်။

အတွင်းခန်းသို့ ရောက်သောအခါ ဆရာဝန်ရာဆင်းနှင့် တွေ့ပြီး ၎င်းထံမှ ငှားယူထားသော အဝတ်အစား အသုံး အဆောင်နှင့် ဆေးပစ္စည်းကိရိယာများကို ပြန်ပေးလိုက်လေ သည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ရပါတယ်ဗျာ. . . အချင်းချင်းတွေပဲ၊ အကူအညီပေးရ မှာပေါ့"

ဆရာဝန်ရာဆင်းမှာ ဒေါက်တာမင်းထင်ကျော်နှင့် ရင်း နှီးသူတစ်ဦးဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်သည် ဆေးခန်းအတွင်းမှ ထွက်လာပြီးနောက် ၎င်း၏မော်တော်ကားနှင့် ဗားကရာမှ ဦးဖန် ကောင်းတို့ ရှိရာသို့ သွားလေသည်။

ဦးဖန်ကောင်းအိမ်၌ စုံထောက်ကျော်စွာလည်း ရှိနေ လေသည်။

ထိုအိမ်ရောက်သောအခါ ဦးဖန်ကောင်းနှင့် ကျော်စွာ တို့အား အခြေအနေ ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးရော အခြေအနေကောင်းရဲ့လား မောင်ထင်ကျော်"

"ကောင်းပါတယ်. . . အစားအသောက် မမှန်လို့ အားနည်းနေတာပဲ ရှိပါတယ်"

ထိုစကားကြောင့် မလှမ်းမကမ်းမှာ ရှိနေသော စိုင်းဆမ်လောမှာ ဝမ်းသာသွားဟန်ရှိလေသည်။

ဦးဝန်ကောင်းက ဂရုတစိုက် ကုသပေးသောကြော င့် စိုင်းဆမ်လော၏ဒဏ်ရာများမှာ ပျောက်ကင်းစပြုနေချေပြီ။

"မကျင်မွှေးက ဘာပြောလိုက်သေးလဲ ကိုမင်းထင်ကျော်"

"ပိုက်ဆံ(၁၅)ကျပ် ပေးလိုက်တယ်၊ အဲဒီမှာ ကြည့်ရမှာပဲ"

ဟု ပြောကာ အိတ်ထဲမှာ ထည့်ထားသော မကျင်မွှေးပေးလိုက်သည့် ငွေစက္ကူနှစ်ရွက်ကို ထုတ်လိုက်သည်။

ငွေစက္ကူပေါ်မှာ အခြားဘာမှမတွေ့ရပေ။

အသေအချာ ကြည့်တော့မှ တစ်ဆယ်တန် ငွေစက္ကူပေါ်မှာ တစ်စုံတစ်ခုဖြင့် ရေးခြစ်ထားသော အစင်းရာအချို့ကို တွေ့ရသည်။

ရုတ်တရက် ကြည့်လျှင်တော့ ထိုအစင်းရာများမှလွဲပြီး အခြားဘာမှမတွေ့ရပေ။

သို့ကြောင့် ရေတစ်ခွက် ခပ်ယူပြီး ငွေတစ်ဆယ်တန် ရွက်ကို ရေစိမ်လိုက်ရာ အတန်ကြာတော့ ငွေစက္ကူပေါ်မှာ ရေး





ထားသော စာလုံးများ ပေါ်လာလေသည်။

ဖတ်ကြည့်တော့ အောက်ပါအတိုင်း တွေ့ရလေသည်။

'သန်ဘက်ခါညမှာ သူတို့ဌာနချုပ်ကို ရပ်ဝေးက ဧည့်သည်တွေ ရောက်လာကြမယ်၊

အဲဒီရက် မတိုင်ခင် မိန်းကလေးကို ရအောင်ကယ်ပါ

ကျားနက်'

"ဘာတဲ့လဲ မောင်ထင်ကျော်"

"နန်းမွန်ကြည်ကို ခေါ်မယ့်လူတွေ သန်ဘက်ခါည ရောက်ကြမယ်လို့ ရေးထားတယ်၊ အဲဒီမတိုင်ခင် မိန်းကလေးကို ရအောင် ကယ်ရမယ်"

"ရပ်ဝေးကဆိုတော့ ခွန်ဆမ်တို့ပဲဖြစ်ရမယ်"

"သူလာရင် သူနဲ့အတူ ခိုးထားတဲ့ပတ္တမြားလည်း ပါလာနိုင်တယ်"

"နန်းမွန်ကြည်ကို ကယ်ရင်း ပတ္တမြားပါ ရအောင် ကြိုးစားရင် မကောင်းဘူးလား"

"အခြေအနေ ပေးရင်ပေးသလို ကြိုးစားကြတာပေါ့၊ ဒါပေမယ့် သူတို့က လူအင်အား များတော့ လွယ်တော့ မလွယ်လှဘူး ထင်တယ်"

"ဒီကိစ္စကို မှန်ကင်းစံအဖွဲ့နဲ့ တိုင်ပင်ရင် ပိုမကောင်းဘူးလား"

"ကောင်းတာပေါ့. . . သူတို့နဲ့ တိုင်ပင်တော့ အကြံကောင်း ဉာဏ်ကောင်းတွေလည်း ရတယ်၊ သူတို့ရဲ့အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရနိုင်တာပေါ့"

"ကဲ. . . ဒီတော့ မောင်ကျော်စွာက မှန်ကင်းစံအဖွဲ့နဲ့ သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြပေတော့၊ မောင်ထင်ကျော်နဲ့ ကျုပ်နဲ့က အသေးစိတ် အစီအစဉ်တွေ တိုင်ပင်ကြရအောင်"

ဟု ပြောဆိုတိုင်ပင်ကာ လူစုခွဲလိုက်ကြလေသည်။







## အခန်း(၉)

# ရှေးဟောင်းပတ္တမြားနှင့် ပရလောကသားများ

နန်းမွန်ကြည်မှာ အတော်ကလေး အခြေအနေကောင်းစပြုလာပြီဖြစ်၏။

ဆရာဝန် လာပြီး ဆေးကုသပြီးသည့်နောက်ပိုင်းမှာ အားရှိလာပြီး သူမအတွက် လာပေးသော အစားအသောက်များကို ဝလင်အောင် စားသောက်လေသည်။

ဆရာဝန် ပေးထားသောဆေးများကိုလည်း မှန်မှန်သောက်လျက်ရှိသည်။

အမှန်တော့ သူမမှာ ကိုယ်တွင်းကိုယ်ပရောဂါ ဘာမှမဖြစ်ဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေခြင်းကြောင့် အစားမစား



www.burmeseclassic.com

www.burmeseclassic.com



ဘဲ နေသောကြောင့် တစ်နေ့တစ်ခြား ပိန်ကျလာခြင်းဖြစ်၏။ ယခုအခါ မိမိအား ကယ်တင်မည့်သူ ရှိနေသည်ကို သိရသည်က တစ်ကြောင်း၊ မကြာခင် ရန်သူများလက်မှ လွတ်မြောက်နိုင်သည်ကို သိရသောအခါ များစွာအားရှိလာခြင်းဖြစ်၏။

ထို့ပြင် အစ်ကိုဖြစ်သူ စိုင်းဆမ်လောတစ်ယောက် မသေမပျောက်ရှိနေကြောင်း သိရလေရာ ပိုမိုဝမ်းသာစရာဖြစ်နေလေသည်။

သို့ကြောင့် ထွေထွေထူးထူး စိတ်ဆင်းရဲစရာများ မတွေးတော့ဘဲ စိတ်ချမ်းသာအောင် နေကာ အစားအသောက်များကိုလည်း မှန်မှန်စားသောကြောင့် ပြန်လည်လန်းဆန်းလာလေတော့သည်။

ထို့ပြင်. . .

သူမ၏စိတ်ထဲမှာ လွန်ခဲ့သောတစ်ညက လမ်းဖြတ်ပြေးသွားပြီး ဘားဆိုင်ရှေ့အရောက်တွင် အမျိုးသားတစ်ယောက်ကို ဖက်ပြီးအကူအညီတောင်းခဲ့ပုံ၊

ထိုအမျိုးသားထံမှ ဝမ်းသာစရာစကားများကို တစွန်းတစ ကြားခဲ့ရပုံများကို ပြန်လည်အမှတ်ရနေသည်။

၎င်း၏ယောကျ်ားပီသသောမျက်နှာနှင့် တည်ငြိမ်သော အသံတို့ကိုပါ သတိရနေသည်။

နောက်တစ်ဖန် ဆရာဝန်အဖြစ်နှင့် ရောက်လာသော အခါ သူ့မျက်နှာပုံပန်းသဏ္ဍာန်ကို မတွေ့ရသော်လည်း သူ့အသံကို ကောင်းစွာမှတ်မိနေသည်။





ထိုညက မိုးရွာရွာနှင့် မီးရောင်မှုန်ဝါးဝါးအောက်မှာ လျှပ်တပြက် တွေ့လိုက်ရသော ကယ်တင်ရှင်၏မျက်နှာကိုတော့ သူမတစ်သက် မေ့ပျောက်နိုင်တော့မည်မဟုတ်ပေ။

"ငါ သူ့ကို ဘာကြောင့် သတိရနေတာလဲ၊ ငါ့ရဲ့ဒုက္ခတွေကို ကယ်တင်ပေးမယ့် ကယ်တင်ရှင်မို့လား၊ ဒါမှမဟုတ် ကျေးဇူးရှင်မို့ သတိရနေတာလား၊ ဘာပဲဖြစ်ဖြစ် သူဟာ ငါ့အတွက် မမေ့နိုင်စရာ လူတစ်ယောက်ဆိုတာကတော့ အမှန်ပဲ"

နန်းမွန်ကြည်အနေနဲ့ စိတ်ထဲမှာ လန်းဆန်းတက်ကြွနေသောအကြောင်းများထဲမှာ အန္တရာယ်မှ လွတ်မြောက်ခွင့်ရတော့မည်ကတစ်ကြောင်း၊

အစ်ကိုဖြစ်သူ၏သတင်းကို ကြားရသည်က တစ်ကြောင်းအပြင် သူ စွဲလန်းမိခဲ့သော မျက်နှာပိုင်ရှင်နှင့် ပြန်လည်တွေ့ရတော့မည့်အကြောင်းများလည်း ပါလေသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ သော့ခလောက်ဖွင့်သံကြားရပြီး တံခါးချပ်ပွင့်လာသည်။

မကျင်မွေး ဝင်လာသည်အထင်နှင့် လှမ်းကြည့်လိုက်တော့ မဟုတ်ပေ၊ ယောကျ်ားတစ်ယောက်မှန်း သိလိုက်သည်နှင့် လှဲအိပ်နေရာမှ ကပျာကယာ လူးလဲထလိုက်သည်။

ထိုလူ အနားရောက်လာတော့မှ မျက်နှာကို အသေအချာ မြင်ရပြီး ဒေါသစိတ်များ 'ဝုန်း' ကနဲ ဆောင့်တက်လာသည်။

"ခွန်ဆန်. . . လူယုတ်မာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အံကြိတ်ကာ ရေရွတ်လိုက်သည်။

ခွန်ဆန်မျက်နှာကို မြင်လိုက်ရသောအခါ စောစောက ဖြစ်ပေါ်နေသော တက်ကြွပျော်ရွှင်စိတ်ကလေးများက ချက်ချင်း ပျောက်ကွယ်သွားပြီး ဝမ်းနည်းစိတ်၊ ဒေါသစိတ်များက အစား ထိုး ဝင်ရောက်လာသည်။

ခွန်ဆန်က ကုတင်နံဘေးရှိ ထိုင်ခုံပေါ်မှာ ဝင်ထိုင်လိုက် သည်။

"နင်နေကောင်းရဲ့လား နန်းမွန်ကြည်"

"နင် ဘာလာလုပ်တာလဲ ခွန်ဆန်"

"နင်ရှိတဲ့နေရာ ငါလာတာပဲ. . . မလာရဘူးလား"

"ဒီအကြံအစည်တွေအားလုံးဟာ နင့်ရဲ့အကြံအစည် တွေချည်းပဲ မဟုတ်လား၊ ဘုရားဌာပနာ ဖောက်ပြီး ပစ္စည်းများကို ခိုးယူတာရော၊ ငါတို့မောင်နှမနှစ်ယောက်ကို အခုလို ဒုက္ခရောက် အောင် လုပ်တာတွေရော နင့်ရဲ့လက်ချက်တွေချည်းမဟုတ်လား ခွန်ဆန်"

"ငါ့ကို အထင်မလွဲပါနဲ့ဟာ၊ အခု ငါလာတာ နင့်ကို ကယ်ရအောင် လာတာပါ"

"ဝေးသေးတယ်. . . နင့်နောက်ကိုတော့ ဘယ်တော့မှ မလိုက်ဘူး၊ နင် ငါ့ကို အပိုင်သိမ်းဖို့ ကြိုးစားရင်လည်း ဘယ် တော့မှ မရဘူးဆိုတာ မှတ်ထားပါ"

"နင်က အခုထိ မာနက မလျှော့သေးပဲကိုး"

နန်းမွန်ကြည်က အံကြိတ်ကာ မျက်နှာလွှဲထားလေ





သည်။

"ဒီမှာ နန်းမွန်ကြည်၊ နင် ဘယ်လောက်ပဲ မာနကြီးနေ ပေမယ့် တစ်နေ့ကျရင်တော့ ငါ့လက်ထဲ ရောက်ရမှာပဲ"

"ဝေးသေးတယ်. . . မတတ်သာလို့ လျှော့ရရင်တောင် ငါ့ကို အသက်ရှင်လျက်နဲ့ ဘယ်တော့မှ နင်မရစေရဘူး"

"နင် အဲဒီလို မာနကြီးနေရင် နင့်အဖေ ဒုက္ခရောက်မှာ ပေါ့၊ နင့်အဖေအတွက် နင်မစိုးရိမ်ဘူးလား နန်းမွန်ကြည်"

"အို. . . လူဆိုတာ သေတစ်နေ့မွေးတစ်နေ့ပဲ၊ မတရား နှိပ်စက်ခံနေရတာနဲ့စာရင် သေသွားတာက ပိုကောင်းတာပေါ့၊ အဖေပဲသေသေ ငါပဲသေသေ ဝမ်းနည်းစရာ မဟုတ်ပါဘူး၊ နင့်ကို ငါ တစ်ခုပဲ ပြောလိုက်မယ် ခွန်ဆန်၊

မကောင်းတာ လုပ်တဲ့လူဟာ တစ်နေ့ကျရင် အဲဒီ မကောင်းမှုရဲ့ဒဏ်ခတ်ခြင်းကို မလွဲမသွေ ခံရလိမ့်မယ်၊ အဲဒါကို နင်မြဲမြဲမှတ်ထား"

"ရပါတယ်ဟာ. . . ဘာပဲဖြစ်ဖြစ် ငါကတော့ ဂရုမစိုက် ပါဘူး၊ ခွန်ဆန်ဆိုတဲ့ငါက လိုချင်တာကို ရအောင်လုပ်ရမှ ကျေနပ်တဲ့လူစားမျိုးပဲ၊ အဲဒါကို နင်မြဲမြဲမှတ်ထားပါ၊

ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် နင်ဟာ ငါ့လက်ထဲ ရောက်ကို ရောက်စေရမယ်"

ဟု ပြောကာ ခွန်ဆန်က အပြင်သို့ ပြန်ထွက်လာလေ သည်။ အခန်းထဲမှာတော့ နန်းမွန်ကြည်တစ်ယောက် ငိုရှိုက်ကာ ကျန်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်ဆန်သည် ထိုအခန်းမှ ထွက်လာပြီးနောက် ဦးဒီပ ရှိရာ သီးသန့်အခန်းတွင်းသို့ သွားလေသည်။

ဦးဒီပအခန်းမှာ တိုက်အပေါ်ထပ်ရှိ လျှို့ဝှက်ခန်းတစ်ခန်းဖြစ်လေသည်။

အခန်းပေါက်ဝမှာ လူမိုက်နှစ်ယောက် ရှိနေကြပြီး ခွန်ဆန် လာသည်ကို မြင်သောအခါ အလိုက်သင့် တံခါးဖွင့်ပေးလေသည်။

ခွန်ဆန်သည် ဦးဒီပနှင့် စီးပွားဖက်တစ်ယောက်ဖြစ်ကြသည်ကို သူတို့ သိထားကြလေသည်။

အခန်းတွင်း ရောက်တော့ ဦးဒီပက အရက်၊ အစားအသောက်များနှင့် ဧည့်ခံလေသည်။

"ထိုင်ကွာ ခွန်ဆန်၊ ငါ့ဘက်က တာဝန်ကျေတာကို မင်းတွေ့ခဲ့ပြီမဟုတ်လား၊ ကောင်မလေးနဲ့ တွေ့ခဲ့ပြီလား"

ခွန်ဆန်က ခေါင်းငြိမ့်ပြသည်။

"ဒီတစ်ပတ်ပစ္စည်းအခြေအနေကောင်းရဲ့လား ခွန်ဆန်"

"အတော်များများ ပါလာပါတယ်"

"ဒီလိုမှပေါ့. . . ဒီမှာလည်း အဖမ်းအဆီးက များတော့ ပစ္စည်းက ပြတ်သလောက် ဖြစ်နေပြီ၊ ဒါထက် မင်း ငါနဲ့ တိုင်ပင်ချင်တယ်ဆိုတာ ဘာလဲ"

ခွန်ဆန်က ဘာမှမပြောဘဲ ၎င်း၏အင်္ကျီအိတ်အတွင်းမှ ကတ္တီပါအိတ်ငယ်တစ်ခုကို ထုတ်လိုက်သည်။

ထိုကတ္တီပါအိတ်ကို ဖွင့်လိုက်သောအခါ ဝွမ်းစများနှင့်





အထပ်ထပ် ပတ်ထားသော ပတ္တမြားကြီးတစ်လုံး ထွက်လာသည်။

ခွန်ဆန်က ပတ္တမြားကို ဦးဒီပကို လှမ်းပေးလိုက်ရာ ဦးဒီပက လှမ်းယူပြီး စားပွဲပေါ်မှ မှန်ဘီလူးတစ်လက်ဖြင့် အသေအချာ စစ်ဆေးကြည့်နေလေသည်။

အခန်းထဲမှာ မီးပွင့်များ ထွန်းထားသောကြောင့် ထိုမီးရောင်ဖြင့် ပတ္တမြားမှ အနီရောင်များက အခန်းတစ်ခုလုံး ဖြာထွက်နေလေသည်။

"ပတ္တမြားကတော့ အတော့်ကို အရည်အသွေးကောင်းပေတာပဲ၊ ဒါကို မင်းဘယ်လိုလုပ်မှာလဲ"

"ကျွန်တော် ဒီပစ္စည်းကို အမြန်ဆုံး ရောင်းချင်တယ်၊ လက်ထဲမှာ မထားချင်တော့ဘူး"

"ဘာဖြစ်လို့လဲကွ. . . ပြောပါဦး"

"ဒီကိစ္စတွေကို အယုံအကြည် သိပ်မရှိပါဘူး၊ ဒါပေမယ့် ဒီပစ္စည်း ရပြီးကတည်းက ကြောက်စရာလန့်စရာတွေနဲ့ချည်း ကြုံနေရတယ်ဗျာ"

"မင်းပြောတဲ့ ကြောက်လန့်စရာတွေဆိုတာ ဘယ်လိုကိစ္စမျိုးတွေလဲ၊ ငါ့ကိုလည်း အကြောင်းစုံ ပြောပြဦးမှပေါ့"

ဦးဒီပစကားကြောင့် ခွန်ဆန်က စားပွဲပေါ်မှ ဦးဒီပ ငှဲ့ပေးထားသော အရက်ခွက်ကို ယူပြီး တစ်ကျိုက်တည်းနှင့် မော့သောက်လိုက်ပြီးမှ အောက်ပါအဖြစ်အပျက်အချို့ကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်၌ ဌာပနာထားသော ပတ္တမြားကို ယူရန် စေခိုင်းသူမှာ ခွန်ဆန်ပင်ဖြစ်ပေသည်။

သူသည် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို တစ်ချက်က ပတ္တမြားကို ယူရန်ဖြစ်ပြီး နောက်တစ်ချက်က ဦးခွန်သာတို့ မိသားစု ဒုက္ခရောက်ရန် ရည်ရွယ်ချက်ဖြစ်ပေသည်။

သို့စေကာမူ. . .

ပတ္တမြားကြီးကို ရပြီးနောက်မှာ ကြောက်မက်ဖွယ်ရာများနှင့် ကြုံတွေ့ရလေသည်။

ညအချိန်ရောက်လာသည်နှင့် သူနေသော ဟော်နန်းပတ်ဝန်းကျင်သို့ မည်းမည်းသဏ္ဌာန်များ ရောက်လာကာခြောက်လှန့်လေ့ရှိသည်။

အိပ်လျှင်လည်း အိပ်မက်ထဲမှာ ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန်များကို အိပ်မက်လိုလိုနှင့် တွေ့ရပြီး လန့်နိုးလာလေ့ရှိသည်။

သို့ကြောင့် ခွန်ဆန်မှာ ပတ္တမြားကြီး ရပြီးနောက်ပိုင်းမှာ မအိပ်နိုင် မစားနိုင်လောက်အောင် အထိတ်ထိတ် အလန့်လန့် ဖြစ်နေရပေသည်။

ကျိုင်းတောင်းစော်ဘွားမှာ ခွန်ဆန်၏ဖခင်ဖြစ်သည်။ စော်ဘွားကြီးမှာ စော်ဘွားဘဝ မရောက်ခင်ကတည်းက ဘိန်းအရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်ခဲ့သူဖြစ်ပသည်။ ၎င်းသည် ရှမ်းပြည်နယ်တခွင်မှ ဘိန်းများကို ဝယ်၍ ရန်ကုန်မှ ကုန်သည်များနှင့် အဆက်အသွယ်ပြုကာ ရောင်းချလေသည်။ ဘိန်း





နှင့် သက်ဆိုင်သောကိစ္စများကို ဖမ်းဆီးရန် တာဝန်ပေးထားသော မျက်နှာဖြူ အရာရှိများကလည်း ဘိန်းအရောင်းအဝယ်ကိစ္စများကို တင်းတင်းကြပ်ကြပ် မလုပ်ကြပေ။

၎င်းတို့၏အဓိကရည်ရွယ်ချက်မှာ မြန်မာပြည်သားများ ဘိန်းစွဲကာ နလံမထူနိုင်အောင်ဖြစ်စေရန် ရည်ရွယ်ချက်ဖြစ်သည်။

သို့ကြောင့် ရှမ်းပြည်နယ်ဘက်မှ ထွက်သော ဘိန်းများကို အောက်နယ်များဘက်သို့ တင်ပို့ရောင်းချသောကိစ္စများကို တင်းတင်းကျပ်ကျပ် ဖမ်းဆီးခြင်းမပြုဘဲ မသိဟန် မျက်နှာလွှဲခဲ့ကြသည်။

သို့သော်လည်း ဒီအတိုင်းတော့ မရပေ။

သက်ဆိုင်ရာ အရာရှိများကို ထိုက်ထိုက်တန်တန် ပေးကြရသည်။ လာဘ်ထိုးကြရသည်။

မျက်နှာဖြူအရာရှိများအနေကတော့ ငွေလည်း ရစေ၊ ၎င်းတို့၏ရေရှည်စီမံကိန်းလည်း အကောင်အထည်ပေါ်စေ ဖြစ်သောကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် နည်းဗျူဟာ သို့မဟုတ် ကျည်ဆံတစ်တောင့်တည်းနှင့် သားကောင်နှစ်မျိုး ရအောင်ပစ်သော နည်းဗျူဟာပင်ဖြစ်တော့သည်။

ကျိုင်းတောင်းစော်ဘွားအနေဖြင့် ရန်ကုန်ဈေးကွက်အတွင်း ဘိန်းဖြန့်ဖြူးရောင်းချခြင်းအတွက် အဓိက အဆက်အသွယ်ပြုသော ဖောက်သည်မှာ ဦးဒီပဖြစ်သည်။

ဦးဒီပသည် ကျိုင်းတောင်းစော်ဘွားနှင့် အဆက်အ



www.burmeseclassic.com

www.burmeseclassic.com



သွယ်ရှိကာ ကုန်သွယ်ဘက်များဖြစ်ကြပေသည်။

သို့ကြောင့် ခွန်ဆန်က ပတ္တမြား ရသောအခါ ရန်ကုန်မှ ဦးဒီပနှင့် အဆက်အသွယ်ပြုကာ နန်းမွန်ကြည်ကို ရစေရန် စေခိုင်းခြင်းဖြစ်သည်။

နန်းမွန်ကြည်နှင့် စိုင်းဆမ်လောတို့မောင်နှမကလည်း ပတ္တမြား ပြန်ရစေရန် ရန်ကုန်သို့ ဆင်းလာစဉ် ၎င်းတို့ ချိန်းဆိုသည့်နေရာ ရောက်သောအခါ စိုင်းဆမ်လော အသတ်ခံရပြီး နန်းမွန်ကြည်လည်း ဦးဒီပ တပည့်များ၏ဖမ်းဆီးခြင်းကို ခံရလေသည်။

စိုင်းဆမ်လောမှာ ကံကောင်းထောက်မစွာဖြင့် မှန်ကင်းစံအဖွဲ့နှင့် တွေ့ရပြီးနောက် သေကံမရောက် သက်မပျောက် ဖြစ်ခဲ့ရသည်။

ခွန်ဆန်ကတော့ ဟန်မပျက် ရှမ်းပြည်နယ်သို့ ပြန်သွားခဲ့လေသည်။ သူသည် ရှမ်းပြည်နယ် ပြန်ရောက်သော်လည်း ကောင်းစွာမနေရပေ။

ညစဉ်လိုလို မကောင်းဆိုးဝါးများ၏ခြောက်လှန့်မှုကို ခံရလေသည်။ ထို့ပြင် ညအချိန် ရောက်လာသည်နှင့် အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းကလေးသုံးယောက် ရောက်လာပြီး ပတ္တမြားကို ပြန်တောင်းလေ့ရှိသည်။

"နင်ဟာ လူယုတ်မာပဲ၊ ဘုရားဌာပနာထားတဲ့ ပတ္တမြားကို ခိုးယူထားတယ်၊ အပြစ်မရှိတဲ့လူတွေ ဒုက္ခရောက်အောင် လုပ်တယ်၊ ဒီပတ္တမြားကို နင်တို့ သုံးစွဲဖို့ မပြောနဲ့၊ လက်ဖျားနဲ့





တောင် တို့လို့ မရဘူး၊

ဒီပြစ်မှုအတွက် နင့်ရဲ့အသက်ကို လျော်ကြေးပေးရမယ်"

ဟု သူ့မျက်နှာကို မျက်ထောက်နီကြီးဖြင့် စိုက်ကြည့်ကာ ပြောလေသည်။

ခွန်ဆန်မှာ ဖခင်ဖြစ်သူ စော်ဘွားအရှိန်အဝါကြောင့်သာ မောက်ကြွားနေသော်လည်း တကယ်တမ်းဆိုမူ သတ္တိရှိသူတစ်ယောက် မဟုတ်ပေ။

ယခုကဲ့သို့ ကြောက်မက်ဖွယ်ရာများနှင့် တွေ့ရသောအခါ နေစရာ မရှိအောင် ကြောက်ရွံ့မိလေသည်။

ထိုအမျိုးသမီးသုံးယောက် အဆောင်ပေါ်မှ ပြန်ဆင်းသွားသောအခါ ဟော်နန်းအစောင့်များကို ခေါ်မေးလေသည်။

"မင်းတို့ ဘာလုပ်နေတာလဲ၊ စောစောက ဟော်နန်းထဲကို မိန်းမသုံးယောက် ဝင်လာတာ မမြင်လိုက်ကြဘူးလား"

"မိန်းမသုံးယောက် မတွေ့လိုက်ပါဘူး သခင်လေး၊ စောစောက ဟော်နန်းရှေ့မှာ အစိမ်းရောင်မြွေကြီးသုံးကောင် တွေ့လိုက်ရလို့ ကျွန်တော်တို့ လိုက်ရှာနေကြတာပါ သခင်လေး"

"ဟင်. ."

ထိုစကားကြားသောအခါ ပိုမိုတုန်လှုပ်သွားလေသည်။

နောက်ညများမှာတော့ ဘုရားဌာပနာ ဖောက်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်သောလူများမှာ တစ်ညတစ်ယောက်ဆိုသလို မြွေကိုက်ခံရပြီးနောက် သေဆုံးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေက ဘယ်နေရာက ဝင်လာပြီး ဘယ်ကဲ့သို့ ပေါက်သတ်သွားသည် မသိပေ။

နံနက်လင်းသည်နှင့် လည်ပင်းမှာ အစွယ်ရာနှစ်ချက်တွေ့ရပြီး တစ်ကိုယ်လုံး မဲပြာပြီး သေဆုံးနေခြင်းဖြစ်သည်။

ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် သေဆုံးကြရာ အချို့လည်း မနေဝံ့တော့သဖြင့် အခြားနေရာများသို့ ထွက်ပြေးကြလေသည်။

ထိုလူများ၏သတင်းကိုတော့ မကြားရတော့ပေ။

ထို့ထက်ပိုဆိုးသည်က သေဆုံးသွားသူများက ညအချိန်ရောက်လာသည်နှင့် ခွန်ဆန်ရှိရာသို့ ရောက်လာပြီး အသံနက်ကြီးများဖြင့် အကူအညီတောင်းကြလေသည်။

"သခင်လေး. . . ကျုပ်တို့ကို ကယ်ပါ၊ သခင်လေး ခိုင်းလို့ ဘုရားဌာပနာ ဖောက်ခဲ့မိတဲ့အပြစ်ကြောင့် အခု သရဲသဘက်ဘဝကို ရောက်နေပြီ၊ ကျုပ်တို့ကို ကယ်ပေးပါ"

ထိုကဲ့သို့ အသံနက်ကြီးများ ကြားသဖြင့် လှမ်းကြည့်လိုက်သော် ဟော်နန်းနှင့် မလှမ်းမကမ်း အမှောင်ရိပ်များအတွင်းမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်များကို လှမ်းမြင်ရသည်။ အချို့ကို ဝိုးတဝါး မြင်ရပြီး အချို့၏ပုံပန်းသဏ္ဌာန်များကိုတော့ သဲသဲကွဲကွဲ မြင်ရလေသည်။

သရဲသဘက်များ၏ကြောက်မက်ဖွယ် ပုံပန်းသဏ္ဌာန်များကို မြင်ရသောအခါ ခွန်ဆန်မှာ များစွာထိတ်လန့်ကြောက်ရွံ့မှုဖြစ်မိလေသည်။





ဟော်နန်းအတွင်းမှာ ရှိသော ရှမ်းဆရာများ၊ ပယောဂဆရာများအား ထိုအနှောင့်အယှက်များ ကင်းသွားအောင် စေခိုင်းသော်လည်း မတတ်နိုင်ကြပေ။

ထိုရက်များအတွင်းမှာလည်း အမျိုးသမီးသုံးယောက်က ညစဉ်ညတိုင်း ရောက်လာပြီး ခေါင်းဆောင်အမျိုးသမီးက မျက်ထောက်နီဖြင့် ကြည့်ကာ ပြောသည်။

"နင် သေရတော့မယ်၊ နင်သေရမယ့်အချိန် ရောက်တော့မယ်"

ဟု အချိန်မှန်မှန် လာပြောနေရာ နောက်ဆုံးတော့ ခွန်ဆန်မှာ ဟော်နန်းမှာ ဆက်မနေဝံ့တော့ဘဲ ပတ္တမြားကိုပါ ယူ၍ ရန်ကုန်သို့ ဆင်းပြေးခဲ့ရတော့သည်။

"အဖြစ်အပျက်ကတော့ အဲဒီလိုပဲ ဦးဒီပ၊ ဒီပတ္တမြားရပြီးကတည်းက ကျွန်တော်လည်း တစ်ရက်မှ အေးအေးမနေရသေးပါဘူး"

ခွန်ဆန်က ၎င်းအဖြစ်အပျက်များကို ဦးဒီပအား ပြောပြလိုက်လေသည်။ ဦးဒီပက ဆေးပြင်းလိပ်ကို ဖွာရင်း နားထောင်နေလေသည်။ ခွန်ဆန်စကားဆုံးတော့မှ မှတ်ချက်ချသည်။

"ပရလောကနဲ့ သက်ဆိုင်တဲ့ အဖြစ်အပျက်တွေကတော့ ဒီလိုပဲ ရှိတာပါပဲ၊ သူတို့က လူတွေကို ခြောက်ရုံလှန့်ရုံပဲ တတ်နိုင်ကြတာပါ၊ ဒီလောက်လည်း ကြောက်နေဖို့ မလိုပါဘူး"

"ဒါဖြင့် ကျိုင်းတောင်းမှာတုန်းက ကျွန်တော့်လူတွေ တစ်ယောက်ပြီးတစ်ယောက် သေတာကရော ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဒါကလည်း တိုက်ဆိုင်မှုဖြစ်မှာပါ။ ဒီပတ္တမြားကို ကိုယ့်လက်ထဲက အမြန်ဆုံး ရောင်းပစ်လိုက်ရင် ပြီးသွားမှာပါ။ ပတ္တမြားမရှိတော့ရင် အနှောင့်အယှက်တွေကလည်း မင်းဆီကို လာမှာမဟုတ်ပါဘူး၊ ပတ္တမြား ရှိတဲ့လူဆီကို လိုက်သွားမှာပေါ့. . . မဟုတ်ဘူးလား”

“ဟုတ်တယ်. . . အဲဒါ ကောင်းတယ်၊ ဒီပတ္တမြားကို အမြန်ဆုံး ရောင်းထွက်အောင် လုပ်ရမယ်၊ ဦးဒီပ စိမ်ပေတော့၊ ဒီပတ္တမြား ရောင်းပြီးရင် ဦးဒီပအတွက်လည်း အကျိုးအမြတ် မနည်းစေရပါဘူး”

“ရပါတယ် ခွန်ဆန်ရယ်. . . အချင်းချင်းတွေပဲ၊ ဒီလိုပဲ အကူအညီ ပေးရမှာပေါ့။ ဒါထက် မင်း ဒီမှာပဲ တည်းမှာလား”

ဦးဒီပ ပတ္တမြားကို ပြန်ပေးရင်း မေးလိုက်သည်။

“ဟင့်အင်း. . . ဒီမှာ မတည်းပါဘူး၊ ဒီမှာတည်းရင် တခြားလူတွေ ရိပ်မိလိမ့်မယ်၊ ကျွန်တော် တခြားနေရာမှာ တည်းပါ့မယ်၊ နန်းမွန်ကြည်ကိုသာ ဂရုစိုက်ပေးပါ”

“စိတ်ချပါ. . . ဘာမှ မဖြစ်စေရပါဘူး”

ထို့နောက်. . .

ခွန်ဆန်လည်း ပတ္တမြားကို ယူပြီးနောက် ဦးဒီပကို နှုတ်ဆက်ကာ တိုက်အပေါ်မှ ပြန်ဆင်းသွားလေတော့သည်။





## အခန်း(၁၀)

# ဦးဒီပ၏အကြံအစည်

ခွန်ဆန် တည်းခိုသောနေရာမှာ ဗဟန်းကြားတောရလမ်းအတွင်းရှိ ရှမ်းကျောင်းတစ်ခု၌ ဖြစ်သည်။

ထိုကျောင်းမှာ ရှမ်းလူမျိုး ဘုန်းတော်ကြီးတစ်ပါး ကျောင်းထိုင်သောကြောင့် ရှမ်းကျောင်းဟု အလွယ်တကူ ခေါ်ပြီး ရှမ်းလူမျိုး ဘုရားဖူးဧည့်သည်များ ရောက်လာလျှင် တည်းခိုနိုင်ရန် အဆောင်နှင့် နေရာများ စီစဉ်ပေးထားသည်။

ရှမ်းပြည်နယ်တကျောမှ လာရောက်ကြသူများမှာ ဘုရားလည်းဖူး၊ လိပ်ခဲလည်းတူးဆိုသလို ရန်ကုန်၌ ဘုရားဖူးရင်း ရှမ်းပြည်နယ်မှ ပါလာသော ပစ္စည်းများကိုလည်း ဘုရားဈေး၌ ရောင်းချကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်းတို့သည် ရှမ်းကျောင်း၌ တည်းခိုနေထိုင်ကာ မိမိတို့၌ ပါလာသော စားအိုးစားခွက်များနှင့် ချက်ပြုတ်စားသောက်ကြသည်။

ဗဟန်းကြားတောရလမ်းတစ်ဝိုက်မှာ လူနေအိမ်ခြေထက် ဘုန်းတော်ကြီးကျောင်းက ပိုများလေသည်။

ရှမ်းကျောင်း၊ မွန်ကျောင်း၊ ရခိုင်ကျောင်း စုံလှလေသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အမှီပြုပြီး ဘုန်းကြီးကျောင်းများ ပေါများသည်ဆိုသည်ထက် ထိုနေရာတစ်ဝိုက်မှာ တောတောင်ထူထပ်ရာအရပ်ဖြစ်သောကြောင့်လည်းတစ်ကြောင်း ပါလေသည်။

ဗဟန်းဟူသည် ရှေးပေါရာဏစကားဖြစ်ပြီး အဝါရောင်မြေရှိရာအရပ်ဟု အဓိပ္ပါယ်ရှိသည်။

အချို့ကလည်း ရွှေရောင်မြေဟု တင်စားခေါ်ဝေါ်ကြသည်။ ထိုအမည်နှင့် လိုက်လျောညီထွေစွာ ရှေးအခါက ဗဟန်းနယ်မြေတစ်ဝိုက်တွင် ရှိသောမြေမှာ အဝါရောင်မြေအမျိုးအစားများလေသည်။

မြေနီကုန်းတစ်ဝိုက်မှာ ရှိသော မြေများမှာလည်း အနီရောင်သမ်းနေသော မြေများဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာက ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေမရှိလှဘဲ ဘုရားကျောင်းကန်အချို့သာရှိပြီး နေရာအတော်များများမှာတော့ တောတောင်များကသာ ဖုံးလွှမ်းထားပေသည်။





(၁၈၄၁)ခုနှစ်မတိုင်မီကတည်းက ဗဟန်းကြားတောရအရပ်တွင် ဘုန်းကြီးကျောင်းအချို့ ရှိခဲ့ပေသည်။

ကြားတောရလမ်းဆိုသည်မှာ ရွှေတိဂုံဘုရားလမ်းအရှေ့ဘက်မုခ်မှ ကိုယ်ခံမင်းကိုယ့်ချင်းလမ်းနှင့် တစ်ဆက်တစ်စပ်တည်း ရှိနေသော ဗဟန်းလမ်းတို့ ဆုံရာအထိကို ကြားတောရလမ်းဟု ခေါ်ကြခြင်းဖြစ်သည်။

ရှေးအခါက ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်းတစ်လျှောက်မှာ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာရှိနေပြီး ဗုဒ္ဓဘာသာဝင်များ တရားကျင့်ကြံအားထုတ်ရာ တောရကျောင်းကလေးအချို့ ကြိုကြားကြိုကြား ရှိလေသည်။

ကြားတောရ ဟူသည် အရှေ့တောရ (ယခု ငါးထပ်ကြီးနေရာ) နှင့် အလယ်တောရ (ဘုန်းတော်ကြီးဦးဖျားကျောင်း)တို့ အလယ်ကြားတွင် တည်ရှိသောကြောင့် ကြားတောရဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ကိုလိုနီခေတ်ဦးကာလအထိ ကြားတောရလမ်းသည် မြင်းလှည်းနှစ်စီး ရှောင်သာရုံသာ ကျယ်ဝန်းလေသည်။

ရွှံ့နွံများ ထူပြောလှသဖြင့် ဒီလုံးဟု ခေါ်သော မီးဖုတ်ထားသည့် ရွှံ့လုံးများကို ခင်းထားရသည်။

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အဆင်းမှ ယခု ရေတာရှည်လမ်းဟောင်းထိပ်အထိနေရာကို အုတ်များ ခင်းပေးထားသဖြင့် အုတ်လမ်းဟုလည်း ခေါ်ကြသည်။

ကြားတောရလမ်းနှင့် ဗဟန်းလမ်းတို့ ဆုံရာအနီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ရာဟု ခေါ်သော မင်းတုန်းမင်း၏ကုသိုလ်တော် ရွှေကျောင်တိုက်ကြီးရှိလေသည်။

ခွန်ဆန်သည် ငွေကြေးချမ်းသာသော စော်ဘွားသား ဖြစ်သော်လည်း မြို့လည်၌ ရှိသော ဟော်တယ်များ၌ မတည်းပဲ ရှမ်းဘုန်းကြီးကျောင်းတွင် လာရောက်တည်းခိုခြင်းမှာ လူသိမခံ လိုသောကြောင့်ဖြစ်သည်။

သူတစ်ယောက်တည်း မဟုတ်ဘဲ သူနှင့်အတူ တပည့် နှစ်ယောက် ပါလာသေးရာ လူသူအရောက်အပေါက် နည်းသော ကြားတောရလမ်းတစ်ဝိုက်မှ ရှမ်းဘုန်းကြီးကျောင်းမှာ လာ ရောက်တည်းခိုခြင်းဖြင့် သူတို့အတွက် လုံခြုံစိတ်ချရပေသည်။

ကျောင်းထိုင်ဘုန်းကြီးမှာ ရှမ်းလူမျိုး ဘုန်းတော်ကြီးတစ် ပါးဖြစ်ပြီး ၎င်းဖခင် ကျိုင်းတောင်းစော်ဘွားနှင့် ဆရာရင်း ဒကာ ရင်း ဖြစ်ပေသည်။

ခွန်ဆန်အနေနှင့် အခြားနေရာမှာ မတည်းဘဲ ဘုန်းကြီး ကျောင်းမှာ တည်းခိုသော ရည်ရွယ်ချက်မှာ ၎င်းအား နှောင့် ယှက်နေသော ပရလောကသားများရန်မှ ကင်းဝေးစေရန် ရည် ရွယ်ချက်လည်း တစ်ကြောင်းပါလေသည်။

ခွန်ဆန်တို့မှာ မြို့တွင်းမှ မြင်းလှည်းတစ်စီး ငှား၍ ပြန် လာကြရာ ညနေစောင်းအချိန်တွင် ရှမ်းကျောင်းသို့ ပြန်ရောက် လာလေသည်။

သူတို့ရောက်သွားသောအခါ ကျောင်းပေါ်မှာ ဧည့် သည်နှစ်ယောက် ရောက်နေသည်ကို တွေ့ရသည်။





တစ်ယောက်က အသက်ငါးဆယ်ကျော် လူကြီးတစ်ဦး ဖြစ်ပြီး ကျန်တစ်ဦးက အသက်နှစ်ဆယ်ကျော် အမျိုးသမီးဖြစ် သည်။ နှစ်ဦးစလုံး ရှမ်းလူမျိုးများဖြစ်ကြလေသည်။

ဦးပဥ္စင်းတစ်ဦးက ခွန်ဆန်လာတာ မြင်တော့ လာပြော သည်။

"ဟိုဧည့်သည်နှစ်ယောက်က မင်းကို တွေ့ဖို့ လာစောင့် နေကြတာ"

ထိုစကားကြောင့် အံ့ဩသွားပြီး တပည့်နှစ်ယောက်ကို သွားနှင့်စေပြီး သူက ဧည့်သည်နှစ်ယောက်ရှိရာ ကျောင်းပေါ်သို့ တက်လာခဲ့လေသည်။

နှစ်ယောက်စလုံး ရှမ်းရိုးရာဝတ်စုံများကို ဝတ်ဆင်ထား ကြသည်။ အဘိုးကြီးက နှုတ်ခမ်းမွေး၊ ခေါင်းပေါင်း စသည်တို့နှင့် ခန့်ထည်သောအသွင်အပြင်ရှိပြီး မိန်းကလေးကတော့ အစိမ်း ရောင် ရင်ဖုံးအင်္ကျီနှင့် လှပချောမောသူတစ်ဦးဖြစ်သည်။

ခွန်ဆန်ကို မြင်သောအခါ နှစ်ယောက်စလုံးက ရိုးရာ ဓလေ့ထုံးစံအရ ဦးညွှတ်ကာ အရိုအသေ ပေးလိုက်ကြသည်။

"တွေ့ရတာ ဝမ်းသာပါတယ် စော်ဘွားလေး"

အဘိုးကြီးက ပြောလိုက်လေသည်။

"ဦးကြီးတို့က ဘယ်သူတွေလဲ"

"ကျုပ်က မိုးနဲစော်ဘွားကြီးရဲ့ညီတော် စပ်ခွန်ဖ ဖြစ်ပါ တယ်၊ သူကတော့ တူမတော် စောမာလာဖြစ်ပါတယ်"

ခွန်ဆန်က လှပချောမောသော မိန်းမပျို၏မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



အသွင်အပြင်ကို မြင်သောအခါ များစွာစိတ်ဝင်စားသွားလေသည်။

"ဟုတ်. . ဟုတ်ကဲ့၊ အခုလို တွေ့ရတာ အများကြီး ဝမ်းသာပါတယ်"

ခွန်ဆန်က အထစ်ထစ်အငေါ့ငေါ့နှင့် ပြောလိုက်ရာ မိန်းမပျိုက အသိအမှတ်ပြုသည့်အနေဖြင့် ပြုံး၍ ခေါင်းညိတ်ပြလေသည်။

"ကျွန်တော် ဒီမှာရှိတာ ဘယ်လိုများ သိကြတာလဲ၊ နောက် ဘာကိစ္စရှိလို့ အခုလို စောင့်နေကြတာလဲဟင်"

"စော်ဘွားလေးက ကျုပ်တို့ကို မသိပေမယ့် ကျုပ်တို့ကတော့ စော်ဘွားလေးရဲ့သတင်းကို ကောင်းကောင်းသိပါတယ်၊ စော်ဘွားလေး ဒီမှာရှိနေတယ်ဆိုတာလည်း ကျုပ်တို့အဆက်အသွယ်တွေက တစ်ဆင့် သိရတာပါ"

ထိုစကားကြားသောအခါ ခွန်ဆန်မှာ အနည်းငယ် စိုးရိမ်စိတ် ဝင်သွားမိလေသည်။

သူ့အနေနှင့် လျှို့ဝှက်စွာဖြင့် လာရောက်တည်းခိုနေသောနေရာမှာ တကယ်တော့ လုံခြုံစိတ်ချရသောနေရာတစ်ခုတော့ မဟုတ်မှန်း ရိပ်မိလိုက်သည်။

"ဘာကိစ္စများ အထွေအထူး ရှိလို့ပါလဲ"

"တခြားတော့ မဟုတ်ပါဘူး စော်ဘွားလေးရယ်၊ ကျုပ်တို့ ဆွေတော်မျိုးတော်အထဲက ရှမ်းမင်းသမီးတစ်ပါးဟာ မြန်မာဘုရင်ရဲ့တော်ကောက်ခြင်းကို ခံရပါတယ်၊ ဒါပေမယ့် မသမာသူ





တွေရဲ့ကုံးချောမှုကြောင့် တိုင်းပြည်က နှင်ထုတ်ခြင်းကို ခံခဲ့ရပါတယ်၊ သူ့ရဲ့ဆံထုံးထဲမှာ အမြဲထည့်ထားတဲ့ ပြည်တန်ပတ္တမြားတစ်လုံးက သူနဲ့အတူ ပါလာခဲ့ပါတယ်"

ထိုအကြောင်းများက ခွန်ဆန်တို့ ငယ်ရွယ်စဉ်ကတည်းက ကောင်းစွာကြားသိခဲ့ရသောအကြောင်းများဖြစ်ပေသည်။

"ရှမ်းမင်းသမီးဟာ ကျိုင်းတောင်းနယ်ကို ပြန်ရောက်လာတဲ့အခါ ပါလာတဲ့ ပတ္တမြားကို ဌာပနာပြီး စေတီတစ်ဆူ တည်ခဲ့တယ်၊ စေတီတည်ပြီးတဲ့နောက်မှာလည်း ဘဝဆက်တိုင်းဆက်တိုင်း လင်ဆိုးများနှင့် မကြုံတွေ့ရဘဲ လင်ကောင်းသားကောင်းများနှင့်သာ ကြုံတွေ့ရပါစေလို့ ဆုတောင်းခဲ့တယ်၊

နောက်တစ်ခုက သူ ဌာပနာထားခဲ့တဲ့ ပတ္တမြားကြီးကို ဖျက်ဆီးတဲ့လူဆိုရင်လည်း အန္တရာယ်ဆိုးတွေနဲ့ တွေ့ကြုံရပါစေလို့ ကျိန်စာဆိုခဲ့တယ် စော်ဘွားလေးရဲ့"

"ဟင်. . ."

ထိုစကားကြားသောအခါ ခွန်ဆန်မှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"အဲဒီစေတီတော် တည်ထားခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပြီဆိုတော့ ပြိုကျပျက်စီးပြီး ပျောက်ကွယ်သွားခဲ့တယ်၊ နောက်တော့ အဲဒီဌာပနာထည့်ထားတဲ့ ပတ္တမြားကြီးကို ကျိုင်းတောင်း စော်ဘွားကြီးက ရပြီး စေတီအသစ်တစ်ဆူတည်ပတ္တမြားကို ဌာပနာ ထည့်ခဲ့တယ် မဟုတ်လား"

"မှန်ပါတယ်. . . ဒီအတိုင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ အဲဒီပတ္တမြားကြီးကို မသမာသူတွေ ခိုးယူသွားခဲ့တယ်လို့ သတင်းကြားရပါတယ်၊ အမှန်တော့ ဒီပတ္တမြားကို ယူထားတဲ့လူတွေဟာ အန္တရာယ်ဆိုးတွေနဲ့ သေကြရမှာ အမှန်ပါပဲ၊ ဒါကြောင့် မသေသင့်ဘဲ မသေကြရအောင် ကျုပ်တို့က ပတ္တမြားရဲ့သတင်းကို စုံစမ်းပြီး လိုက်ရှာနေကြတာပါ စော်ဘွားလေး"

ထိုစကားကြားသောအခါ ခွန်ဆန်မှာ မလုံမလဲ ဖြစ်သွားမိလေသည်။

"ဟုတ်ပါတယ် စော်ဘွားလေး၊ စော်ဘွားလေးက ကျွန်မတို့ နယ်သားဆိုတော့ အားကိုးတကြီးနဲ့ လာပြီးအကူအညီတောင်းတာပါ။ တကယ်လို့ အဲဒီပတ္တမြားကို တွေ့လို့ ရောင်းမယ်ဆိုရင်လည်း ဝယ်ပါ့မယ်"

"ကောင်းပါပြီ. . . တကယ်လို့ သတင်းစုံစမ်းလို့ ရရင် ဦးကြီးတို့ကို ဘယ်မှာ လာတွေ့ရမလဲ"

"ကိစ္စမရှိပါဘူး. . . စော်ဘွားလေးဆီကို ကျွန်မတို့ နောက်တစ်ခေါက် လာခဲ့ပါဦးမယ်"

စောမာလာဆိုသော မိန်းကလေးက သိမ်မွေ့သော အပြုံးဖြင့် ပြောနေသော်လည်း သူမ၏မျက်လုံးများက အရောင်လက်နေသယောင်ရှိသည်။

ထို့နောက် ၎င်းညှော်သည်နှစ်ယောက်က ခွန်ဆန်ကို နှုတ်ဆက်ကာ ပြန်သွားကြလေသည်။

၎င်းတို့ပြန်သွားသောအချိန်မှာ အမှောင်ရိပ်များ ဖုံး





လွှမ်းနေပြီဖြစ်သောကြောင့် ကြားတောရလမ်းတစ်ဝိုက်မှာ မည်းမှောင်လျက်ရှိနေသည်။

ညှော်သည်နှစ်ယောက်တို့မှာ အမှောင်ထဲမှာပင် ဒီအတိုင်း ပြန်သွားကြခြင်းဖြစ်သည်။

ညှော်သည်နှစ်ယောက်ပြန်သွားပြီးတော့မှ ခွန်ဆန်လည်း မိမိတည်းခိုရာနေရာသို့ သွားလေသည်။

ထိုနေရာ ရောက်တော့ အဖော်နှစ်ယောက်က မေးသည်။

"ဘယ်က ညှော်သည်တွေလဲ ဆရာ"

"မိုးနဲက ညှော်သည်တွေပါ"

"ကျွန်တော်က မိုးနဲနယ်ကပဲ၊ သူတို့ကြည့်ရတာ စော်ဘွားမျိုးနွယ်တွေဖြစ်ပုံရတယ်"

"မိုးနဲစော်ဘွားကြီးရဲ့ညီတော်နဲ့ တူမတော်လို့ ပြောသွားတယ်"

"ဟင်. . . သူတို့နာမည်တွေက ဘယ်သူတွေတဲ့လဲ"

"စပ်ခွန်ဖနဲ့ စောမာလာလို့ ပြောသွားတယ်"

"ဟင်. . . ဟုတ်ရဲ့လား ဆရာ၊ သူတို့ပြောသွားတာ အဲဒီနာမည်တွေပဲလား"

"ဟုတ်ပါတယ်ကွ. . . ငါ အသေအချာ ကြားလိုက်တာပါ။ ဘာလဲ. . . မိုးနဲစော်ဘွားကြီးမှာ အဲဒီနာမည်မျိုးတွေနဲ့ ညီတော် တူမတော်တွေ မရှိလို့လား"

"ရှိ. . ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာကြောင့် ဒီလောက် အံ့သြနေရတာလဲကွ"

"မဟုတ်ဘူး ဆရာ၊ အဲဒီနှစ်ယောက်စလုံးကို ကျွန်တော် ကောင်းကောင်းသိပါတယ်၊ သူတို့နှစ်ယောက်စလုံးဟာ မရှိတော့ဘူး၊ သေသွားတာ ကြာလှပြီ၊ နှစ်ယောက်စလုံး ချောက်ထဲ ကျပြီး သေသွားကြတာ"

"ဟေ. . . ဟုတ်ရဲ့လားဟ"

"ဟုတ်ပါတယ် ဆရာရဲ့၊ သူတို့အကြောင်းကို ကျွန်တော် ကောင်းကောင်းသိပါတယ်၊ စပ်ခွန်ဖနဲ့ စောမာလာက သားအဖတော်ကြပါတယ်၊ စောမာလာက ရှမ်းပြည်နယ်မှာ အချောဆုံး အလှဆုံး အမျိုးသမီးတစ်ယောက်ပဲ၊ သူ့ကို လိုချင်တဲ့လူတွေက ဝိုင်းဝိုင်းလည်နေတဲ့အချိန်မှာ သားအဖနှစ်ယောက်စလုံး ချောက်ထဲ ခုန်ချပြီး သေသွားကြတယ်"

"ဟင်. . . ဘာကြောင့် သေသွားကြတာလဲ"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး၊ လူကြီးတွေ ပြောကြတာကတော့ စောမာလာက သိုက်က လာတဲ့မိန်းကလေး ဆိုလားပဲ၊ အခု သူတို့ ဆရာ့ဆီ ရောက်လာကြတာတော့ အတော်ကလေး ဆန်းကြယ်တယ်"

ဟု ပြောပြရာ ခွန်ဆန်မှာ များစွာထိတ်လန့်ကြောက်ရွံ့မှု ဖြစ်မိလေသည်။

ညအချိန်ရောက်သောအခါ အဖော်နှစ်ယောက် အိပ်ပျော်သွားစဉ် ခွန်ဆန်တစ်ယောက်တည်း ကတ္တီပါအိတ်နှင့် ထည့်ထားသော ပတ္တမြားကြီးကို ထုတ်ကြည့်လေသည်။





မီးရောင်ဖြင့် ပတ္တမြားအရောင်များမှာ နီရဲလျှက် ရှိနေလေသည်။ အရည်အသွေးကောင်းလှသောကြောင့် အခန်းတစ်ခုလုံး အနီရောင်များဖြင့် ပြည့်နေလေသည်။

ခွန်ဆန်က ပတ္တမြားကြီးကို အသေအချာ ကြည့်နေစဉ် ပတ္တမြားလုံးအတွင်းမှ ထူးဆန်းစွာ ပေါ်လာသောပုံရိပ်များကြောင့် အနည်းငယ် ထိတ်လန့်သွားလေသည်။

ကြည့်နေရင်းနှင့် ပုံရိပ်များမှာ တဖြည်းဖြည်းနှင့် ပိုမိုထင်ရှားလာလေသည်။

အခြားမဟုတ်ပေ။

သူ့ဆီသို့ မကြာခဏ လာရောက်လေ့ရှိသော အစိမ်းရောင် အဝတ်အစားနှင့် အမျိုးသမီးသုံးယောက်တို့၏ပုံရိပ်များပင်ဖြစ်တော့သည်။

ကြည့်နေရင်းမှာပင် မျက်နှာသုံးခုက ထင်ထင်ရှားရှား ပေါ်လာလေသည်။

ထိုအခါ ပိုမိုထိတ်လန့်သွားလေတော့သည်။

အမျိုးသမီးသုံးယောက်အနက် အလယ်၌ ရပ်နေသော အမျိုးသမီး၏မျက်နှာမှာ ညဦးပိုင်းက သူ့ဆီ ရောက်လာသော စောမာလာ၏မျက်နှာပင်ဖြစ်တော့သည်။

သို့ကြောင့် ဆက်မကြည့်ဝံ့တော့ဘဲ ပတ္တမြားကို ကတ္တီပါအိတ်အတွင်းသို့ ပြန်ထည့်ထားလိုက်ရသည်။

ထိုညက တစ်ညလုံးလိုလို အိပ်မရဘဲ မကောင်းဆိုးဝါးများ၏ခြောက်လှန့်နှောက်ယှက်မှုများ ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်လင်းသည်နှင့် ခွန်ဆန်တစ်ယောက် ဦးဒီပ ရှိရာသို့ အမြန်သွားလေသည်။

ဦးဒီပက ၎င်းကို မြင်သောအခါ အံ့သြနေသည်။

"ဘယ်လိုကြောင့် အစောကြီး ရောက်လာတာလဲ ခွန်ဆန်ရဲ့"

"ကျွန်တော့်ဆီမှာ ပါလာတဲ့ ပတ္တမြားကို အမြန်ဆုံးရောင်းပြီးတာနဲ့ နန်းမွန်ကြည်ကိုပါ တပါတည်း ခေါ်ပြီး ကျိုင်းတောင်းကို အမြန်ပြန်မှ ဖြစ်တော့မယ် ဦးဒီပ"

"ဒီလိုဆိုရင်လည်း ဒီကနေ့ပဲ မဂိုလမ်းက ကျောက်ကုန်သည် တစ်ယောက်ယောက်ကို ခေါ်ပြကြည့်ရင် မကောင်းဘူးလား"

"ဦးဒီပ ကောင်းသလိုသာ လုပ်ပေတော့၊ မြန်မြန်ရောင်းရလေ ပိုကောင်းလေပဲ"

ဟု ပြောသဖြင့် ဦးဒီပက နေ့လည်ဘက်တွင် တပည့်တစ်ယောက်အား မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)သို့ လွှတ်လိုက်လေသည်။

မဂိုလမ်းတွင် ကျောက်ပွဲစားစိန်မှတ် ရှိရာ စိန်မှတ်မှ တဆင့် ဝယ်သူကောင်းကောင်းကို ခေါ်လာရန်ဖြစ်ပေသည်။

နေ့လည်ဘက်တွင် စိန်မှတ် ရောက်လာသည်။

"ပတ္တမြားကျောက်ကောင်းကောင်းကို ဈေးမရှောင် ပေးဝယ်မယ့် ကုလားသူဌေးတစ်ယောက်တော့ ရှိတယ်၊ သူက အိန္ဒိယ ပြန်တော့မှာမို့ ရှိသမျှငွေတွေကို ကျောက်မျက်ရတနာ





ကောင်းကောင်းတွေ လိုက်ဝယ်နေတာ"

"ဒါဖြင့်လည်း ဒီမှာရှိတဲ့ ကျောက်ကို ပြပြီး ဈေးညှိကြတာပေါ့"

"ကျုပ်အတွက် ပွဲစားခ ဘယ်လိုပေးမှာလဲ"

"မင်းအတွက် ပွဲခမနည်းစေရပါဘူး စိန်မှတ်ရယ်၊ ဝယ်သူကိုသာ ခေါ်လာခဲ့ပါ"

"တကယ်လို့ ညနေပိုင်း အလုပ်များနေလို့ ကျုပ်ကိုယ်တိုင် မလာနိုင်ရင် တပည့်တစ်ယောက်ကို ထည့်ပေးလိုက်မယ်"

"ရပါတယ်. . . မင်းဆီက စာတစ်စောင် ပါလာရင် ရပါတယ်"

ဟု ပြောလိုက်သဖြင့် ကျောက်ပွဲစားစိန်မှတ်မှာ ပြန်သွားလေတော့သည်။

ခွန်ဆန်လည်း ဦးဒီပ၏တိုက်ခန်းမှာပင် စောင့်ဆိုင်းနေသည်။ သို့သော်လည်း နန်းမွန်ကြည်နှင့်တော့ မတွေ့တော့ပေ။

ညနေစောင်းအချိန်တွင် လတ္တာလမ်းရှိ ဦးဒီပ နေသောတိုက်ရှေ့သို့ မော်တော်ကားအနက်တစ်စင်း ဆိုက်လာပြီး ကားပေါ်မှ လူတစ်ယောက်က စာတစ်စောင် ပေးသည်။

ထိုစာကို ယူပြီး အခန်းပေါက် စောင့်နေသူက ဦးဒီပရှိရာ အပေါ်ထပ်သို့ တက်သွားလေရာ ကားအတွင်းမှ နောက်ထပ်လူတစ်ယောက် ထွက်လာပြီး တိုက်အတွင်းသို့ လှစ်ကနဲဝင်သွားသည်ကိုတော့ ဘယ်သူမှ မမြင်လိုက်ပေ။

ခဏကြာတော့ အစောင့်ဆင်းလာပြီး တိုက်အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာရန်ပြောသဖြင့် အတွင်းမှ ငွေအိတ်ကြီးကို ဆွဲထားသော မဟာရာဂျာကြီးတစ်ဦး ထွက်လာသည်။

၎င်းအား အစောင့်တစ်ဦးက တိုက်အတွင်းသို့ ခေါ်သွားပြီး တစ်နေရာသို့ ရောက်သောအခါ တစ်ကိုယ်လုံး ရှာဖွေစစ်ဆေးလေသည်။

ဓါး၊ သေနတ် အစရှိသော လက်နက်များ မပါမှန်း သိရတော့မှ ဦးဒီပနှင့် ခွန်ဆန်တို့ စောင့်နေသော အပေါ်ထပ်အခန်းသို့ ခေါ်ဆောင်သွားလေသည်။

အခန်းတွင်းမှာ ဦးဒီပနှင့် ခွန်ဆန်တို့နှစ်ယောက်သာ ရှိသော်လည်း အပြင်ဘက်မှာတော့ ဓါးဘိုးထင်တို့ပါ ရှိနေကြသည်။

စုံထောက် သို့မဟုတ် အပြင်လူတစ်ဦးဦးက အယောင်ဆောင် ဝင်လာပြီး လုယက်မှာစိုးသောကြောင့် ဖြစ်သည်။

"ထိုင်ပါ မဟာရာဂျာကြီး"

ဦးဒီပက ပြောလိုက်တော့ မဟာရာဂျာကြီးက စားပွဲ၌ ဝင်ထိုင်လေသည်။

ထိုစားပွဲ၌ မဟာရာဂျာကြီး ဦးဒီပနှင့် ခွန်ဆန်တို့ သုံးယောက်သာ ရှိလေသည်။

အခန်းတွင်းမှာ မည်သူမှ မရှိပေ။

"ကျောက်ပွဲစားစိန်မှတ်က ဒီမှာ ပတ္တမြားတစ်လုံး ရောင်းဖို့ရှိတယ် ပြောလို့ လာခဲ့တာပဲ၊ သူပေးလိုက်တဲ့စာကိုရော ရရဲ့မဟုတ်လား"





"ရပါတယ်"

"ဒါဖြင့် ပတ္တမြားကို ကြည့်ပါရစေ"

"ဒါထက် မဟာရာဂျာကြီးက ကျောက်မျက်ရတနာတွေ လိုက်ဝယ်နေတယ်လို့ စိန်မှတ်ဆီက သိရတယ်၊ ဘယ်လိုအကြောင်းရှိလို့လဲ"

ဦးဒီပက အကဲခတ်သလို ကြည့်ရင်း မေးလိုက်သည်။

"ကျုပ်က အိန္ဒိယကို အပြီးပြန်တော့မှာမို့ပါ၊ ကျုပ်က မြန်မာပြည် ရောက်နေတာ အတော်ကြာပြီ၊ ဆန်စပါးစက်တွေ၊ သစ်ခွဲစက်တွေ၊ ရန်ကုန်မြို့မှာ ကျုပ်ပိုင်ဆိုင်တဲ့တိုက်တွေ အများကြီး ရှိတယ်၊ အဲဒီပစ္စည်းတွေက အိန္ဒိယကို သယ်သွားလို့ မရဘူးလေ၊ ဒါကြောင့် အဲဒီပစ္စည်းတွေကို ရောင်းချပြီး ရတဲ့ငွေတွေနဲ့ သယ်သွားလို့ လွယ်မယ့် ကျောက်မျက်ရတနာတွေ ဝယ်သွားတာပါ"

"တယ်လည်း အကြံပိုင်ပေတာကိုး၊ ကဲ . . . ခွန်ဆန်၊ မင်းပစ္စည်းကို မဟာရာဂျာကြီးကို ပြပေးလိုက်ပါ"

ဦးဒီပက ပြောသဖြင့် ခွန်ဆန်က အိတ်အတွင်းမှ ကတ္တီပါအိတ်ဖြင့် ထည့်ထားသော ပတ္တမြားကြီးကို လှမ်းပေးလိုက်ရာ မဟာရာဂျာကြီးက လှမ်းယူပြီး ၎င်းအိတ်အတွင်းမှာ အသင့်ပါလာသော မှန်ဘီလူးများဖြင့် အသေအချာ စစ်ဆေးကြည့်ရှုနေလေသည်။

မျက်နှာကြက်တွင် အားကောင်းသော လျှပ်စစ်မီးတစ်ပွင့် ထွန်းထားသောကြောင့် အခန်းတွင်း၌ လင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာရာဂျာကြီးက ပတ္တမြားကို မီးရောင်ဖြင့် ထောင်ကာ ပတ္တမြားကို အသေအချာ စစ်ဆေးကြည့်ရှုနေသည်။

ထိုအခိုက်မှာပင် အခန်းတွင်းမှ လျှပ်စစ်မီးပွင့်က ဖျပ်ကနဲ ငြိမ်းသွားလေသည်။

မိန်းဆွဲချလိုက်သကဲ့သို့ဖြစ်ကာ တစ်အိမ်လုံး မှောင်ကျသွားခြင်းဖြစ်သည်။

တစ်မိနစ်လောက် ကြာမှ မီးပွင့်က ပြန်လင်းလာသည်။

ထိုအခါမှ မဟာရာဂျာကြီးက ပတ္တမြားကို မီးရောင်ဖြင့် ထောင်ကာ ဆက်ကြည့်လေသည်။

အတန်ကြာအောင် ကြည့်ပြီးတော့မှ ပတ္တမြားကို စားပွဲပေါ်မှ ကတ္တီပါအိတ်အပေါ်သို့ ပြန်တင်လိုက်သည်။

"ပစ္စည်းရဲ့အရည်အသွေးကိုတော့ ကြိုက်ပါပြီ၊ ရောင်းမယ့်ဈေးကိုသာ ပြောပါ"

ထိုစကားကြားသောအခါ ဦးဒီပနှင့် ခွန်ဆန်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

အတန်ကြာမှ ဦးဒီပက. . .

"ပတ္တမြားက တွင်းထွက်လည်းဖြစ်၊ အရည်အသွေးကလည်း ကောင်းတော့ တစ်သိန်းအောက်တော့ လျှော့ပြီးရောင်းနိုင်မယ် မဟုတ်ဘူး"

ဟု ဈေးခေါ်လိုက်သည်။

ထိုစကားကြားသောအခါ မဟာရာဂျာကြီးက အတန်ကြာအောင် စဉ်းစားနေလေသည်။





"ငွေတစ်သိန်းဆိုတာ အခုခေတ်ကာလ တန်ဖိုးနဲ့ တွက်ရင် မနည်းလှပါဘူး၊ ဆန်စက်သုံးလုံးလောက် ဝယ်လို့ပဲဖြစ်ဖြစ်၊ ရန်ကုန်မြို့လယ် အချက်အချာကျတဲ့နေရာမျိုး တိုက်ဆယ်လုံးလောက် ဝယ်လို့ရပါတယ်၊ ကျုပ်အနေနဲ့ တခြားပစ္စည်းတွေကို လက်လွှန်ထားပြီးသားမို့ ဈေးနည်းနည်း လျှော့ပေးမှ ယူနိုင်မှာပါ"

"မဟာရာဂျာကြီးက ဘယ်လောက်ထားစေချင်သလဲ"

"အမှန်အတိုင်း ပြောရရင် ဒီပစ္စည်းက နောက်ဆုံးအနေနဲ့ ဝယ်တာပါ၊ ကျုပ်လက်ထဲမှာ ငွေရှစ်သောင်းပဲ ကျန်ပါတယ်၊ အဲဒီဈေးနဲ့ ပေးရင်တော့ ယူပါမယ်"

"ဒီထက် မတိုးတော့ဘူးလား"

"ထပ်မတိုးနိုင်တော့လို့ပါ"

ထိုအခါ ဦးဒီပနှင့် ခွန်ဆန်တို့နှစ်ယောက်မှာ မျက်နှာချင်းဆိုင်ကာ တိုင်ပင်ကြလေသည်။

ခွန်ဆန်ကတော့ ပတ္တမြားကို လက်ထဲမှာ ကြာကြာမထားလိုဘဲ ရသည့်ဈေးဖြင့် ရောင်းလိုဟန်ရှိနေသည်။

အတန်ကြာအောင် တိုင်ပင်ကြပြီးမှ ဦးဒီပက. . .

"ဒီလိုဆိုရင်လည်း ပေးတဲ့ဈေးနဲ့ ရောင်းပါ့မယ်၊ အရောင်းအဝယ် ဘယ်တော့ လုပ်မလဲ"

ဟု မေးလိုက်လေသည်။

"ဈေးဖူးတင်လိုက်တာဗျာ. . . ဒီကိစ္စပြီးတာနဲ့ ကျုပ်လည်း အိန္ဒိယကို မြန်မြန်ပြန်ရမှာမို့ အချိန်မဆွဲတော့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန် ငွေချေပါ့မယ်၊ အခုလောလောဆယ် ကျပ်အိတ်ထဲမှာ ငွေသုံးသောင်း ပါလာပါတယ်၊ စရံသဘောအနေနဲ့ ပေးထားခဲ့ပါ့မယ်"

ဟု ပြောကာ ၎င်းယူလာသော အိတ်အတွင်းမှ ငွေစက္ကူအစည်းများကို ထုတ်ပြီး စားပွဲပေါ် တင်ပေးသည်။

ငွေစက္ကူထုပ်များမှာ တစ်ရာတန် ငွေစက္ကူအသစ်ထုပ်များဖြစ်လေသည်။

ထို့နောက် မဟာရာဂျာကြီးက ၎င်းတို့နှစ်ယောက်ကို နှုတ်ဆက်ကာ ထပြန်သွားလေသည်။

ခွန်ဆန်က စားပွဲပေါ်မှာ တင်ထားသော ပတ္တမြားကို ကတ္တီပါအိတ်အတွင်းသို့ ပြန်ထည့်ကာ ၎င်း၏အကျႌအိတ်အတွင်းသို့ ပြန်ထည့်လိုက်သည်။

ဦးဒီပကတော့ လွန်စွာအားရကျေနပ်နေဟန်ဖြင့် ဆေးပြင်းလိပ်ကြီးကို မီးခိုးတထောင်းထောင်း ထအောင် ဖွာနေလေသည်။

"ဘာတွေ သဘောကျနေတာလဲ ဦးဒီပ"

"တခြားဟုတ်ပါရိုးလား ခွန်ဆန်ရယ်၊ ဒီကနေ့ ငါတို့ကံကောင်းပုံများကတော့ ငွေပေးမယ့်လူက သူ့သဘောနဲ့သူ ကြည်ကြည်ဖြူဖြူ လာပေးသွားတာကို သဘောကျနေတာကွ"

"အလကား လာပေးတာမှ မဟုတ်တာ ဦးဒီပရယ်၊ မနက်ဖြန် အရောင်းအဝယ်ကိစ္စပြီးရင် ကိုယ့်ဆီက ပတ္တမြား ပေးလိုက်ရမှာပဲ၊ ဘာများ ဆန်းလို့လဲ"





"မင်းက အတော်အ,သေးတာကိုး ခွန်ဆန်ရဲ့၊ ဒီကနေ့ ငွေပေးသွားတာ စာချုပ်လည်း မရှိ၊ သက်သေလည်း မရှိဘဲနဲ့ အလွတ်ပေးသွားတာလေ၊ ဒီတော့ မင်းက မနက်ဖြန်ကျရင် တစ်နေရာမှာ ရှောင်နေတော့၊ သူလာရင် ငါကြည့်ရှင်းလိုက်မယ်"

"ဖြစ်ပါ့မလားဗျာ"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ငါ့ပိုင်နက်ထဲမှာ ကလန်ကဆန်လုပ်ရင် သူ့ကို ရိုက်ပြီး ပါတဲ့ငွေကိုတောင် ထပ်ယူထားလိုက်ဦးမှာ"

"တော်ကြာ ပုလိပ်တွေဘာတွေ တိုင်နေရင်ရော ဘယ်လိုလုပ်မလဲ"

"စိတ်မပူစမ်းပါနဲ့ကွာ. . . ဒီနယ်မြေတစ်ဝိုက်မှာ ရှိတဲ့ ပုလိပ်တွေက ငါပေးမှကျွေးမှ ထမင်းဝတဲ့ ခါးပိုက်ဆောင်မြွေပွေးအဆင့်လောက်သာ ရှိပါတယ်၊ ဒီငွေသုံးသောင်းကို မင်း တစ်သောင်းယူပြီး တစ်နေရာမှာ ရှောင်နေပေတော့"

ဟု ပြောလိုက်ရာ ခွန်ဆန်လည်း ပတ္တမြား မပေးရသည့်အပြင် ငွေတစ်သောင်း အလကား ရလိုက်သည်မို့ ထွေထွေထူးထူး ထပ်မပြောတော့ဘဲ ငွေတစ်သောင်းအထုပ်ကို ယူကာ ကြားတောရလမ်းသို့ ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

# ကတုံးပေါ်ထိပ်ကွက်ခံရခြင်း

နောက်တစ်နေ့ နံနက်စောစောမှာပင် ဦးဒီပသည် ၎င်း၏လက်ရုံးတပည့်များဖြစ်သော မဲဘိုးထင်အပါအဝင် အခြားတပည့်များကို ခေါ်ပြီး မဟာရာဂျာကြီး ရောက်လာပါက မည်သို့မည်ပုံ ပြုလုပ်ရမည်ကို အသေအချာ မှာကြားထားကာ ၎င်း၏အခန်းတွင်းမှ စောင့်နေလေသည်။

နံနက်ပိုင်းအချိန်များ တစ်ချိန်ပြီးတစ်ချိန် ကုန်သွားသော်လည်း ငွေသုံးသောင်း စရံပေးထားခဲ့သော မဟာရာဂျာကြီးကတော့ ပေါ်မလာတော့ပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် နေ့လည်ပိုင်းအချိန်သာ ရောက်လာသည်။ မဟာရာဂျာကြီးက ရောက်မလာသဖြင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေမိလေသည်။

သူသည် စိတ်ဘဝင်မကျသောကြောင့် ဆေးပြင်းလိပ်ကြီးကို တွင်တွင်ဖွာရင်း အခန်းတွင်းမှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

မွန်းလွဲပိုင်းအချိန်တွင် တံခါးခေါက်သံ ကြားရသဖြင့် မဟာရာဂျာကြီး ရောက်လာပြီအထင်နှင့် အနည်းငယ် ဘဝင်ကျသွားသည်။

သို့သော် တံခါးပွင့်သွားပြီး ဝင်လာသူမှာ မဟာရာဂျာကြီး မဟုတ်ဘဲ ခွန်ဆန်ဖြစ်နေလေသည်။

ခွန်ဆန်က မျက်စိမျက်နှာ မကောင်းလှဘဲ စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ ခွန်ဆန်"

ခွန်ဆန်က ဘာမှ မပြောဘဲ ၎င်းအိတ်အတွင်းမှာ ထည့်ယူလာသော ငွေစက္ကူထုပ်ကို စားပွဲပေါ် တင်လိုက်သည်။

"ဟို. . မဟာရာဂျာဆိုတဲ့ ကုလားအဘိုးကြီး လာပြီလား ဦးဒီပ"

"ငါလည်း သူ့ကို စောင့်နေတာပဲ၊ အခုထိ မလာသေးဘူး"

"ဘယ်က လာတော့မှာလဲဗျ၊ ကျုပ်တို့ကို တစ်ပတ်ရိုက်သွားတာကိုး"





"ဘယ်လို တစ်ပတ်ရိုက်သွားလို့လဲ"

"သူပေးသွားတဲ့ ငွေစက္ကူထုပ်က အတုတွေဗျ၊ အပေါ်ယံက ငွေစက္ကူအစစ်တစ်ရွက်ကို တင်ထားပြီး အောက်က စက္ကူတွေချည်းပဲဗျ"

"ဟေ. . . ဟုတ်ရဲ့လားဟ"

ခွန်ဆန်က ငွေစက္ကူထုပ်ကို ဖြေချလိုက်သောအခါ အပေါ်ယံ ငွေစက္ကူအောက်၌ တစ်ရာတန်ငွေစက္ကူနှင့် ဆိုက်တူ စက္ကူအဖြူရွက်များကို တွေ့ရလေသည်။

ထိုအခါမှ ဦးဒီပလည်း ၎င်း၏မီးခံသေတ္တာအတွင်းမှာ ထည့်ထားသော ငွေစက္ကူနှစ်ထုပ်ကို ပြန်ထုတ်ယူပြီး ဖြည်ကြည့်သောအခါ ခွန်ဆန်စက္ကူထုပ်အတိုင်း စက္ကူများချည်း တွေ့ရသောအခါ တစ်ပတ်ရိုက်ခံရမှန်း သိရတော့သည်။

"ငါတို့တော့ ပန်ကာထိပ်က ဝက်အူကို ထုံးသုပ်ခံလိုက်ရသလို ဖြစ်သွားပြီဟေ့၊ ဒါထက် အကြောင်းမဲ့တော့ ဒီလို လာလုပ်မယ် မထင်ဘူး၊ မင်းဆီမှာ ပတ္တမြား ပါလာသေးသလား၊ ငါ့ကို ခဏပြစမ်း"

ဟု ဦးဒီပက ပြောသဖြင့် ခွန်ဆန်က ၎င်းအိတ်အတွင်းမှ ပတ္တမြားများကို ထုတ်ပေးလိုက်သည်။

ဦးဒီပက ပတ္တမြားများကို မီးရောင်မှာ ထောင်ကြည့်ကာ ခဏကြာတော့ မျက်နှာပျက်သွားလေသည်။

"ဟိုက်. . . ငါတို့တော့ ကောင်းကောင်းခံလိုက်ရပြီ ခွန်ဆန်ရေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အလန့်တကြား အော်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ ဦးဒီပ"

"မင်းပတ္တမြားအစစ်ကို အတုနဲ့ လဲယူသွားပြီကွ"

"ဟုတ်ရဲ့လားဗျ"

"ဟုတ်မဟုတ် မင်းဖာသာ ကြည့်ပေါ့ကွာ"

ဟု ပြောကာ စားပွဲပေါ် ပစ်ပေးလိုက်ရာ ခွန်ဆန်က ကပျာကယာ ကောက်ယူကြည့်လိုက်သည်။

ထိုအခါမှ ပတ္တမြားမှာ အလုံးအရွယ်အစားချင်း တူသော်လည်း အရောင်အသွေးချင်း မတူတော့သည်ကို သတိပြုမိတော့သည်။

ပတ္တမြားမှာ တွင်းထွက်ကျောက်များထဲတွင် တန်ဖိုးအကြီးဆုံး ကျောက်တစ်မျိုးဖြစ်ရာ အတုပြုလုပ်သူများလည်းရှိပေသည်။

အတုဘယ်မျှပင် ကောင်းစေကာမူ အစစ်ကိုတော့ ဘယ်နည်းနှင့်မှ မမီပေ။

ပတ္တမြားကို တုပသောကျောက်မှာ ချက်ကျောက်ပင်ဖြစ်သည်။ ချက်ကျောက်မှာ အရည်အသွေးကောင်းလှသောကြောင့် သာမန်လူတို့အဖို့ အတုနှင့်အစစ် မခွဲခြားနိုင်ပေ။

ယေဘုယျအားဖြင့် အတုအစစ် ခွဲခြားနည်းအချို့ရှိပေသည်။

(၁) အတုမှာ ပေါ့၍ အစစ်မှာ လေးတွဲ့သည်၊ အရွယ်ပမာဏ တူညီလျှင် ပေါ့သောကျောက်မှာ အတုဖြစ်





သည်။

(၂) နေရောင်တွင် ပနာ(ထောင်)ကြည့်ပါက အတုသည် ဖလ်မှန်ကဲ့သို့ အခြားတစ်ဖက်သို့ ထိုးဖောက်မြင်ရသည်၊ အစစ်မှာ မမြင်ရပေ။

ပြိုးပြိုးပျက်ပျက်အရောင်များသာ လျှံထွက်လာသည်၊

(၃) အတုဖြစ်သော ချက်ကျောက်မှာ ပူသောဓါတ်ရှိ၍ အစစ်မှာ အေးသောဓါတ် ရှိသည်။

အတုနှင့်အစစ်ကို ပါးနှင့် ကပ်ကြည့်ပါက အပူဓါတ် အအေးဓါတ်ကို သိရုံနှင့် အတုအစစ်ကို အလွယ်တကူ ခွဲခြားနိုင်ပေသည်။

ဤနေရာတွင် ရှေးအခါက အမတ်ကြီးဦးပေါ်ဦး ဖြေရှင်းခဲ့ရသော ပတ္တမြားအတုအစစ် ခွဲခြားပုံမှာလည်း နည်းယူစရာကောင်းလှပေသည်။

သို့သော် ဦးဝိုင်းလက်ထက်က ဂန္ဓာလရာဇ် တရုတ်ပြည့်ရှင် ချင်းလုံစုတည်မင်းက သံအမတ်များကို မြန်မာဘုရင်ထံ စေလွှတ်၍ ပတ္တမြားတစ်လုံးကို ရောင်းချရန် စေလွှတ်ခဲ့လေသည်။

တရုတ်သံအမတ်များ ရောက်သောအခါ ဦးပေါ်ဦးက ပတ္တမြားကို စစ်ဆေးကြည့်ရှုလေသည်။

ဦးပေါ်ဦးက တရုတ်သံအမတ်များ ယူဆောင်လာသော ပတ္တမြားကြီးအား စစ်ဆေးကြည့်ရှုပြီးနောက်. . .

"အလေးချိန် မည်မျှရှိပါသနည်း"

ဟု မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါးမတ်သား ရှိပါတယ်"

ဦးပေါ်ဦးက အများရှေ့မှာပင် ချိန်တွယ်ကြည့်ရာ ဆိုသည့်အတိုင်း အလေးချိန် ငါးမတ်သား ရှိကြောင်း တွေ့ရလေသည်။

"သင်တို့ကျောက်ကို ရေမှာ ချကြည့်လိုသည်. . . လက်ခံပါမည်လော"

"လက်ခံဝံ့ပါသည်"

ထိုအခါ ဦးပေါ်ဦးက မင်းတရားကြီးရှေ့မှာပင် ကျောက်ကို ရေ၌ နှစ်ထားလေသည်။

အချိန်အတော်ကြာတော့မှ ဖော်ယူ၍ ထပ်မံချိန်ကြည့်လေရာ တစ်ကျပ်ငါးပဲ ရှိနေသည်ကို တွေ့ကြရသည်။

ထိုအခါ ဦးပေါ်ဦးက. . .

"သင်တို့၏ပတ္တမြားကျောက်သည် ရေမှာ နှစ်ရုံနှင့် ငါးမတ်သားမှ ယခု တစ်ပဲတိုးလာချေသည်၊ သို့ကြောင့် ပတ္တမြားအစစ်မဟုတ်ကြောင်း ထင်ရှားပေသည်။

ထိုစကားကြောင့် မင်းပရိသတ်များမှာ များစွာအံ့သြကြရလေသည်။

"အတုဆိုလျှင် ဘယ်ပုံဘယ်နည်း ပြုလုပ်ထားသည်ကို သိပါသလား"

ဟု တရုတ်သံအမတ်များက မေးလေသည်။

"ပျားရည်ခွက်တစ်ဆယ်တွင်၊ ဘော်၊ ဘင်၊ ပေါက်သုံးထူးပဲနှင့် တရုဏာဆီ တစ်မတ်သား ထည့်ပြီးလျှင် ငါးမတ်သား ကျန်





အောင် ချက်လုပ်ထားသည့် ပျားရည်မှ ဖြစ်သော ပတ္တမြားကျောက်မဟုတ်လော"

"မှန်ပါပေတယ်"

တရုတ်သံအမတ်တို့က မြန်မာပညာရှိများ၏ပညာကို ချီးကျူးကာ လက်ဆောင်ပဏ္ဏာများ ပေးကြလေသည်။

မင်းတရားကြီးကလည်း ဦးပေါ်ဦးအား ချီးကျူးလေသည်။

"ဦးပေါ်ဦးသည် မေးသမျှပုစ္ဆာကို ချက်ချင်းဖြေဆိုနိုင်သည့် ဇဝနဉာဏ်၊ စူးရှထက်မြက်ခြင်းဟူသော တိက္ခဉာဏ်၊ ထိုးဖောက်၍ နက်နဲစွာ သိနိုင်သော စိန္တာမယဉာဏ်တို့နှင့် ပြည့်စုံသူဖြစ်ပေသည်"

ဟု ဖော်ထုတ်ချီးကျူးလေသည်။

အမတ်ကြီးဦးပေါ်ဦး ဖော်ထုတ်ပေးသောနည်းမှာ ပတ္တမြားအတု ချက်လုပ်သောနည်းမှ တစ်နည်းဖြစ်ပေသည်။

"ကျုပ်တို့တော့ ခံလိုက်ရပြီ၊ ဘယ်လိုလုပ်ကြမလဲဗျ"

"ငါတို့ကို လိမ်သွားတာ ဘယ်သူလဲဆိုတာ သိအောင်စုံစမ်းရမှာပေါ့ကွာ၊ ဟေ့. . . ဘိုးထင် ဝင်လာဦး"

"ဟုတ်ကဲ့ ဆရာကြီး"

ဘိုးထင် ဝင်လာသောအခါ ရွှေဘုံသာလမ်းမှ ကျောက်ပွဲစားစိန်မှတ်ကို ခေါ်လာရန်နှင့် သူတို့ကို လာရောက်လိမ်ယူသွားသူမှာ မည်သူဖြစ်သည်ကို သိအောင်စုံစမ်းခဲ့ရန် မှာကြားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခါးဘိုးထင်ကား တပည့်အချို့ကို ခေါ်ကာ အပြင်သို့ ထွက်သွားလေသည်။

နေ့လည်ဘက်တွင် ခါးဘိုးထင် ပြန်ရောက်လာသည်။

"ကျောက်ပွဲစားစိန်မှတ်တစ်ယောက် ဆေးရုံရောက်နေတယ် ဆရာကြီး"

"ဘာဖြစ်လို့တဲ့လဲ"

"ဆေးတစ်မျိုးမျိုး မိပြီး ရူးသလိုလို နှမ်းသလိုလိုနဲ့ ဂယောင်ချောက်ခြားဖြစ်နေလို့ ဘာမှ သတိမရတော့ဘူး"

"ဒါဖြင့် မဟာရာဇာကြီးသတင်းရော စုံစမ်းလို့ ရခဲ့သလား"

"ရခဲ့တယ် ဆရာကြီး"

"ဟေ. . . သူတို့ ဘယ်မှာတဲ့လဲ"

"သူ့ရုံးခန်းမှာပဲ ရှိတယ်၊ မနေ့က သူ့ရုံးခန်းကို လူတစ်ယောက် ရောက်လာပြီး ကျောက်ပွင့်တွေ လာပြတယ်တဲ့၊ အဲဒီနောက်တော့ သတိမေ့သွားပြီး ဒီကနေ့မနက်မှ အိပ်ယာက ပြန်နိုးလာသတဲ့"

ထိုစကားကြားသောအခါ ဦးဒီပက တောက်တစ်ချက် ခေါက်လိုက်လေသည်။

"ဒီတစ်ခါတော့ ငါတို့ အချိုးကြီး ခံလိုက်ရတာပဲ၊ မင်း ဘယ်လိုဆက်လုပ်မလဲ ခွန်ဆန်"

"ပတ္တမြား ပါသွားလည်း ကျုပ်အတွက်က အရေးမကြီးဘူး၊ ကျုပ်အတွက်ကတော့ နန်းမွန်ကြည်ကို ရဖို့ပဲ၊ နန်းမွန်ကြည်





ကို ခေါ်ပြီး ကျိုင်းတောင်းကို ပြန်တော့မယ်"

ဟု ပြောလိုက်လေသည်။

"ဒီကနေ့တော့ ချက်ချင်းမလုပ်နဲ့ဦး၊ မင်း သူ့ကို ခေါ်ချင်ရင် မနက်ဖြန် ညဦးပိုင်းမှာ လာခေါ်လှည့်၊ ငါ သူ့ကို သတိမေ့အောင် လုပ်ခိုင်းထားမယ်"

"အင်း. . . ဒါလည်း ကောင်းတာပဲ"

ဟု ပြောဆိုကာ ခွန်ဆန်လည်း စိတ်ပျက်လက်ပျက်နှင့် ထပြန်သွားလေတော့သည်။

ညနေစောင်းသည်နှင့် ဦးဒီပဖွင့်လှစ်ထားသော ဘိန်းခန်း၊ ဖိမ်ခန်းနှင့် လောင်းကစားဝိုင်းများမှာ လူစည်ကားလာလေတော့သည်။

အများအားဖြင့်တော့ ထိုနေရာများမှာ အပန်းဖြေအနားယူရာနေရာများဖြစ်သောကြောင့် ညနေပိုင်း အလုပ်သိမ်းချိန်မှပင် ရောက်လာလေ့ရှိကြသည်။

ဦးဒီပ ပိုင်သောအခန်းများမှာ တရုတ်တန်းဘက်၌ အများဆုံးရှိပြီး လဏ္ဍာလမ်းဘက်မှာတော့ အနည်းငယ်သာ ရှိသည်။

တရုတ်တန်းဘက်မှာတော့ ရှေ့ဘက်တွင် ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဘားဆိုင်များကို ဖွင့်လှစ်ထားပြီး အနောက်ဘက်အခန်းများတွင် ဘိန်းခန်း၊ ဖိမ်ခန်းများနှင့် လောင်းကစားဝိုင်းအချို့ကို လျှို့ဝှက်စွာ ဖွင့်လှစ်ထားလေသည်။

ဆိုင်များ၏အပေါက်ဝများမှာတော့ ဧည့်ကြိုများ ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လောင်းကစားနှင့် ဘိန်းခန်းများအတွက် ယောကျာ်းများက ဧည့်ကြိုလုပ်ပြီး ဖိမ်ခန်းများအတွက် မိန်းမများက ဧည့်ကြိုလုပ်ကြသည်။

အပေါစားပေါင်ဒါ၊ မိတ်ကပ်၊ ရေမွှေးများကို အစွမ်းကုန် လိမ်းခြယ်ထားသော မိန်းမများမှာ ပျော်ပါးလိုသူများကို မြှူဆွယ်လျက်ရှိနေကြသည်။

ဦးဒီပက ရှမ်းပြည်နယ်ဘက်မှ ဖောက်သည်များထံသို့ ဘိန်းများ တိုက်ရိုက်မှာကာ တဆင့်ရောင်းချခြင်းနှင့် ဘိန်းခန်းများ ဖွင့်ကာ ရောင်းချခြင်းဖြင့် စီးပွားရေးကောင်းနေသူဖြစ်သည်။

၎င်းနေထိုင်သော လတ္တာလမ်းဘက်မှာတော့ လူကုံတန်များသာ လက်ခံပြီး ဘိန်းခန်း၊ ဖိမ်ခန်း၊ လောင်းကစားအခန်းများကို သီးသန့်ထားလေသည်။

ထိုနေရာများသို့ ငွေကြေးတတ်နိုင်သူများက လာရောက်၍ ဖိမ်ခံလေ့ရှိသည်။

လောင်းကစားဝိုင်းများဆိုလျှင်လည်း ကြေးအလွန်ကြီးသော ကစားဝိုင်းများဖြစ်ကြသည်။

ဖိမ်ခန်းများဆိုလျှင်လည်း သာမန်အမျိုးသမီးများ မသုံးဘဲ စီးပွားရေးအကျပ်အတည်းကြောင့် အချိန်ပိုင်း လာရောက်ငွေရှာသော အမျိုးသမီးများကိုသာ အသုံးပြုလေသည်။

အချို့အမျိုးသမီးများမှာ အလုပ်တစ်ဖက် လုပ်ပြီး အလုပ်သိမ်းလျှင် အပိုဝင်ငွေရှာရန် ဦးဒီပနှင့် အဆက်အသွယ်လုပ်ထားကြသည်။





ဦးဒီပကလည်း အရာရှိကြီးများ၊ အမတ်များ၊ လူကုံတန်များ၊ ငွေကြေးချမ်းသာသူများ လျှို့ဝှက်စွာ ရောက်လာပါက ထိုအမျိုးသမီးများအား အဆက်အသွယ် ပြုလုပ်ကာ သီးသန့်ခေါ်ပေးလေ့ရှိသည်။

ရရှိသော အခကြေးငွေမှာ ဦးဒီပက နှစ်ဆရပြီး ကာယကံရှင် အမျိုးသမီးက တစ်ဆသာ ရသည်။

ငွေတစ်ရာ ရလျှင် ကာယကံရှင်က (၃၅)ကျပ်သာ ရသည်။

ကျန်နှစ်စုမှာ ဦးဒီပက တစ်စုယူပြီး ကျန်တစ်စုမှာ သက်ဆိုင်ရာပုလိပ်များနှင့် အရာရှိများကို ပေးရလေသည်။

ကိုလိုနီလက်အောက်၌ အမှုထမ်းကြရသော ပုလိပ်များမှာလည်း ရရှိသောလစာရိက္ခာနှင့် မလောက်ငသောကြောင့် ဦးဒီပတို့၏ခါးပိုက်ထဲမှ မြွေများဘဝ ရောက်ကြရသည်။

တစ်ခါတစ်ရံ ပုလိပ်မင်းကြီး၊ ရာဇဝတ်ဝန်ကြီးတို့က အတင်းအကြပ် ဖမ်းဆီးခိုင်းသောကြောင့် မလွှဲသာ၍ ဖမ်းရသောအခါများတွင် တရုတ်တန်းဘက်၌ ရှိသော သာမန်အလုပ်ခန်းအချို့လောက်သာ အဖမ်းအဆီးခံရပြီး ဦးဒီပ နေထိုင်သော လတ္တာလမ်းဘက်မှ နေရာကတော့ တစ်ကြိမ်တစ်ခါမှ အဖမ်းမခံရသေးပေ။

အနောက်ပိုင်း ရာဇဝတ်အုပ် မီလာသခင်မှာ အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်သော်လည်း ထိုကိစ္စများကို စီမံအုပ်ချုပ်ရာတွင် တင်းကြပ်မှု သိပ်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ၿငင်းအတွက် ဘိန်း၊ အရက်၊ လောင်းကစား၊ ပြည့်တန်ဆာလုပ်ငန်းများမှာ လစဉ်အခွန်ဆက်ကြေး မှန်မှန်ပေးနေပါက မျက်နှာလွှဲထားတတ်သည်။

သူတို့အတွက် အမှုတစ်ခု ဖန်တီးလျှင် ငွေမရဘဲ အလုပ်ရှုပ်တာသာ အဖတ်တင်သည်။

အမှုမလုပ်ဘဲ လာဘ်လာဘကို ယူလျှင် အလုပ်မရှုပ်သည့်အပြင် ငွေရပေါက်လည်း ချောင်သည်။

ထို့ပြင် ရာဇဝတ်ဝန်ကြီးက မှာကြားထားသောစကားကလည်း ရှိသေးသည်။

"ဒီကလူတွေ အချိန်ရတာနဲ့ ဘိန်းရှူ၊ အရက်သောက်၊ အပျော်လိုက်စားနေတော့ ငါတို့ကို တော်လှန်ပုန်ကန်ဖို့ သတိမရတော့ဘူးပေါ့။

များများလုပ်ပြီး အညွန့်တုံး၊ ရောဂါစွဲ၊ နလံမထူနိုင်ကြလေ ငါတို့အတွက် ပိုကောင်းလေလေပဲ၊

စစ်တိုက်နေရင် လူအသေအပျောက်ရှိမယ်၊ ကျည်ဆံကုန်မယ်၊ စရိတ်ကုန်တယ်၊ အချိန်ကုန်တယ်၊

သူတို့ကို ဘိန်းစွဲအောင် လုပ်နိုင်ရင် သေနတ်နဲ့ ပစ်စရာမလိုဘူး၊ အချိန်တန်ရင် သူ့အလိုလို သေမှာပဲ၊ မကောင်းတဲ့မိန်းမတွေ လွှတ်ပေးလိုက်ရင် တစ်ယောက်ပြီးတစ်ယောက် ရောဂါတွေ ရကြမယ်၊

တစ်ယောက်မှာ ရောဂါရတာနဲ့ နောက်တစ်ယောက်ကို ကူးမယ်၊ မိန်းမတွေ ကလေးတွေပါ ဒီရောဂါတွေ ကူးပြီး မိသားစု





တစ်ခုလုံး နလံမထူနိုင်တဲ့ဘဝနဲ့ တစ်ယောက်ပြီးတစ်ယောက် သေကြမယ်၊

ဒါကြောင့် မကောင်းတဲ့မိန်းမတစ်ယောက်ဟာ စစ်သားအယောက်တစ်ရာ တိုက်ခိုက်တာထက် ပိုပြီးထိရောက်တယ်၊ နောက်တစ်ချက်က သူတို့တတွေ အဲဒါတွေကို များများလုပ်နေကြလေလေ ငါတို့ကို တွန်းလှန်ဖို့ သတိမရလေလေပဲ၊

ဒါကြောင့် ရန်ကုန်မြို့ထဲမှာ ရှိတဲ့ ဇိမ်ခန်းတွေ၊ ဘိန်းခန်းတွေ လောင်းကစားဝိုင်းတွေကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ အရေးကြီးတယ်"

ထိုမူဝါဒက အင်္ဂလိပ်အစိုးရက မြန်မာပြည်သူပြည်သားများအပေါ် ထားသည့် ရေရှည်စီမံကိန်းအချို့ပင်ဖြစ်သည်။ မြန်မာလူမျိုးတို့ အပျော်အပါးကို နှစ်သက်ခုံမင်ကြသည်။

သာမန်အကြောင်းတစ်ခုကိုပင် ပွဲလမ်းသဘင် လုပ်ရမှ ကျေနပ်သည်။ အလှူလုပ်လျှင် ဆိုင်းဝိုင်း၊ အငြိမ့်ပွဲ မပါလျှင် မပြီးအောင် စီမံဆောင်ရွက်လေ့ရှိကြသည်။

သို့ကြောင့် နှစ်ဦးတန်ခူးလမှ စကာ တပေါင်းလအထိ နွေ၊ မိုး၊ ဆောင်း ပွဲတော်များဖြင့် ပြည့်နေခြင်းဖြစ်၏။

အင်္ဂလိပ်အစိုးရသည် မြန်မာပြည်သူများ၏အားနည်းချက်ကို ကောင်းစွာရိပ်မိသောကြောင့် ၎င်းတို့ နှစ်သက်သော အရက်၊ ဘား၊ ဘိန်းခန်း၊ ဇိမ်ခန်း၊ လောင်းကစားဝိုင်းများကို ဥပါယ်တံမျဉ်နှင့် ခွင့်ပြုထားခဲ့လေသည်။

၎င်းတို့အတွက်လည်း ဝင်ငွေရ၊ ကျန်လူများအတွက်



www.burmeseclassic.com

www.burmeseclassic.com


လည်း လူညွှန့်တုံးစေရန် ရည်ရွယ်ချက်ပင်ဖြစ်သည်။

သို့ကြောင့် ဦးဒီပတို့လို စီးပွားရေးလာဘ်မြင်သော တရုတ်လူမျိုးတို့အတွက် အခွင့်ကောင်း ရနေခြင်းဖြစ်ပေသည်။

ထိုနေ့ညဦးပိုင်းအချိန်တွင် တပည့်တစ်ယောက်က လာပြောလေသည်။

"ဆရာကြီး လမ်းမတော် ရာဇဝတ်အုပ်က ပြောလိုက်တယ်"

"ဘာတဲ့လဲ"

"အခု အနောက်တိုင်း ရာဇဝတ်အုပ်က ပြောင်းတော့မယ်တဲ့၊ အင်္ဂလိပ်လူမျိုး မီလာသခင်ကို သရက်ကို ပြောင်းပြီး အဲဒီနေရာကို လူသစ်တစ်ယောက် ရောက်တော့မယ်တဲ့"

"လူသစ်ရောက်တော့လည်း အသစ်ပေါင်းရမှာပေါ့၊ သူ့မှာ ပါးစပ်ပေါက် ပါဖို့ပဲ အရေးကြီးတယ်"

ဟု အရေးမကြီးသော အမူအယာနှင့် ပြန်ပြောလိုက်သည်။

"အခုပြောင်းလာမယ့် ရာဇဝတ်အုပ်က မြန်မာလူမျိုးလို့ ပြောသံကြားတယ်"

ထိုစကားကတော့ နည်းနည်းစိတ်ဝင်စားစရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် . . .

ဗြိတိသျှများက အရေးကြီးသောနေရာများ၌ မြန်မာလူမျိုးများကို တာဝန်မပေးသောကြောင့်ဖြစ်သည်။

"အဲဒါ အခုရောက်လာမယ့် ရာဇဝတ်အုပ်အသစ်ကို



ဖိတ်ပြီးဧည့်ခံပေးရင် ကောင်းမယ် ဆရာ"

"ဒါလည်း ကောင်းတာပဲ၊ သူ ဘာကြိုက်တတ်သလဲ အရင်စုံစမ်းလိုက်၊ ပြီးမှ ဒီမှာ အရံသင့် ပြင်ဆင်ပြီး ဖိတ်တာပေါ့"

"ဆရာ့တပည့် ဒီလောက်မညံ့ပါဘူး၊ သူ့တပည့်တစ်ယောက်နဲ့ တွေ့ပြီး ရင်းနှီးအောင် လုပ်ထားပြီးပါပြီ၊ ဌာနအုပ်အသစ်က သိပ်မကြီးသေးဘူး၊ နောက်ပြီး လူပျိုလူလွတ် တစ်ယောက်ဆိုတော့ ချောချောလှလှ မိန်းကလေးနဲ့ ဧည့်ခံရင် ငြင်းမယ်မထင်ပါဘူး"

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့ကွာ၊ တန်းအသစ်ထဲက ချောချောလှလှနဲ့ အပြုအစုကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို ဧည့်ခံခိုင်းရမှာပေါ့"

"ဒီထက် ပိုကောင်းတာ ရှိသေးတယ် ဆရာ"

"ဆရာဖမ်းထားတဲ့ ရှမ်းမလေးကို အသုံးချရင် ပိုမကောင်းပေဘူးလား"

ထိုစကားကြားသောအခါ ဦးဒီပက ဆေးပြင်းလိပ်ကြီးကို မီးခိုးတထောင်းထောင်း ထအောင် ဖွာရင်း အတန်ကြာအောင် စဉ်းစားနေသည်။

ဦးဒီပလိုလူက သူ့အတွက် အကျိုးရှိမည်ဆိုပါက ဘာမဆို လုပ်ဝံ့သည့်လူစားမျိုးဖြစ်သည်။

နောက်တစ်နေ့ည ရောက်လျှင် နန်းမွန်ကြည်ကို ခွန်ဆန်က ခေါ်၍ ရှမ်းပြည်နယ်သို့ ပြန်ကြပေတော့မည်။

ထိုသို့မပြန်ခင် သူ့လုပ်ငန်းအတွက် အသုံးချရန် စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာမိလေသည်။

သို့ကြောင့် တပည့်ဖြစ်သူကို အသေးစိတ် မှာကြားပြီး နောက် ပြန်လွှတ်လိုက်လေသည်။

သူကိုယ်တိုင်ကတော့ ဆေးပြင်းလိပ်ကို မီးခိုးတထောင်းထောင်း ထအောင် ဖွာရင်းမှ စဉ်းစားခန်း ဝင်နေလေသည်။

မီးခိုးငွေ့များက အခန်းပြတင်းပေါက်မှတဆင့် အပြင်သို့ ပျံ့လွင့်နေတော့သည်။







## အခန်း(၁၂)

# အန္တရာယ်ကွန်ယက် ကျားကွက်ရွှေကြခြင်း

ညဦးပိုင်း၌ မိုးက တဖွဲဖွဲ ရွာနေလေသည်။

သို့ကြောင့် တရုတ်တန်းတစ်ဝိုက်လောက်မှာသာ စားသောက်ဆိုင်များနှင့် လူသွားလူလာအချို့ ရှိနေပြီး အချို့နေရာများမှာတော့ လူသွားလူလာ မရှိသလောက် ပါးနေလေသည်။ လမ်းမီးတိုင်များမှ မီးရောင်များ ရှိသော်လည်း မိုးစက်များကြောင့် မှုန်ဝါးဝါး ဖြစ်နေလေသည်။

ထိုအချိန်မှာပင် ဖရေဇာလမ်း(အနော်ရထာလမ်း)ဘက်



www.burmeseclassic.com

www.burmeseclassic.com



မှ မောင်းလာသော လင့်ရိုဘာ မော်တော်ကားတစ်စင်းမှာ လတ္တာလမ်းဘက်သို့ ရောက်သောအခါ အရှေ့ဘက်သို့ ချိုးကွေ့ဝင်လာလေသည်။

ကားမီးရောင် လှမ်းမြင်ရသောအခါ တိုက်ရှေ့မှာ အသင့်စောင့်ဆိုင်းနေကြသော ဦးဒီပ စေခိုင်းထားသော တပည့်များမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။

မောင်းလာသော မော်တော်ကားသည် ဦးဒီပ တိုက်ရှေ့သို့ ရောက်သောအခါ ရပ်တန့်သွားလေသည်။

ကားမောင်းသော ဒရိုင်ဘာက ကပျာကယာအောက်သို့ ဆင်းကာ နောက်ခန်းတံခါးပေါက်ကို ဖွင့်ပေးရာ အသက်အရွယ်အရ ခန့်မှန်းရခက်လှပြီး ရင့်ကျက်တည်ငြိမ်ဟန်ရှိသော လူရွယ်တစ်ဦး အောက်သို့ ဆင်းလာသည်။

၎င်းသည် ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ ရှူးဖိနပ်တို့ကို စတိုင်ကျကျ ဝတ်ဆင်ထားကာ ကော့စမစ်တစ် ခေါင်းလိမ်းဆီကို လိမ်းကာ ဆံပင်ကို ပြောင်လက်နေအောင် ဖြီးထားလေသည်။

မျက်နှာပေါ်မှာ နှုတ်ခမ်းမွှေး မတိုမရှည် ရှိပြီး မျက်ခုံးနှစ်ဖက်က ထူလှသည်။

သွားက အနည်းငယ် ခေါပြီး အချို့သွားများကို ရွှေကွပ်ထားသည်။ ခါးမှာ ခါးပတ်ဖြင့် ချိတ်ဆွဲထားသော ခြောက်လုံးပြူး သေနတ်ဒင်ကတော့ ကုတ်အင်္ကျီအောက်မှ အတိုင်းသား ပေါ်ထွက်နေသည်။





"အသစ်ပြောင်းလာတဲ့ အနောက်တိုင်း ဌာနအုပ်မင်းပါလား ခင်ဗျာ"

"အေး. . . ဟုတ်တယ်၊ မီလာသခင်နေရာကို ပြောင်းလာတဲ့ ဌာနအုပ်သောင်းထိုက်ဆိုတာ ငါပဲ"

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ၊ ကျွန်တော်တို့ ဆရာကြီးဦးဒီပက အပေါ်မှာ စားပွဲသောက်ပွဲတွေ အဆင်သင့်ပြင်ပြီး ဆရာကို စောင့်နေပါတယ်"

"ကောင်းတာပေါ့ကွာ"

ဟု ပြောကာ အပေါ်ထပ်သို့ ခေါ်သွားလေရာ ဌာနအုပ်သောင်းထိုက်လည်း လိုက်သွားလေသည်။

ကားမောင်းသူနှင့် အသင့်ပါလာသော ပုလိပ်နှစ်ယောက်ကတော့ ကားအတွင်းမှာပင် စောင့်နေကြလေသည်။

အပေါ်ထပ် သီးသန့်ခန်း ရောက်သောအခါ စားပွဲသောက်ပွဲများနှင့် အဆင်သင့် စောင့်နေသော ဦးဒီပကို တွေ့ရသည်။

လိုက်ပို့သောတပည့်များက အခန်းအပြင်ဘက်မှာ ကျန်ခဲ့ကြပြီး ဌာနအုပ်သောင်းထိုက်တစ်ယောက်တည်း ဝင်သွားရာ ဦးဒီပက ထိုင်နေရာမှ ထကာ ခရီးဦးကြိုပြုလေသည်။

ထို့နောက် ဌာနအုပ်မင်းကို အရက်၊ အစားအသောက်များနှင့် လိုလေသေး မရှိအောင် ဧည့်ခံကျွေးမွေးလေသည်။

ထိုသို့စားရင်းသောက်ရင်းမှာပင် လုပ်ငန်းအခြေအနေများကို ပွင့်ပွင့်လင်းလင်း အသိပေးကာ အပေးအယူကိစ္စများကို



www.burmeseclassic.com

www.burmeseclassic.com



ညှိနှိုင်းကြလေသည်။

ဦးဒီပ ကြိုတင်ပြောသကဲ့သို့ 'ပါးစပ်ပါဖို့ပဲ လိုတယ်' ဟူသော စကားအတိုင်း ဦးဒီပ ညှိနှိုင်းသော ငွေကြေးပမာဏကို ဌာနအုပ် သောင်းထိုက်အနေနှင့် မငြင်းနိုင်အောင် ရှိနေတော့သည်။

ထိုသို့ရှိနေစဉ် တိုက်ကြီး၏အနောက်ဘက်လမ်းကြားရှိ အမှောင်ရိပ်အတွင်း၌ လူနှစ်ယောက် ရောက်နေကြလေသည်။

၎င်းတို့သည် တိုက်၏အနောက်ပေါက်နှင့် မနီးမဝေး အမှောင်ရိပ်အတွင်းမှာ အသင့်စောင့်ဆိုင်းရင်း တိုက်ကြီး၏ တံခါးပေါက်ဝသို့ လှမ်းကြည့်နေကြသည်။

ထိုအခိုက်မှာပင် တံခါးချပ် ပွင့်လာပြီး မီးရောင်တစ်ချက် လက်ကနဲဖြစ်သွားရာ စောင့်နေသူကလည်း မီးရောင်တစ်ချက် ပြန်ဖွင့်ပြလိုက်သည်။

ခဏကြာတော့ တစ်ကိုယ်လုံး အဝတ်မည်းမည်း ခြုံထားသော မိန်းမတစ်ယောက် ထွက်လာပြီး လှမ်းခေါ်သဖြင့် စောင့်နေသူ နှစ်ယောက်က အလျင်အမြန် သွားကြလေသည်။

၎င်းတို့နှစ်ယောက် အတွင်းသို့ ရောက်သောအခါ တံခါးချပ်ကို ပြန်ပိတ်လိုက်လေသည်။

"အဆင်ပြေရဲ့လား"

ဝင်လာသူက လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"အပေါ်မှာ ဧည့်သည်ရောက်နေလို့ သူတို့ အလုပ်ရှုပ်နေကြတယ်၊ အခုအချိန်က အချိန်ကောင်းပဲ. . . လာကြ"





ဟု ပြောကာ နောက်ဘက်မှ စင်္ကြံလမ်းအတိုင်း သွားရာ အပေါ်ထပ် တက်သောလှေခါး ရောက်ကြလေသည်။

ထိုလှေကားမှာ အရေးပေါ် အဆင်းအတက်ပြုရန် တပ်ဆင်ထားသော နောက်ဖက်လှေခါးဖြစ်သည်။

ထိုလှေကားမှာတော့ အစောင့်မရှိပေ။

ဤသို့ဖြင့် ဒုတိယအထပ် ရောက်သွားသည်။

တတိယထပ် အပေါ်မှာတော့ အစောင့်တစ်ယောက် ရှိသည်။ လှေကားထိပ်မှာ မတ်တတ်ရပ်ပြီး ဆေးလိပ်သောက်နေသည်။ အဝတ်မည်း ခြုံထားသော မိန်းမဆီက အစီအစဉ် ပြောပြသဖြင့် လူနှစ်ယောက်က အမှောင်ရိပ် ရှိသော ဘေးတစ်ဖက်တစ်ချက်သို့ ကပ်လိုက်သည်။

အမျိုးသမီးက ခေါင်းပေါ်မှ ခြုံထားသောအဝတ်များကို ဖယ်လိုက်သည်။

မကျင်မွှေးပင်ဖြစ်သည်။

မကျင်မွှေးက လှေခါးအောက်ထိပ်မှာ အပေါ်မှလူ မြင်သာအောင် ရပ်ပြီး လှမ်းခေါ်လိုက်သည်။

"ဖိုးခင်. . . အောက်ကို ခဏလာဦး"

"ဘာကိစ္စရှိလို့လဲ"

"ငါ အမှိုက်ထွက်သွန်တော့ နောက်ဘက်လမ်းကြားမှာ လူရိပ်လိုလို တွေ့လိုက်တယ်"

"အောက်ထပ်မှာ ဘယ်သူမှ မရှိဘူးလား"

"မရှိဘူး. . . အားလုံး အိမ်ရှေ့ရောက်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်နှင့် အပေါ်ထပ်မှ အစောင့်က မကျင်မွေး ရှိရာ အောက်ထပ်ရောက်အောင် ဆင်းလာသည်။

လှေကားထိပ်သို့ ရောက်သည်နှင့် နောက်မှ လူနှစ်ယောက် ထွက်လာပြီး ပါးစပ်ပိတ်ကာ ဇက်ကို လိမ်လိုက်သည်နှင့် အသံပင် မထွက်နိုင်ပဲ ခွေကျသွားလေသည်။

ထိုလူကို အခန်းလွတ်တစ်ခုအတွင်းသို့ ဆွဲသွင်းခဲ့ပြီး အပေါ်တက်သွားကြသည်။

"အပေါ်ထပ်မှာ ရှိတဲ့ ဦးဒီပရဲ့အခန်းထဲမှာ အခုပြောင်းလာတဲ့ ဌာနအုပ်အသစ်ကို ဦးဒီပကိုယ်တိုင် ဧည့်ခံနေတယ်၊ ဟိုဘက်အခန်းထဲမှာ နန်းမွှန်ကြည် ရှိတယ်၊ သူ့အခန်းရဲ့မနီးမဝေးမှာ ရှိတဲ့ အခန်းထဲမှာ မိန်းမတစ်ယောက် ရှိတယ်၊ သူ့အခန်းထဲ ဝင်ပြီး ဟန်မပျက် ဝင်နေကြပါ။ သူ့ကို ငွေတစ်ရာတန်တစ်ရွက်ပေးလိုက်ရင် သူနားလည်တယ်၊

ဦးဒီပ အခန်းရှေ့မှာ မားဘိုးထင် ရှိတယ်၊ မမြင်အောင်သတိနဲ့ သွားကြပါ"

လူနှစ်ယောက်က ခေါင်းညိတ်ပြပြီး အမှောင်ရိပ်မှ စောင့်ဆိုင်းကာ ၎င်းတို့ ဝင်ရမည့်အခန်းကို အသေအချာ ကြည့်နေကြသည်။ ဦးဒီပ ရှိသည်ဆိုသော အခန်းရှေ့မှာတော့ လူနှစ်ယောက် စောင့်နေကြသည်။

ထိုအခိုက်မှာပင် မီးက ဖျပ်ကနဲ ပိတ်သွားလေသည်။

ထိုသို့ မီးပျက်သွားစဉ်မှာ အမှောင်ရိပ် ခိုနေသော လူနှစ်ယောက်က ခြေသံမကြားအောင် ပြေးသွားပြီး သက်ဆိုင်ရာ





အခန်းများသို့ ဝင်လိုက်ကြသည်။

မကြာမီ မီးက ပြန်လင်းလာသည်။

မီးလင်းလာသောအခါ အခန်းထဲမှ ကုတင်ပေါ်မှာ ထိုင်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရပြီး သူ့ကို ကြည့်နေလေသည်။

သူက အနားရောက်အောင် လျှောက်သွားပြီးနောက် အိတ်အတွင်းမှ တစ်ရာတန် ငွေစက္ကူတစ်ရွက်ကို ထုတ်ပေးလိုက်သောအခါ သဘောပေါက်သွားဟန်ဖြင့် ပြုံး၍ ခေါင်းတစ်ချက် ညိတ်ပြလေသည်။

အတန်ကြာတော့ အခြေအနေက ပြန်လည်ငြိမ်သက်သွားလေသည်။

ဦးဒီပ အခန်းတွင်းမှာတော့ ဦးဒီပနှင့် ဌာနအုပ် ဦးသောင်းထိုက်တို့မှာ စားသောက်ရင်းနှင့် လုပ်ငန်းကိစ္စများ ဆွေးနွေးတိုင်ပင်ကြရာ အတော်ကလေး ခရီးရောက်ပြီး ကျေနပ်လောက်သည့်အဆင့်သို့ ရောက်ကြပြီဖြစ်သည်။

ထိုအခါ ဦးဒီပက. . .

"ဒီညတော့ ကျုပ်တို့ အလုပ်သဘော ညှိနှိုင်းမှု အောင်မြင်ရေး အထိမ်းအမှတ်အဖြစ် ဌာနအုပ်မင်းကို ကျုပ်က စပါယ်ရှယ် လက်ဆောင်ပေးပါရစေ"

ဟု ပြောလေသည်။

"ဘာများလဲ ဦးဒီပရဲ့"

"တခြားဟုတ်ပါရိုးလား၊ ရှမ်းပြည်နယ်က ရောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ရှိတယ်၊ အရိုင်းလေးဆိုတော့ ဌာနအုပ်မင်း သဘောကျမှာပါ"

"ဖြစ်ပါ့မလားဗျ"

"ဖြစ်ပါတယ်. . . ဘာပြဿနာမှ မရှိစေရပါဘူး၊ သူက မနက်ဖြန်မှာဆိုရင် သက်ဆိုင်သူတွေက ရှမ်းပြည်နယ်ကို ပြန်ခေါ်သွားကြမှာ၊ စော်ဘွားသားတစ်ယောက်က သူ့ကို သဘောကျလွန်းလို့ ဥပါယ်တံမျဉ်နဲ့ ဒီရောက်အောင် ခေါ်ပြီးဖမ်းထားတာပါ၊ ကျုပ်က ဌာနအုပ်မင်းနဲ့ ရေရှည်ဆက်ဆံမှာမို့ အထူးအခွင့်အရေးပေးတာပါ"

ထိုစကားကြားသောအခါ ဌာနအုပ်သောင်းထိုက်ဆိုသူ၏အရက်ခိုးပြန်နေသောမျက်နှာမှာ ပြုံးယောင်သမ်းသွားလေသည်။

"ခင်ဗျားက ဒါကြောင့်လည်း တရုတ်တန်းတာဝိုက်မှာ နာမည်ကြီးပေတာကိုး၊ ဘယ်ဌာနအုပ်လက်ထက်မှ အဖမ်းမခံရတဲ့ သက်တော်ရှည်ကြီး ဖြစ်နေတာကိုး"

"ဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ သိတတ်မှုရှိတာပါ"

"အင်းလေ. . . ခင်ဗျားက ဒီလောက်အလိုက်တသိနဲ့ စီစဉ်ပေးမှတော့ ကျွန်တော်ကလည်း ငြင်းလို့ ဘယ်ကောင်းပါ့မလဲ"

"ဒါပေမယ့် ပွဲတော့ နည်းနည်းကြမ်းချင်ကြမ်းမယ်. . . ထိန်းနိုင်ပါ့မလား"

"လူဆိုးလူမိုက်တွေကို ငြိမ်ကျသွားအောင် လုပ်နိုင်တာ





ပဲဗျာ၊ ဒီလောက်တော့ ရပါတယ်"

ဟု ပြောကာ နှစ်ယောက်သား စားပွဲမှ ထကြသည်။

ဦးဒီက တပည့်တစ်ယောက်ကို ခေါ်ပြီး နန်းမွန်ကြည်ရှိသောအခန်းသို့ လိုက်ပို့ခိုင်းသဖြင့် လိုက်ပို့ပေးလေသည်။ အခန်းပေါက်ဝ ရောက်တော့ တံခါးသော့ ဖွင့်ပေးလိုက်သည်နှင့် ရာဇဝတ်အုပ် သောင်းထိုက်က အခန်းတွင်း ဝင်လိုက်လေသည်။

သူ အခန်းတွင်း ရောက်တော့ တံခါးက ပြန်ပိတ်သွားသည်။ သောင်းထိုက်က အခန်းတံခါးကို ဂျက်ထိုးထားလိုက်သည်။ အခန်းတွင်းမှာ မီးတစ်ပွင့် ထွန်းထားသောကြောင့် သူဝင်လာသည်ကို မြင်သဖြင့် နန်းမွန်ကြည်က လှဲနေရာမှ ထထိုင်လိုက်လေသည်။

"ရှင်ဘယ်သူလဲ. . . ဘာလာလုပ်တာလဲ"

သောင်းထိုက်က ဘာမှမပြောဘဲ ကုတင်အနီးသို့ ကပ်သွားလေသည်။

"ရှင် မတရားလုပ်ဖို့ မကြံစည်နဲ့နော်၊ အသက်သာ အသေခံလိုက်မယ်၊ မရဘူးမှတ်ထား"

ပြောရင်းနှင့် နောက်ဆုတ်သွားရာ အခန်းနံရံမှာ ကပ်သွားတော့သည်။ ထိုအချိန်မှာ သောင်းထိုက်က ကုတင်အနီးရောက်လာပြီး ကုတင်စွန်းမှာ ဝင်ထိုင်လေသည်။

"မင်းကို ချစ်လို့ လာတာပေါ့ကွာ၊ ဘာကြောင့် ဒေါသတွေ ဒီလောက်ကြီးနေတာလဲ"

"အို. . . မရဘူး. . . မရဘူး၊ ရှင်အနားမလာနဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအော်လိုက်မယ်"

"မင်းအော်လို့လည်း အပိုပဲ၊ ဒီတိုက်ကြီးပေါ်မှာ ဘယ်သူမှ မရှိတော့ဘူး"

ဟု ပြောကာ ကုတင်ပေါ်သို့ တက်လာရာ နန်းမွန်ကြည်က ကုတင်ပေါ်မှ ဆင်းပြေးရန် ကြိုးစားလေသည်။

သောင်းထိုက်က လက်ကို ဆောင့်ဆွဲလိုက်ရာ ကုတင်ပေါ် ပြန်လဲကျသွားလေသည်။ အပေါ်မှ ဖိထားလေသည်။

နန်းမွန်ကြည်ကလည်း ရှိသမျှခွန်အားကို သုံးကာ အတင်းရုန်းကန်လေသည်။

ထိုအခြေအနေကို အပြင်မှ နားစွင့်နေသော ဦးဒီပတပည့်နှစ်ယောက်က ကြားပြီးနောက် သဘောပေါက်သော အမူအယာနှင့် ပြုံးကာ ထွက်သွားကြလေတော့သည်။

ထိုအခါမှ နန်းမွန်ကြည်အပေါ်မှ ဖိထားသော ဌာနအုပ်သောင်းထိုက် လေသံတိုးတိုးဖြင့် ကပ်ပြောလိုက်သည်။

"ကျွန်တော် ခင်ဗျားကို ကယ်မယ့်သူပါ၊ အခုလို လုပ်ရတာ စိတ်မဆိုးပါနဲ့"

ထိုသို့ပြောလိုက်တော့မှ နန်းမွန်ကြည်မှာ အရှိန်တန့်သွားတော့သည်။

"ကျွန်တော်နာမည်ဒေါက်တာမင်းထင်ကျော်ပါ၊ ခင်ဗျားနဲ့ တစ်ခါတွေ့တဲ့လူပါ"

"ဟင်. . ."

"သူတို့ အပြင်မှာ ရှိနေလို့ အခုလို လုပ်ရတာ စိတ်မဆိုး





ပါနဲ့ နန်းမွန်ကြည်"

နန်းမွန်ကြည်က မျက်လုံးအပြူးသားနှင့် မော့ကြည့်ကာ ခေါင်းညိတ်ပြလေသည်။

ထိုအခိုက်မှာပင် အပေါ်ထပ်မှာ ရှိသော အစောင့်တစ်ယောက်က အပေါ့အပါးသွားဖို့ နောက်ဖက်သို့ ထွက်လာစဉ် နောက်ဖက်လှေကားထိပ်မှ အစောင့်ကို မမြင်သောကြောင့် ဟိုဟိုဒီဒီ လိုက်ကြည့်နေစဉ် အခန်းလွတ်တစ်ခုအတွင်းမှာ သေဆုံးနေသောအလောင်းကို တွေ့ရသဖြင့် ကျန်လူများကို အသိပေးရန် ချက်ချင်းပြန်လှည့်လာစဉ် အခန်းတွင်းမှ လူတစ်ယောက် ထွက်လာပြီး မျက်နှာကို ဖြတ်ရိုက်လိုက်ရာ လဲကျသွားလေတော့သည်။

ထိုအခိုက်မှာပင် အပေါ်ထပ်တစ်ခုလုံး မီးခိုးလုံးများ လိပ်တက်လာလေတော့သည်။

"မီးဟေ့. . မီး. . မီး"

တစ်ဖက်အခန်းမှ အော်သံများ ပေါ်လာသည်နှင့် ဒေါက်တာမင်းထင်ကျော်က နန်းမွန်ကြည်ကို ဆွဲ၍ ထလိုက်သည်။

"လာ. . . သွားကြစို့"

ဒေါက်တာမင်းထင်ကျော်က နန်းမွန်ကြည်လက်ကို ဆွဲကာ အခန်းဂျက်ကို ဖြုတ်၍အပြင်သို့ ထွက်လိုက်လေသည်။ အခန်းအပေါ်ထပ်တစ်ခုလုံး မီးခိုးလုံးများကြောင့် မှောင်မည်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားအခန်းထဲမှ ရုပ်ဖျက်ထားသော ဦးဘမှန်နှင့် ဦးဘကင်းတို့ ထွက်လာကြသည်။

ထိုအချိန်မှာ တုတ်၊ ဓားများ ကိုင်ထားသော လူဆိုးလူမိုက်များ အပေါ်ထပ် ပြေးတက်လာသည်။

မီးခိုးငွေ့များကြားမှာ ဒေါက်တာမင်းထင်ကျော်တို့ကို မြင်သောအခါ တရကြမ်း ဝင်တိုက်ကြလေရာ သုံးယောက်သား အစွမ်းကုန် ပြန်လည်တိုက်ခိုက်ကြရသည်။

၎င်းတို့သုံးယောက်မှာ ဗန်တိုနှင့် သိုင်းပညာ တတ်မြောက်ကြသူများဖြစ်သောကြောင့် လူတစ်အုပ်ကြီးကို အချိန်အနည်းငယ်အတွင်းမှာပင် သုတ်သင်နိုင်ကြလေသည်။

လှေကားမှ အောက်ဆင်းသောအခါမှာလည်း အောက်ထပ်မှ ပြေးတက်လာသော လူမိုက်များကို တိုက်ခိုက်ကြရပြန်သည်။ တိုက်ကြီး၏အောက်ထပ်မှာလည်း ပုလိပ်များက ဝင်ရောက်လာကာ လူမိုက်များကို ဖမ်းဆီးကြသည်။

သို့ကြောင် အချို့က အပေါ်ထပ်သို့ ပြေးတက်လာကြခြင်းဖြစ်၏။ ဒုတိယထပ် လှေကားထိပ် ရောက်သောအခါ ဓားဘိုးထင် ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ရသဖြင့် တရကြမ်း တိုက်ခိုက်ရသည်။

ဓားဘိုးထင်က ဓားမြှောင်ကို အသုံးပြုတိုက်ခိုက်ရာတွင် များစွာကျွမ်းကျင်သူဖြစ်ရာ ဒေါက်တာမင်းထင်ကျော်မှာ များစွာ သတိထားနေရသည်။

တစ်ကြိမ်တွင် ဓားဘိုးထင် ဓားချက်က လက်မောင်းတစ်





ဖက် ထိသွားလေသည်။

ဒဏ်ရာက များသဖြင့် သွေးများ ထွက်လာသည်။

သို့ကြောင့် ပွဲကို အမြန်ဆုံး အဆုံးသတ်ရန် ကြိုးစားရတော့သည်။ တစ်ကြိမ်တွင် ဓားဘိုးထင်က ဓားဖြင့် ပြေးထိုးရာ လွတ်ရုံ ရှောင်ပေးလိုက်ရာ သူက ချက်ချင်းဆိုသလို လွန်သွားသောဓားဦးကို ပြန်လှည့်ကာ လက်ပြန်တွက်သည်။ ဒေါက်တာမင်းထင်ကျော်က ဓားကိုင်လက်ကို ဖမ်းဆုပ်ပြီး နောက်ဘက်မှာ ကပ်နေသော ဓားဘိုးထင်မျက်နှာကို တံတောင်ဖြင့် တွက်သည်။

"ဒုတ်"

ထိချက်ပြင်းသောကြောင့် ဓားကိုင်လက်မှာ လျော့ကျသွားလေသည်။ ထိုအခါ ကိုယ်ကို တစ်ပတ်လှည့်ပြီး သူ့ဓားနှင့် သူ့ဗိုက်ကို ပြန်ထိုးသွင်းလိုက်လေသည်။

"အင့် . . ."

ဓားဘိုးထင်မှာ မချိမဆန့်မျက်နှာနှင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ဦးဘမှန်နှင့် ဦးဘကင်းတို့ လက်ချက်ကြောင့်လည်း အတော်များများမှာ လဲကျကာ အချို့လည်း ထွက်ပြေးကြသည်။

ထိုအခိုက်မှာ အောက်ထပ်မှ စုံထောက်ကျော်စွာနှင့် မကျင်မွှေးတို့ အပေါ်တက်လာကြသည်။

"ဘယ်လိုလဲ ကိုမင်းထင်ကျော်၊ အခြေအနေ ကောင်းရဲ့လား"

"ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမိန်းကလေးရော"

"တစ်ပါတည်း ခေါ်လာခဲ့တယ်၊ အောက်ထပ်မှာရော အခြေအနေ ဘယ်လိုလဲ"

"လူမိုက်အတော်များများတော့ ဖမ်းမိတယ်၊ ဦးဒီပတော့ ရှာမတွေ့သေးဘူး၊ သူ့ရဲ့အခန်းထဲမှာ ဘိန်းထုပ်အတော်များများလည်း ရှာတွေ့တယ်၊ ဒီလူတော့ ဘိန်းမှုနဲ့တင် ထောင်ထဲမှာ နှစ်အတော်ကြာကြာ နေရဖို့ သေချာပါတယ်"

"ဝမ်းသာစရာပေါ့. . . ဒီလိုလူမျိုးတစ်ယောက် လျော့သွားတော့လည်း တိုင်းပြည်အေးတာပေါ့"

"အခုလို လက်ဆုပ်လက်ကိုင် ဖမ်းမိတာကလည်း ကျွန်တော်တို့အဖွဲ့ထဲက ဟောဒီက မကျောင်မွေးတို့လို လူတွေက အနစ်နာခံပြီး လုပ်ကြလို့ အောင်မြင်ခဲ့တာပဲဗျ"

ဒေါက်တာမင်းထင်ကျော်က ကျော်စွာအနားမှာ ရပ်နေသော မကျောင်မွေးကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

ထိုအခါမှပင် နောက်ဘက်မှာ ရပ်နေသော နန်းမွန်ကြည်မှာ များစွာအံ့ဩနေဟန်ရှိသည်။

သူမအနေနှင့် အနားမှာ တစ်ချိန်လုံး ရှိနေသော မကျောင်မွေးကို လူဆိုးဘက်မှ လူဟု ထင်ထားသောကြောင့်ဖြစ်သည်။ အောက်သို့ ရောက်သောအခါ ဌာနအုပ်ဝတ်စုံနှင့် လူတစ်ယောက်ကို တွေ့ရပြီး ကိုကျော်စွာကပင် မိတ်ဆက်ပေးသည်။

"ကိုမင်းထင်ကျော်. . . ဒါက အနောက်တိုင်းနယ်မြေကို အသစ်ပြောင်းလာတဲ့ ဌာနအုပ်ကိုသောင်းထိုက်ပဲ၊ သူနဲ့ တိုင်





ပင်ပြီး လုပ်လို့ အခုလို အောင်မြင်ခဲ့တာဗျ"

ဒေါက်တာမင်းထင်ကျော်က ဌာနအုပ်သောင်းထိုက်ကို လက်ဆွဲနှုတ်ဆက်လိုက်လေသည်။

"ကိုသောင်းထိုက်အနေနဲ့ ဒီနယ်မြေမှာ နှစ်ပေါင်းများစွာ ကြီးစိုးနေတဲ့ ဦးဒီပရဲ့ဂိုဏ်းကို ဖြိုလိုက်နိုင်တာကတော့ ပွဲဦးထွက် အောင်မြင်မှုပါပဲ"

"ဒီလိုမှ မလုပ်ရင်လည်း ဝိသမသမားတွေကြောင့် တိုင်းပြည်က လူညွန့်တုံးတဲ့ဘဝကို ရောက်တော့မှာဗျ၊ ကျွန်တော်ကတော့ မြန်မာလူမျိုးတစ်ယောက်ဆိုတော့ ကိုယ့်လူမျိုးတွေကောင်းဖို့တော့ တတ်နိုင်သမျှ လုပ်ရမှာပဲ"

"ဒါပေမယ့် ဦးဒီပ လွတ်သွားတယ်ဆိုတော့ အလုပ်တော့ ရှုပ်ဦးမှာပေါ့"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ သူ့ရဲ့ထွက်ပေါက်တွေ မှန်သမျှ ပိတ်ထားပြီးပါပြီ"

ဟု ပြောတော့မှ ဒေါက်တာမင်းထင်ကျော်တို့မှာ စိတ်သက်သာရာ ရသွားကြတော့သည်။

ထိုအချိန်မှာပင် ပုလိပ်များက တိုက်ပေါ်မှ လူမိုက်များကို ဖမ်းဆီးကာ အောက်သို့ ခေါ်လာလေပြီ။

ယခုအချိန်၌ မိုးက စဲသွားပြီး အလင်းရောင်အချို့ပင် ပေါ်လာချေပြီ။

သဘာဝတရားသည် အလင်းနှင့်အမှောင်ကို အလှည့်ကျ ပေးသလို ကောင်းမှုဆိုးမှုများကိုလည်း အလှည့်ကျ ပေးတတ်



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ ဒါကပင် သဘာဝတရား၏စေရာအတိုင်းဖြစ်တော့သည်။







# အခန်း(၁၃)

# ပုန်းကွယ်နေသော ရင်ထဲမှ သံယောဇဉ်

နောက်တစ်နေ့တွင် ဒေါက်တာမင်းထင်ကျော်အိမ်၌ လူစုံတက်စုံ ရောက်နေကြသည်။

ဒေါက်တာမင်းထင်ကျော်၊ စုံထောက်ကျော်စွာ၊ မှန်ကင်းစံတို့သုံးယောက်၊ စိုင်းဆမ်လော၊ နန်းမွန်ကြည်တို့ မောင်နှမအပြင် ဆေးဆရာကြီး ဦးဗန်ကောင်းပါ ရောက်နေလေသည်။

"ဦးဒီပတို့ဂိုဏ်းကို ဖြိုနိုင်တာ အဘတို့သုံးယောက်ရဲ့ အကူအညီပေးမှုတွေ အများကြီး ပါပါတယ်၊ ဒါကြောင့် အဘတို့ကို သိပ်ပြီးကျေးဇူးတင်ပါတယ်"

"ရပါတယ် မောင်ကျော်စွာရယ်၊ ငါတို့ကို ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ဖို့ မလိုပါဘူး၊ မင်းတို့တတွေ ကြိုးစားမှု ကောင်းတာတွေလည်း ပါ,ပါတယ်၊ ငါတို့သုံးယောက်တော့ အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေသမျှတော့ ဒီလိုဘဝနဲ့ပဲ နေကြရဦးမှာပဲ"

ဦးဘမှန်က ပြောလိုက်သည်။

ဦးဘမှန်၊ ဦးဘကင်း၊ ဦးဘစံတို့သုံးယောက်မှာ ရွှေဘိုနယ်ဘက်မှဖြစ်သည်။

အင်္ဂလိပ်အစိုးရကို ဆန့်ကျင်တော်လှန်ရာ၌ ရှေ့တန်းမှ ပါဝင်ခဲ့သူများဖြစ်သည်။

နောက်ပိုင်း အင်အားချင်းမမျှ အရေးမလှ ဖြစ်သောအချိန်တွင် ခြေရာဖျောက်၍ ရန်ကုန်သို့ ရောက်လာကာ သူဘရာဇာဘဝဖြင့် ဇာတ်မြုပ်နေကြခြင်းဖြစ်၏။

သို့သော်လည်း ၎င်းတို့သုံးယောက်စလုံးမှာ သိုင်းပညာ ဗန်တိုဗန်ရှည်ပညာများအပြင် ဆေးပညာ၊ ဓာတ်ပညာ အစီအရင်များ ကျွမ်းကျင်ကြလေသည်။

၎င်းတို့သည် အင်္ဂလိပ်အစိုးရကို ဆန့်ကျင်သော်လည်း အမှန်တရားကိုတော့ နှစ်သက်လက်ခံသူများဖြစ်သည်။

အမှန်တရားဘက်မှဆိုလျှင် မည်သူကိုမဆို အကူအညီပေးကြသည်။ ထို့ကြောင့် စုံထောက်မောင်ကျော်စွာ၊ ဆေးဆရာ ဦးဗန်ကောင်း၊ လမ်းမတော်ဖိုးတုတ် အစရှိသောသူများနှင့် သိကျွမ်းမှု ဖြစ်ခဲ့ကြခြင်းဖြစ်သည်။

"အဘတို့ရဲ့စိတ်ဓာတ်နဲ့လုပ်ရပ်ကိုတော့ ချီးကျူးမိပါတယ်"





ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ရပါတယ် ဆရာရယ်၊ ကျုပ်တို့ အခုလို အကူအညီပေးရတာကိုပဲ ကျေနပ်နေတာပါ"

"ဒါပေမယ့် အဘတို့ သူဘရာဇာဘဝနဲ့ မနေဘဲ ကျွန်တော်တို့နဲ့ လာနေရင်လည်း ဖြစ်ပါတယ်"

"ကျုပ်တို့အတွက်တော့ စိတ်မပူပါနဲ့၊ ဘယ်နေရာမှာပဲ နေရနေရ အရေးမကြီးပါဘူး၊ အင်္ဂလိပ်လက်အောက်မှာ နေရတာနဲ့စာရင် သူဘရာဇာဘဝနဲ့ နေရတာက ပိုပြီးလွတ်လပ်ပါတယ်"

ထိုစကားကြားသောအခါ အားလုံးသက်ပြင်းချလိုက်ကြသည်။

"ဒါထက် စိုင်းဆမ်လောတို့မောင်နှမ လာရှာတဲ့ပတ္တမြားကြီးက ဘယ်ရောက်နေပြီလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်ရာ စုံထောက်ကျော်စွာက ဝင်ပြောသည်။

"မကျင်မွှေး ပြောပုံအရဆိုရင် ဟိုတစ်နေ့က မဟာရာဂျာတစ်ယောက်ကို ရောင်းလိုက်တယ်လို့ သိရတယ်"

ထိုစကားကြားသောအခါ ဦးဘမှန်က ပြောသည်။

"မဟာရာဂျာကို ရောင်းတယ်ဆိုတာ ဦးဒီပရဲ့အကြံအစည်ပါ၊ ခွန်ဆန်ကို နှစ်ပေါက်တစ်ပေါက် ရိုက်ပြီး ပတ္တမြားကိုရအောင် အကွက်ဆင်တာပါ၊ မဟာရာဂျာအစစ်ကို ဖမ်းထားပြီး သူ့လူတစ်ယောက်ကို မဟာရာဂျာအယောင်ဆောင်ပြီး ယူ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတာပါ၊ မီးကို တမင်ဖြုတ်ခိုင်းပြီး မီးမှောင်တဲ့အချိန်မှာ အစစ်နဲ့ အတုနဲ့ လဲယူသွားတာပါ၊ ဒါကို ခွန်ဆန်ကတော့ ဘယ်ရိပ်မိပါ့မလဲ"

ဦးဘမှန် ပြောတော့မှ အခြေအနေကို သိရလေသည်။

"အဘက ဘယ်လိုများ သိနေတာလဲ"

"မောင်တို့က ကျုပ်တို့ကို သုဘရာဇာတွေဆိုပြီး အထင်သေးနေပုံရတယ်၊ ကျုပ်တို့လည်း နေရာတကာမှာ အသုံးချလို့ရတဲ့လူတွေ အများကြီးရှိပါတယ်"

ထိုစကားကြားသောအခါ ကျော်စွာက ဆက်မပြောတော့ပေ။

"ကျွန်တော်တို့ အခုလိုအောင်မြင်တာ လမ်းမတော်ဌာနကို အသစ်ပြောင်းလာတဲ့ ဌာနအုပ်ကိုသောင်းထိုက် အကူအညီတွေ အများကြီး ပါ,ပါတယ်၊ မနေ့ညက ကိုမင်းထင်ကျော်က သူ့အယောင်ဆောင်သွားတော့ သူစီးတဲ့ လင့်ရှိဘာ မော်တော်ကားတောင် ပေးလိုက်သေးတယ်၊ ဒါကြောင့်လည်း ဦးဒီပစာပည့်တွေက ယုံသွားကြတောပေါ့"

"ဒါဖြင့် ဦးဒီပကို ရှာရမှာပေါ့၊ သူ့ကို တွေ့ရင် ပတ္တမြားလည်း ပြန်တွေ့မှာ သေချာပြီပေါ့"

"ရန်ကုန်နယ်နိမိတ် နေရာအနှံ့မှာတော့ သူ့ကို စောင့်ကြည့်ဖို့ လူတွေ လွှတ်ထားပါတယ်၊ နောက်ပြီး ခွန်ဆန်ကိုလည်း ဖမ်းဖို့ စီစဉ်ရဦးမယ်"

"သူ့ကို ဘာမှုနဲ့ ဖမ်းမှာလဲ"





"အမှုကတော့ အများကြီးပဲ၊ လူတစ်ယောက်ကို သေကြောင်းကြံစည်မှုရော၊ ဘုရားဌာပနာဖောက်တာရော၊ အရေးကြီးဆုံးကတော့ ဘိန်းချတဲ့အမှုပဲ"

ထိုသို့ပြောဆိုနေကြစဉ် စိုင်းဆမ်လောနှင့် နန်းမွန်ကြည်တို့ မောင်နှမနှစ်ယောက်က အားလုံးကို ထိုင်ကန်တော့လေသည်။

"အဘတို့သုံးယောက်ရော၊ ဆေးဆရာကြီးရော၊ အစ်ကိုတို့နှစ်ယောက်ပါ ကျွန်တော်တို့မောင်နှမရဲ့ အသက်သခင် ကျေးဇူးရှင်တွေမို့ ကျွန်တော်တို့မောင်နှမ ကန်တော့ပါရစေ"

ဟု ပြောကာ ကန်တော့လေရာ အားလုံးမှာ စိတ်မကောင်း ဖြစ်ကြရသည်။

ထို့နောက်. . .

ပတ္တမြားကိစ္စ မပြီးမချင်း ၎င်းတို့မောင်နှမကို ဒေါက်တာမင်းထင်ကျော်အိမ်မှာ နေရန် စီစဉ်ပေးကာ ပြန်သွားကြလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်မှာ ၎င်းလက်မောင်းမှ ဓားဒဏ်ရာကို ဆေးထည့်ရန် ပြင်ဆင်သောအခါ နန်းမွန်ကြည်က ဝိုင်းကူပေးလေသည်။

"ရပါတယ် နန်းမွန်ကြည်ရယ်၊ နားနားနေနေပဲ နေပါ"

"အို. . . ဘယ်ဟုတ်ပါ့မလဲ၊ အစ်ကိုက ကျွန်မတို့ရဲ့ ကျေးဇူးရှင်ပဲ၊ ကျွန်မတို့အတွက်နဲ့ အခုလိုဖြစ်ရတာ"

ဟု ပြောကာ ဒဏ်ရာကို ဆေးကြောခြင်း၊ ဆေးထည့်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ပတ်တီးစည်းပေးခြင်းများ ပြုလုပ်ပေးသည်။

ထိုအခါ နန်းမွန်ကြည်၏အလှကို အနီးကပ် တွေ့ရလေသည်။ နန်းမွန်ကြည်မှာ မျက်နှာသွယ်လျလျနှင့် မျက်လုံး၊ မျက်ခုံး နှာတံ၊ နှုတ်ခမ်း အပြစ်ပြောစရာ မရှိအောင် ချောမောလှပသူ ဖြစ်လေသည်။

နက်မှောင်ရှည်လျားသောဆံပင်နှင့် ဖြူဝင်းသော အသားမှာ လိုက်ဖက်တင့်တယ်လှပေသည်။

ပါးပြင်နှစ်ဖက်မှာ ပန်းနုရောင်သမ်းလျက်ရှိလေသည်။ ကိုယ်လုံးကိုယ်ထည်မှာလည်း အစားအသောက်ပျက်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့် ရက်အတန်ကြာအောင် နေခဲ့ရသောကြောင့် အနည်းငယ် ချောင်ကျသွားသည်မှအပ မိန်းမတစ်ယောက်၏လှပတင့်တယ်သော အလှအပများနှင့် ပြည့်စုံသူ ဖြစ်ပေသည်။

"နန်းမွန်ကြည်ကို တောင်းပန်စရာရှိပါတယ်"

"ဘာများလဲ အစ်ကို"

"မနေ့ညက အလုပ်သဘောအရ သင်္ကာန်လုပ် သရုပ်နဲ့ တူအောင် အကြမ်းဖက်ရတဲ့အတွက် စိတ်မကောင်းပါဘူး၊ ဒီအတွက် တောင်းပန်ပါတယ်"

နန်းမွန်ကြည်က ရှက်သွေးဖြာသောမျက်နှာလေးဖြင့် ပြုံးလိုက်လေသည်။

"ဒီကိစ္စက တောင်းပန်စရာ မလိုပါဘူး အစ်ကိုရယ်၊ ကျွန်မကသာ အစ်ကို့အပေါ်မှာ ရင့်ရင့်သီးသီး ပြောဆိုခဲ့မိတာ





တွေကို တောင်းပန်ရမှာပါ၊ ဒီအတွက်နဲ့တော့ စိတ်မကောင်း မဖြစ်ပါနဲ့"

"ကျေးဇူးတင်ပါတယ် နန်းမွန်ကြည်၊ ဦးဒီပတို့ဆီမှာ ရှိနေတဲ့ ပတ္တမြားများကိုလည်း အမြန်ဆုံး ပြန်ရအောင် ကြိုးစားပေးပါ့မယ်"

ဟု ပြောလိုက်ရာ နန်းမွန်ကြည်မျက်နှာလေးမှာ ကြည်လင်ဝင်းပသွားလေသည်။

နောက်ပိုင်းရက်များမှာလည်း တစ်အိမ်တည်းမှာ အတူတကွ နေလာရသည်ကတစ်ကြောင်း၊ နန်းမွန်ကြည်က ဒေါက်တာမင်းထင်ကျော်လက်မောင်းမှ ဓားဒဏ်ရာကို ဂရုတစိုက် ကုသပေးရာမှ လက်ပွန်းတတီး နေခဲ့ကြရာမှ တစ်ဦးနှင့်တစ်ဦး သံယောဇဉ် ဖြစ်မိကြလေသည်။ သို့သော်လည်း ယခုကဲ့သို့ အခြေအနေမျိုးတွင် နှလုံးသားအရေးကို ဦးစားပေးရမည့်အချိန်မျိုး မဟုတ်သေးသောကြောင့် မျိုသိပ်ထားရလေသည်။

သို့သော်လည်း နှစ်ဦးစလုံးရင်ထဲမှ သံယောဇဉ်ကိုတော့ ရိပ်မိနေကြလေသည်။


ပါးစပ်က မပြောသော်လည်း အသည်းနှလုံးမှ စကားကို မျက်လုံးများမှ ဖော်ပြနေကြလေပြီ။

အခြေအနေ မပေးသေးသမျှတော့ နေရဦးမှာပေါ့ ချစ်သူရယ်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၄)

## ပရလောကသားများနှင့် မရှာတာမန် ပဟေ့များ

နောက်နှစ်ရက်ခန့်ကြာသောအခါ စုံထောက်ကျော်စွာ တစ်ယောက် ဒေါက်တာမင်းထင်ကျော် ရှိရာသို့ အရေးတကြီး ရောက်လာလေသည်။

"ကိုမင်းထင်ကျော်ရေ . . ကမာရွတ်ဘူတာနားမှာ လူ တစ်ယောက် ရထားကြိတ်လို့ သေတယ်ဆိုပြီး သတင်းလာပို့ တယ်၊ သေတဲ့လူက ကုလားလိုလိုနဲ့ မဟာရာဂျာ အဝတ်အစား မျိုးတွေ ဝတ်ထားတယ်လို့ သိရတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ဦးဒီပတစ်ယောက် မဟာရာဂျာအယောင်ဆောင်၍

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြား အတုနှင့်အစစ် လိမ်သွားပုံကို သတိရသဖြင့် ချက်ချင်း အဝတ်အစား လဲလှယ်ကာ လိုအပ်သောသေနတ်နှင့် အခြား ပစ္စည်းကိရိယာများကိုပါ တစ်ပါတည်း ယူဆောင်ပြီးနောက် စုံထောက်ကျော်စွာ မော်တော်ကားနှင့်ပင် နှစ်ယောက်သား ထွက်ခဲ့ကြလေသည်။

ကမာရွတ် ဘူတာရုံသို့ ရောက်သောအခါ လူအချို့ စုရုံး စုရုံးဖြစ်နေသည်ကို လှမ်းမြင်ရသည်။

ကမာရွတ်ဘူတာ၌ တာဝန်ကျနေသော ရုံပိုင်နှင့် အလုပ် သမားများမှာ ကုလားလူမျိုးချည်းဖြစ်ကြသည်။

ကျော်စွာက ရုံပိုင်ကို ခေါ်၍စစ်မေးသည်။

"ပန်ဒစ် ဘယ်လိုဖြစ်တာလဲ ပြောပြပါ"

ပန်ဒစ်ဆိုသည်မှာ ပါဠိဘာသာစကားဖြစ်ပြီး ပဏ္ဍိတမှ လာသောပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရသဖြင့် ဟိန္ဒူကုလားများ နှစ်သက် သဘောကျသော အခေါ်ဝေါ်ဖြစ်ပေသည်။

ကျော်စွာက ပန်ဒစ်ဟု ခေါ်လိုက်သည်နှင့် ဟစူရ်ဟု ပြန်ပြောကာ လက်နှစ်ဖက်နှင့် အရိုအသေပေးလေသည်။

"အလောင်းကို ဘယ်မှာ တွေ့တာလဲ"

"ရထားသံလမ်းပေါ်မှာ တွေ့တာပါ"

"တွေ့ပုံတွေ့နည်း ပြောပြပါဦး"

"အဲဒီနေရာက သံလမ်းအကွေ့နေရာရှိတယ်၊ ဘေး တစ်ဖက်တစ်ချက်မှာ တောင်ကုန်းတွေ ရှိပြီး သံလမ်းက တောင် ကြားထဲမှာ ကွေ့ပြီးဖောက်ထားတဲ့နေရာပဲ၊ အကွေ့မရောက်ခင်





ရှေ့ကို မမြင်ရဘဲ အကွေ့ကျော်မှ ရှေ့သံလမ်းကို လှမ်းမြင်ရလို့ အဲဒီကွေ့နားကို ရောက်ရင် ရထားတွေက ဥသြဆွဲပြီး အချက် ပေးကြရတယ်"

"အင်း. . . ဆက်ပြောပါဦး"

"မနက်ငါးနာရီလောက်မှာ အင်းစိန်ဘက်က ဆင်းလာ တဲ့ ကုန်တင်ရထားက အဲဒီနားကို ရောက်တော့ ဥသြဆွဲပြီး အကွေ့ကို ဝင်လာပါတယ်၊ အကွေ့ကို ကျော်လိုက်တော့မှ အဲဒီ လူကို သံလမ်းပေါ်မှာ မှောက်ရက်ကြီး ဖြစ်နေတာကို ရထားမီး ရောင်နဲ့ လှမ်းမြင်ရပါတယ်"

"ဒီတော့ ဘယ်လိုလုပ်သလဲ"

"ရထားကို ဘရိတ်အုပ်ပြီး ရပ်တန့်ဖို့ ကြိုးစားပါတယ်၊ ဒါပေမယ့် မရပါဘူး၊ စက်ခေါင်းတွဲအပါအဝင် လေးငါးတွဲ လောက် ကျော်မှ ရပ်သွားပါတယ်၊ ဆင်းကြည့်တော့ ခေါင်းတစ် ခြား ကိုယ်တစ်ခြား ဖြစ်နေပါပြီ"

"လှမ်းမြင်တဲ့အချိန်မှာ သူဘယ်လိုအနေအထားမျိုးလဲ"

"သံလမ်းပေါ်မှာ မှောက်ရက်ကြီး တွေ့ရတာပါ"

"အလောင်းရဲ့ပတ်ဝန်းကျင်မှာ ဘာတွေ တွေ့ရသေး လဲ"

"တွေ့သမျှပစ္စည်းတွေတော့ စုပြီးသိမ်းထားပါတယ်"

"အလောင်းက ဘယ်မှာလဲ"

"ဟိုဘက်က ရုံထဲမှာပါ"

ရုံပိုင်က ရှေ့မှ ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်နှင့်ကျော်စွာတို့က နောက်မှ လိုက်သွားကြသည်။

လှူကြိတ်မိထားသော ရထားက မလှမ်းမကမ်းနေရာမှာ ရပ်တန့်ထားသည်။ မီးရထားမှ ကုန်ပစ္စည်းထည့်သောရုံထဲမှာ အလောင်းကို မိုးကာစဖြင့် အုပ်ထားလေသည်။

ကျော်စွာက အဝတ်စကို ဖယ်လိုက်လေသည်။

အလောင်းမှာ လည်ပင်းမှ ပြတ်ထွက်နေပြီး ခေါင်းတခြား ကိုယ်တခြားဖြစ်နေလေသည်။

သေဆုံးသူမှာ ကုလားလူမျိုးတစ်ဦးဖြစ်ပြီး မဟာရာဂျာကဲ့သို့ ဝတ်ဆင်ထားသော်လည်း မဟာရာဂျာတစ်ဦးတော့ ဟုတ်ဟန်မရှိပေ။

မျက်လုံးမှာ အဆမတန် ပြူးထွက်နေပြီး ပါးစပ်မှာ ဟလျက်ရှိနေသည်။

ကျော်စွာက သေဆုံးသူ၏ပါးစပ်ကို နမ်းကြည့်သည်။

အရက်နံ့ မရဘဲ ဆေးလိပ်နံ့သာ ရသည်။

"အရက်မူးပြီး အိပ်ပျော်နေတာ မဟုတ်ဘူး ကိုမင်းထင်ကျော်၊ သူ့ပါးစပ်မှာ အရက်နံ့ မရဘူး"

"ဒါဖြင့် လမ်းဖြတ်ကူးတုန်း ခြေချော်လဲပြီး မေ့သွားတာဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်ရင် သေပြီးသားလူကို လာတင်သွားတာဖြစ်မှာပေါ့"

"အမှန်ပေါ့ဗျာ. . . ရထားကြိတ်လို့ လည်ပင်းပြတ်ထွက်သွားမှတော့ ဒီလိုမျက်လုံးပြူးနေမှာ မဟုတ်ပါဘူး"

"ဒါဖြင့် ကိုယ့်ဘာသာ သေကြောင်းကြံတာများလား"





"မဖြစ်နိုင်ဘူးဗျ. . . ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်တဲ့လူတွေက အခုလို ရထားသံလမ်းပေါ်မှာ အချိန်အကြာကြီး လှဲမနေဘူး၊ ရထားလာတော့မှ ဝုန်းကနဲ ခုန်ချပြီး ပစ်လှဲလိုက်တာဗျ"

"ဒါဖြင့် လူသတ်မှုဖြစ်နိုင်တာပေါ့"

ထို့နောက် သေဆုံးသူအနီးမှာ တွေ့ရသောပစ္စည်းထုပ်ကို တောင်းယူပြီး ဖြည်ကြည့်ကြရာ အတွင်း၌ မျက်မှန်ကွဲတစ်လက်၊ မှန်ဘီလူးအကွဲတစ်လက်နှင့် အိတ်တစ်လုံးတို့ကို တွေ့ရသည်။

"အလောင်းတွေ့တဲ့နေရာကို သွားကြည့်ကြရအောင်"

ဟု ပြောကာ ထိုနေရာသို့ လျှောက်သွားကြသည်။

စုံထောက်ကျော်စွာက ရထားသံလမ်းပေါ်မှာ စွန်းနေသောသွေးများကို စစ်ဆေးနေသည်။

အတန်ကြာမှ. . .

"သေချာတယ်. . . သေပြီးသားလူကို ရထားသံလမ်းပေါ် လာတင်ထားတာဗျ၊ လောလောဆယ် ရထားကြိတ်ခံရရင် သွေးက ပန်းထွက်ပြီး နံဘေးအတော်ဝေးဝေးနေရာကို ရောက်တယ်၊ အခုက တစ်နေရာထဲမှာပဲ သွေးက ကွက်ကျနေတာဆိုတော့ သေတဲ့အချိန်နဲ့ ရထားကြိတ်တဲ့အချိန်က အနည်းဆုံး နှစ်နာရီလောက် ခြားနိုင်တယ်"

ထိုသို့ပြောပြီး စုံထောက်ကျော်စွာက ရပ်ထားသော ရထားအောက်သို့ ပက်လက်လှန်ဝင်သွားပြီး ရထားအောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



များကို လိုက်ကြည့်ရာ ရထားဘီးမှလွဲ၍ အပေါ်ပိုင်းမှာ သွေးစက်များ စွန်းပေနေသည်ကို မတွေ့ရတော့မှ ရထားအောက်မှ ပြန်ထွက်လာလေသည်။

အလောင်းတွေ့သောနေရာတစ်ဝိုက်သို့ လိုက်ကြည့်သောအခါ မြေသားပေါ်မှာ ထင်နေသော ဖိနပ်ခြေရာကို တွေ့ရသည်။

ညက မိုးရွာထားသောကြောင့် မြေသားပျော့နေသဖြင့် ခြေရာမှာ အတိုင်းသား ပေါ်နေသည်။

ခြေရာက သာမန်ထက် ပိုနက်သဖြင့် ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှာ သွားရပ်ကြည့်သည်။

သူ့ခြေရာက မူလခြေရာလောက် မနက်ပေ။

"အမှန်ပဲဗျ. . . ဒီလူကို တစ်ယောက်ယောက်က ထမ်းလာပြီး နင်းလို့သာ ခြေရာက နှစ်ဆနက်နေတာ မဟုတ်လား"

"ကိုမင်းထင်ကျော်လည်း စုံထောက်ပညာကို အတော်အတန် နားလည်သားပဲ၊ အမှန်ပဲဗျ. . . သေပြီးသားလူကို ထမ်းလာပြီးမှ ရထားသံလမ်းပေါ် လာချထားတာပဲ၊ လာဗျာ. . . ခြေရာအတိုင်း လိုက်ကြည့်ရအောင်၊ ဒါပေမယ့် လိုရမယ်ရ သေနတ်တော့ အဆင်သင့် ထုတ်ထားဗျ"

စုံထောက်ကျော်စွာက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဂျင်းသေနတ်ကို ထုတ်ကာ အဆင်သင့် ကိုင်ထားလေသည်။ ကျော်စွာထံမှာလည်း ခြောက်လုံးပြူးသေနတ်တစ်လက်ပါသည်။ ရထားသံလမ်း၏အပေါ်ဘက်မှာ ကုန်းမြေများဖြစ်ပြီး





မြေမှာ အနီရောင်ဖြစ်သည်။

ကုန်းမှာ အတော်မြင့်ပြီး သံလမ်းက တောင်ကုန်းကြားထဲမှ ဖောက်ထားခြင်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာ သစ်ပင်ကြီးများနှင့် ခြုံနွယ်ပိတ်ပေါင်းများ ထူထပ်လှသည်။

ကျော်စွာက မြေပြင်ပေါ်မှ ခြေရာကိုသော်လည်းကောင်း၊ သစ်ခြုံများပေါ်မှာ ကျခဲ့သော သွေးစက်များကိုသော်လည်းကောင်း အသေအချာ ကြည့်ကာ ခြေသံမကြားအောင် သွားကြလေသည်။ အတန်ကြာ သွားမိသောအခါ သစ်ပင်များကြား၌ ဆောက်ထားသော အိမ်ဟောင်းတစ်လုံးကို လှမ်းမြင်ရသည်။

ကျော်စွာက ဒေါက်တာမင်းထင်ကျော်ကို မျက်ရိပ်ပြလိုက်ပြီး သစ်ပင်ကွယ်မှ အခြေအနေ လှမ်းကြည့်ကြသည်။ အိမ်မှာ ရေနံသုတ်ထားသော သစ်သားဖြင့် ဆောက်လုပ်ထားပြီး အုတ်ကြွပ်ပြားများ မိုးထားလေသည်။

ယခင်က မီးရထားအလုပ်သမားများ နေကြဟန်ရှိပြီး ယခုတော့ လူရှိပုံ မရပေ။

ဝင်ပေါက်တံခါး ပိတ်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က အနောက်ဘက်မှ ဝင်ပြီး ကျော်စွာက အရှေ့ဘက်မှ ဝင်ရန် တိုင်ပင်ပြီး လျှို့ဝှက်စွာ သွားကြလေသည်။ တံခါးအရှေ့ရောက်သောအခါ သေနတ်နှင့်ချိန်ပြီး တံခါးကို ခြေဖြင့် ဆောင့်ကန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း. . ."

တံခါးပွင့်သွားသော်လည်း အတွင်းမှ တုံ့ပြန်မှု ဘာမှ မရှိပေ၊ အခြေအနေကို အတန်ကြာအောင် စောင့်ကြည့်သော်လည်း အတွင်းမှာ လူရှိဟန် မတူပေ။

ထိုအချိန်မှာ အနောက်ဘက်မှ ဝင်လာသော ဒေါက်တာမင်းထင်ကျော်လည်း ရောက်လာသောကြောင့် နှစ်ယောက်သား သေနတ်များကို အဆင်သင့် ကိုင်ကာ အတွင်းသို့ ဝင်သွားကြသည်။

အတွင်းရောက်တော့ ဖရိုဖရဲနှင့် ပြိုလဲနေသော ကုလားထိုင်နှင့် စားပွဲများကို တွေ့ရသည်။

ထိုအိမ်မှာ လူမနေသည်မှာ အတော်ကြာဟန် ရှိသောကြောင့် မြေနီမှုန့်နှင့်ဖုန်များ တက်နေသည်။

ထိုဖုန်များပေါ်မှာ ခြေရာများနှင့် လုံးထွေးသတ်ပုတ်ထားသောကြောင့် ရှုပ်ထွေးနေသောခြေရာများကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က နေရာအနှံ့ လိုက်ကြည့်နေရင်းမှ အိမ်အနောက်ဘက်ရှိ အမှိုက်ပုံးအဟောင်းကို တွေ့သဖြင့် အလင်းရောင် ရသောနေရာသို့ ရွှေ့ယူလာပြီးကြည့်သည်။

ထိုအထဲမှာ မှန်ကွဲစများ တွေ့ရသည်။ မှန်ကွဲစများမှာ တစ်မျိုးတည်း မဟုတ်သဖြင့် အသေအချာ စစ်ဆေးကြည့်သောအခါ တစ်မျိုးမှာ မျက်မှန်ကွဲဖြစ်ပြီး ကျန်တစ်မျိုးက မှန်ဘီလူးကွဲများဖြစ်ကြောင်း တွေ့ရလေသည်။





"ဒါ သေတဲ့လူဆီမှာ ပါတဲ့ မျက်မှန်နဲ့ မှန်ဘီလူး ကွဲတဲ့အစတွေပဲ၊ သေတဲ့လူက မဟာရာဂျာ အယောင်ဆောင်လာတဲ့ ကုလားပဲ၊ ဒီမှာ ဦးဒီပနဲ့ တွေ့ပြီး သူ အသတ်ခံလိုက်ရတာပဲ ဖြစ်မယ်၊ သူသေတော့မှ ဦးဒီပက အလောင်းကို ထမ်းယူသွားပြီး ရထားသံလမ်းပေါ် သွားချတာဖြစ်မယ်"

ဟု ကျော်စွာက မှတ်ချက်ချသည်။

"ဖြစ်နိုင်တာပေါ့. . . ပထမတော့ ပတ္တမြားကို အပိုင်ရဖို့ ဒီကုလားကို အသုံးချပြီးမှ သူ့အကြောင်းတွေကို ဖော်မှာစိုးလို့ နှုတ်ပိတ်ခဲ့တာ ဖြစ်ရမယ်၊ ဒီအတိုင်းဆိုရင် ပတ္တမြားက သူ့လက်ထဲ ပါသွားပြီပေါ့"

"ဒီလူ ရန်ကုန်နယ်နိမိတ်က ပြေးမလွတ်အောင် ကျွန်တော် စီမံထားပါတယ်၊ တစ်နေရာမှာတော့ ရှိမှာပါ"

ထို့နောက် နှစ်ယောက် အိမ်အတွင်းသို့ လိုက်လံကြည့်သောအခါ သွေးများ စွန်းနေသောကြိုးတစ်ချောင်းနှင့် အဝတ်ဟောင်းတစ်စကို ထပ်မံတွေ့ရသည်။

"ပါးစပ်ကို အဝတ်နဲ့ ဆို့ပြီး ကြိုးနဲ့ လည်ပင်းရစ်သတ်လိုက်တာ ဖြစ်ရမယ်"

ဟု ပြောကာ လူသတ်မှုနှင့် သက်ဆိုင်သောပစ္စည်းများကို အားလုံးသိမ်းယူပြီးနောက် ဘူတာရုံ ရှိရာသို့ ပြန်ခဲ့ကြသည်။

သူတို့ပြန်ရောက်တော့ ပုလိပ်တစ်ယောက်က သတင်းပို့သည်။

"ဆရာ. . . ဦးဒီပ ကားနဲ့ ထွက်ပြေးတာ မြင်လို့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ ကားနဲ့ လိုက်သွားကြပါတယ်၊ ထောက်ကြံ့နား ရောက်တော့ သူ့မော်တော်ကားဘီး ပေါက်သွားပြီး လမ်းဘေးသစ်ပင်နဲ့ ဝင်တိုက်တာ သူ စီးတဲ့ကားကတော့ ရစရာမရှိအောင်ဖြစ်သွားပါတယ်"

"ဒါထက် သူကရော"

"မရှုမလှ ခံလိုက်ရပါတယ်၊ ဒဏ်ရာပြင်းလို့ မကြာခင်သေမယ့်ပုံပဲ"

"မင်းတို့ ဘယ်လိုစီစဉ်ခဲ့သလဲ"

"မင်္ဂလာဒုံဆေးရုံမှာ ထားခဲ့တယ်"

ဟု ပြောသဖြင့် ကျော်စွာနှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် မော်တော်ကားနှင့် လိုက်သွားကြသည်။

ဆေးရုံရောက်တော့ အရေးပေါ်အခန်းထဲမှာ ဦးဒီပကို တွေ့ရသည်။

ပုလိပ်များက အခန်းပေါက်ဝမှာ စောင့်နေကြသည်။

သူတို့နှစ်ယောက် အနားရောက်သွားတော့ ဦးဒီပက မျက်လုံးဖွင့်ကြည့်သည်။

"ကုလားကို သတ်ပြီး ရထားလမ်း ချထားခဲ့တာ ခင်ဗျားလက်ချက်မဟုတ်လား"

ကျော်စွာက မေးတော့ ခေါင်းညိတ်ပြသည်။

"ပတ္တမြားက ဘယ်မှာလဲ"

"ကျုပ်. . ကျုပ်အိတ်ထဲမှာ ရှိပါတယ်၊ ဒီပတ္တမြား ကြိုးဟ်မွှေလို့ ကျုပ်သေရတော့မယ်၊ သူ. . သူတို့ ကျုပ်ကို လာခေါ်နေကြပြီ၊ သူတို့ ကျုပ်ကို လာခေါ်နေကြပြီ"

ဟု မျက်လုံးပြူးမျက်ဆံပြူးနှင့် အထိတ်တလန့် အော်ဟစ်နေရင်းမှ အတန်ကြာသောအခါ တဖြည်းဖြည်းနှင့် ငြိမ်ကျသွားလေတော့သည်။

ဆရာဝန် ရောက်လာပြီး စမ်းသပ်ကြည့်တော့ ဦးဒီပမှာ အသက်မရှိတော့ပေ။

ဒေါက်တာမင်းထင်ကျော်က ဦးဒီပအိတ်အတွင်းမှ ကတ္တီပါအိတ်ဖြင့် ထည့်ထားသော ပတ္တမြားများကို နှိုက်ယူလိုက်သည်။

ထို့နောက်. . .

စီစဉ်စရာများ မှာကြားကာ နှစ်ယောက်သား အပြင်သို့ ပြန်ထွက်လာကြလေသည်။

"ဦးဒီပ မသေခင်က ဒီပတ္တမြားကြိုးဟ်မွှေလို့ သေရတာလို့ ပြောသွားတယ်၊ ဘယ်လိုအန္တရာယ်တွေများ တွေ့ခဲ့ရလို့လဲ မပြောတတ်ဘူး"

"ကျွန်တော့်အထင်ပြောရရင်တော့ ပရလောကသားတွေနဲ့ သက်ဆိုင်တဲ့ အနှောင့်အယှက်တွေနဲ့ တွေ့ရတာပဲဖြစ်မှာပါ"

"ဒီလောက,ကလည်း အတော်ကလေး ဆန်းကြယ်တာပဲနော်"

"ဟုတ်တယ် ကိုကျော်စွာ၊ ပရလောကသားတွေဟာ သာမန်အခြေအနေနဲ့ မမြင်ရပေမယ့် သူတို့နဲ့ ရန်သူဖြစ်ရင်






www.burmeseclassic.com

www.burmeseclassic.com



အတော်လေး အန္တရာယ်များတယ်၊ သာမန်ရန်သူအချင်းချင်းက ပုန်းလို့ရှောင်လို့ လွတ်နိုင်သေးတယ်၊ သူတို့က ဘယ်နေရာမှာ ပုန်းနေလို့မှ မလွတ်ဘူး"

"အေးဗျာ. . . ကျွန်တော်က ဒီအကြောင်းတွေကို သိပ် မသိပါဘူး၊ ခင်ဗျားပြောတာနဲ့တင် အတော်ကြောက်ဖို့ကောင်း တာပဲ"

"ဦးဒီပဟာ မကောင်းမှုဒုစရိုက်တွေ လုပ်ခဲ့တာကြာပြီပဲ၊ ဒီပတ္တမြား ရောက်လာမှပဲ လုပ်ငန်းတွေအားလုံး ပျက်စီး၊ ပစ္စည်း တွေအားလုံး အသိမ်းခံရတဲ့အပြင် နောက်ဆုံး လူပါ အသက် ဆုံးရှုံးတဲ့အဖြစ်မျိုး ကြုံရတာ သာမန်တိုက်ဆိုင်မှုမျိုး မဟုတ်ဘူး ကိုကျော်စွာ၊ အခုလည်း ကျွန်တော့်အထင်ပြောရရင် ပရလောက သားတွေ ခြောက်လှန့်နှောင့်ယှက်လို့ သေရတာ ဖြစ်မယ်"

"အေးဗျာ. . . ဒီကိစ္စတွေက ဆန်းကြယ်လွန်းတော့ ကျွန်တော်တို့အနေနဲ့ လိုက်မမီနိုင်ပါဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဦးဒီပလို ဒုစရိုက်လောကသားတစ်ယောက် လျော့သွားတာက တော့ အားလုံးအတွက် အများကြီး ကောင်းတာပေါ့"

ထို့နောက် နှစ်ယောက်သား ပတ္တမြားကို ယူဆောင်၍ မော်တော်ကားဖြင့် ကြံတောသင်္ချိုင်းရှိရာသို့ မောင်းခဲ့ကြလေ တော့သည်။







## အခန်း(၁၅)

## မရဏာတမန်ပတ္တမြားနှင့် အလောင်းအစား

နောက်တစ်နေ့ထုတ် သတင်းစာနှင့် ဂျာနယ်အစောင် စောင်တို့တွင် ထူးခြားသောကြော်ငြာတစ်ပုဒ် ပါလာလေတော့ သည်။

"ကျိုင်းတောင်းမြို့နယ်အတွင်းမှာ ရှိသော ရှေးဟောင်း ဘုရားတစ်ဆူမှ ပတ္တမြားတစ်လုံး ရရှိထားသည်။ သက်ဆိုင်သူ များအား ပြန်လည်လှူဒါန်းပေးပါမည်။ သက်ဆိုင်သောသူများသာ ကြံတောသင်္ချိုင်းအတွင်းမှ မှန်ကင်းစံအဖွဲ့နှင့် လာရောက်တွေ့ဆုံ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါသည်။

မှန်ကင်းစံအဖွဲ့”

ဟူ၍ဖြစ်ပေသည်။

ထိုကြော်ငြာမှာ သတင်းစာဂျာနယ်များတွင် နှစ်ရက်ခန့် ပါလာပြီးနောက် သုံးရက်မြောက်သောနေ့တွင် ကြံတောသင်္ချိုင်း အတွင်းသို့ လူရွယ်တစ်ယောက် ရောက်လာလေသည်။

၎င်းမှာ ရှမ်းရိုးရာဝတ်စုံကို ဝတ်ဆင်ထားသော်လည်း ရုပ်မမှတ်မိစေရန် ရုပ်ဖျက်ထားဟန်ရှိလေသည်။ ထိုလူရွယ် ရောက်လာသောအချိန်မှာ အသုဘ လာပို့သူများ ရှင်းသွားသော ညနေပိုင်းအချိန်ဖြစ်သည်။

သူသည် အဖော်နှစ်ယောက်နှင့် ရောက်လာပြီး ကျန်နှစ်ယောက်က သင်္ချိုင်းအပြင်ဘက်မှာ စောင့်နေကြသည်။

ဦးဘမှန်တို့သုံးယောက်က ဇရပ်ပေါ်မှာ ထိုင်လျက် လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောနေကြသည်။

ရှမ်းဝတ်စုံနှင့်လူရွယ် ဝင်လာတာ မြင်သောအခါ ဇရပ်ပေါ်သို့ ဖိတ်ခေါ်လိုက်သည်။

“ဒီဇရပ်ပေါ်ကို လာခဲ့ပါ၊ သတင်းစာကြော်ငြာ တွေ့လို့ လာခဲ့တာလား”

“မှန်ပါတယ်”

ဟု ပြောကာ ဇရပ်ပေါ် တက်လာသည်။

၎င်းက လူသေအလောင်းများ သရဏဂုံ တင်သော နေရာတွင် မထိုင်လိုသောကြောင့် မတ်တတ်ရပ်နေသည်။





“ထိုင်ပါကွ. . . ဇရပ်ပေါ် ထိုင်လို့ ဘယ်လိုရောဂါ အန္တရာယ်မှ မရှိစေရပါဘူး၊ အဲ. . . တရုတ်တန်းဘက်မှာ ရှိတဲ့ ဘိန်းခန်းတွေ၊ ဖိမ်ခန်းတွေ သွားရင်သာ ရောဂါအန္တရာယ်ဖြစ်နိုင်တာပါ”

ဟု ပြောတော့မှ မထိုင်ချင်ထိုင်ချင်နှင့် ဝင်ထိုင်လေသည်။

“ဘာကိစ္စနဲ့ လာတာလဲ”

“သတင်းစာကြော်ငြာ တွေ့လို့ လာတာပါ၊ ဦးကြီးတို့က သတင်းစာ ကြော်ငြာတဲ့လူတွေလား”

“ဟုတ်ပါတယ်”

“ဒါထက် တခြားနေရာမှာ မချိန်းဘဲ ဘာကြောင့် သင်္ချိုင်းကုန်းမှာမှ ချိန်းရတာလဲ”

“ငါတို့က သုဘရာဇာတွေလေ၊ ဒီတော့ သင်္ချိုင်းကုန်းမှာ မနေလို့ ဘယ်နေရာ နေရမှာလဲ၊ ဒီတော့ ငါတို့ နေတဲ့နေရာကိုပဲ ချိန်းရတာပေါ့ကွာ”

ထိုစကားကြားသောအခါ လူရွယ်မှာ အတော်ကလေး စိတ်ရှုပ်ထွေးသွားဟန်ရှိသည်။

“ဒါထက် သတင်းစာကြော်ငြာထည့်တဲ့ ပတ္တမြားကြီး ရထားတယ်ဆိုတာ အမှန်ပဲလား”

“အမှန်ပေါ့ကွာ. . . မင်းကရော ဘယ်သူလဲ၊ ပတ္တမြားနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ ပြောပါဦး”

“ကျွန်တော်က ရှမ်းပြည်နယ်က စော်ဘွားတစ်ဦးရဲ့သွေး



www.burmeseclassic.com

www.burmeseclassic.com



သားပါ၊ ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်က ဘုရားတည်ပြီး ဌာပနာထည့်ထားတဲ့ ပတ္တမြားကို ဌာပနာဖောက်ပြီး အခိုးခံရလို့ လိုက်ရှာနေတာပါ"

"ဒါထက် ဘုရားတည်တဲ့နေရာက ဘယ်မှာလဲ"

"ကျိုင်းတောင်းမြို့ရဲ့တောင်ဘက်ကုန်းပေါ်မှာပါ"

"ဘုရားက ဘယ်သူတည်ခဲ့တာလဲ"

"ရှမ်းမိဖုရားတစ်ပါး တည်ထားခဲ့တာပါ"

"မင်းကရော ကျိုင်းတောင်းစော်ဘွားရဲ့ သွေးသားလား"

"မှန်ပါတယ်"

"ယုံကြည်အောင် ဘယ်လိုသက်သေပြနိုင်မလဲ"

"ကျွန်တော်တို့ ဘိုးဘွားလက်ထက် အဆက်ဆက် ကိုင်ဆောင်တဲ့ နန်းစဉ်ဓားမြှောင် ပါ,ပါတယ်"

ဟု ပြောကာ ခါးကြားမှာ ဝှက်ယူလာသော ရှမ်းဓားမြှောင်ကို ထုတ်ပြလေသည်။

ဓားမြှောင်အရိုးနှင့်ဓားအိမ်ပေါ်မှာ စော်ဘွားမျိုးနွယ်နှင့် ပတ်သက်သော အမှတ်အသားများ ရေးထိုးထားလေသည်။ ဦးဘမှန်က ဓားမြှောင်ကို ယူကြည့်ပြီး ပြန်ပေးလိုက်သည်။ ထို့နောက် နောက်ဘက်နားမှာ ချထားသော အိတ်အတွင်းမှ ကတ္တီပါအိတ်တစ်လုံးကို ထုတ်ကာ လူရွယ်ရှေ့သို့ ချပြလိုက်သည်။

"မင်းတို့နဲ့ သက်ဆိုင်တဲ့ ပတ္တမြား ဟုတ်မဟုတ် တဆိတ်လောက် ကြည့်ပါဦး"





ဟု ပြောလိုက်ရာ လူရွယ်က ကပျာကယာ အိတ်ကို လှမ်းယူပြီး ဖွင့်ကြည့်လိုက်သည်။

ဇရပ်ပေါ်၌ ရေနံဆီမီးအိမ်တစ်လုံး မီးထွန်းထားရာ မီးအလင်းရောင်အချို့ ရှိနေရာ ပတ္တမြား၏အရောင်များက ပတ်ဝန်းကျင်တစ်ဝိုက်သို့ အနီရောင်များ ထင်ဟပ်သွားလေသည်။ လူရွယ်၏မျက်နှာမှာ ချက်ချင်းဝင်းပသွားလေသည်။

"ဒါ. . . ဒါ. . . ကျွန်တော်တို့ ပျောက်သွားတဲ့ ပတ္တမြားဝမ်းသာလိုက်တာဗျာ"

ဟု အသံကတုန်ကယင်နှင့် ပြောလိုက်လေသည်။

ဦးဘမှန်က ပတ္တမြားကို ပြန်ယူပြီး ကတ္တီပါအိတ်အတွင်း ပြန်ထည့်ကာ သူ့အနားမှာ ချထားသည်။

ပြီးမှ ပါးစပ်အတွင်းမှ ကွမ်းဖတ်များကို ထွေးထုတ်ကာ ပြောပြသည်။

"မင်းကတော့ ဒီပတ္တမြားနဲ့ သက်ဆိုင်တဲ့လူဆိုပေမယ့် ဒီပတ္တမြားအကြောင်းကို အတွင်းကျကျ သိချင်မှသိမယ်၊ ဒီပတ္တမြားက ကျိန်စာသင့်နေတဲ့ သေမင်းတမန်ပတ္တမြားပဲ"

"ဟင်. . ."

ထိုစကားကြောင့် လူရွယ်မှာ များစွာအံ့ဩသွားဟန်ရှိလေသည်။

"ဘယ်. . ဘယ်လို ကျိန်စာသင့်နေတာလဲဗျ"

"မင်းမသိသေးရင် ငါပြောပြမယ်၊ ဒီပတ္တမြားကို ဌာပနာထည့်စဉ်ကတည်းက ကျိန်စာဆိုပြီး ထည့်ထားခဲ့တာ၊ မဟုတ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေလက်ထဲ ရောက်ရင် ဘေးအန္တရာယ်ဆိုးတွေနဲ့ ကြုံရပါစေသားလို့ ကျိန်စာဆိုထားခဲ့တာ၊ ဒီတော့ မသက်ဆိုင်တဲ့လူတွေလက်ထဲ ရောက်တာနဲ့ အဲဒီလူဟာ သေမှာပဲ၊

ဒီပတ္တမြားကို နည်းအမျိုးမျိုးနဲ့ ရဖို့ ကြံစည်နေတဲ့လူတွေလည်း တစ်ယောက်ပြီးတစ်ယောက် သေကြရပြီး နောက်ဆုံးငါတို့လက်ထဲ ရောက်လာတာပဲ”

“ဒီတော့ ကျွန်တော်က ဘယ်လိုလုပ်ရမလဲ”

“မင်းက ပတ္တမြားနဲ့ တကယ်သက်ဆိုင်တဲ့လူ ဟုတ်မဟုတ် ဆိုတာတော့ စစ်ဆေးရမှာပေါ့”

ထိုစကားကြောင့် လူရွယ်မှာ အနည်းငယ်လန့်သွားဟန်ရှိသော်လည်း အမူအယာ မပျက်အောင် ထိန်းရင်း မေးသည်။

“ဘယ်လိုစစ်ဆေးမှာလဲ”

“မင်း ဒီပတ္တမြားကို လက်ထဲမှာ ဆုပ်ကိုင်ထားပြီး ဒီဇရပ်ပေါ်မှာ တစ်ညအိပ်ရမယ်၊ မနက်မိုးလင်းတဲ့အထိ ဘာမှမဖြစ်ဘူးဆိုရင် ဒီပတ္တမြားကို ယူပြီး ပြန်သွားရုံပဲ၊ အဲ. . . တစ်ခုခုဖြစ်ရင်တော့ မင်းထိုက်နဲ့မင်းကံပဲ”

ဦးဘမှန်က အေးအေးဆေးဆေး ပြောလိုက်ရာ လူရွယ်မှာ အတန်ကြာအောင် စဉ်းစားနေသည်။

“ကျုပ်က ဒီလိုကိစ္စမျိုးတွေ အယုံအကြည် မရှိပါဘူး”

“ဒါဖြင့် အိပ်ဖို့ စိတ်ကူးတယ်ပေါ့”

“ကျုပ်တစ်ယောက်တည်း အိပ်ရမှာလား”

“မင်းနောက်မှာ အဖော်နှစ်ယောက် ပါလာသေးတယ်





မဟုတ်လား၊ သူတို့နှစ်ယောက်ကိုလည်း မလှမ်းမကမ်းမှာ အဖော်အဖြစ်နဲ့ အိပ်ခိုင်းလို့ ရပါတယ်”

ထိုစကားကြားသောအခါမှ အနည်းငယ် စိတ်သက်သာရာ ရသွားဟန်ရှိလေသည်။

“ဒီလိုဆိုရင် အိပ်မယ်ဗျာ၊ အဖော်နဲ့ အိပ်တာပဲ၊ ဘာမအိပ်ဝံ့စရာ ရှိသလဲ”

“မင်း သေသေချာချာ ဆုံးဖြတ်ပြီးပြီလား၊ ဒီပတ္တမြားနဲ့ မသက်ဆိုင်တဲ့လူဆိုရင်တော့ ကျိန်စာသင့်ပြီး မုချသေမှာပဲ”

“ကျုပ် အဲဒီအယူအဆတွေကို လက်မခံဘူး၊ ကြောက်လည်း မကြောက်ပါဘူး. . . အိပ်မှာပါ”

“မင်းသဘောနဲ့ အိပ်တယ်ဆိုတာရော အဖော်နှစ်ယောက်ရှေ့မှာ လက်မှတ်ထိုးဝံ့ပါ့မလား”

“ထိုးပါ့မယ်”

ထိုသို့ပြောသဖြင့် သချိုင်းအပြင်မှာ စောင့်နေသောအခြားနှစ်ယောက်ကို ဦးဘစံက သွားခေါ်ကာ ဇရပ်ပေါ် ခေါ်လာသည်။ ၎င်းတို့နှစ်ယောက်မှာလည်း အနည်းငယ် ကြောက်ရွံ့နေကြဟန်ရှိလေသည်။

ဦးဘမှန်က ကျန်နှစ်ယောက်ကို ဖြစ်ကြောင်းကုန်စင်ပြောပြပြီးနောက် စာရွက်အလွတ်တစ်ရွက်နှင့် ဖောင်တိန်ကို ယူလာပေးသည်။ လူရွယ်ကိုယ်တိုင် ၎င်းသဘောအလျောက် ဇရပ်ပေါ်မှာ အိပ်ခြင်းဖြစ်ကြောင်း ဝန်ခံစာရေးကာ အောက်၌ လက်မှတ်ထိုးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်အဖော်နှစ်ယောက်ကိုလည်း တစ်နေရာတွင် သက်သေအဖြစ် လက်မှတ်ထိုးခိုင်းပြီး စာရွက်ကို သိမ်းထားလိုက်သည်။

"ကဲ. . . သဘောတူလက်မှတ်တော့ ထိုးပြီးပြီ၊ ဒါပေမယ့် ထပ်တော့ မေးရဦးမယ်၊ အခုနေ ငြင်းမယ်ဆိုရင် ငြင်းနိုင်သေးတယ်နော်"

"ဘာငြင်းစရာရှိမလဲ. . . ယောက်ျားပဲဗျာ"

"ပတ္တမြားနဲ့ သက်ဆိုင်တဲ့သူ မဟုတ်ရင် မုချအသက်သေမှာနော်. . . မကြောက်ဘူးလား"

"သေတစ်နေ့ မွေးတစ်နေ့ပဲ၊ ဘာကြောက်စရာရှိသလဲ"

"ဒါဖြင့် ဆုံးဖြတ်ပြီးပြီပေါ့"

"ဆုံးဖြတ်ပြီးပြီ"

"ကိုင်း. . . အားလုံးကြားတယ်နော်၊ ဒီကနေ့အလောင်းအစားက တန်ဖိုးအတော်ကြီးတယ်၊ နိုင်ရင် တန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြား ရမယ်၊ ရှုံးရင် အသက်ပေးရမယ်၊ စဉ်းစားလို့ ဆုံးဖြတ်ပြီးရင် စကြရအောင်"

ဦးဘမှန်စကားကြောင့် အဖော်နှစ်ယောက်က လူရွှယ်ကို အမျိုးမျိုး နားချတောင်းပန်ကြသေးသည်။

သို့သော် လူရွှယ်ကလည်း အလျှော့ပေးလိုဟန် မရှိပေ။

သို့ကြောင့် ဦးဘမှန်က ပတ္တမြားကြီးကို လူရွှယ်၏ညာလက်ဝါးပေါ် တင်ပြီး လက်ကိုင်ပုဝါဖြင့် ချည်နှောင်ပေးလိုက်သည်။





"မနက်မိုးလင်းလို့မှ ဘာမှမဖြစ်ရင်တော့ ငါတို့သုံးယောက် အိပ်ပျော်နေရင်တောင် နှိုးမနေနဲ့၊ တစ်ခါတည်းသာ ယူသွားပေတော့"

[illegible]က လူရွှယ်ကို ဇရပ်တစ်နေရာမှာ နေရာချပေးလိုက်သည်။

အဖော်နှစ်ယောက်ကတော့ မလှမ်းမကမ်းနေရာမှာ အိပ်ကြလေသည်။

သူတို့သုံးယောက်ကို နေရာချပေးပြီးနောက် ဦးဘမှန်တို့သုံးယောက်က အခြားတစ်နေရာမှာ သွားအိပ်ကြသည်။

ဇရပ်ပေါ်မှာ မီးအိမ်တစ်လုံး ထွန်းထားသောကြောင့် အတန်အသင့် အလင်းရောင် ရနေသည်မှအပ သချိုင်းတစ်ခုလုံး မှောင်မည်းတိတ်ဆိတ်လျက်ရှိနေသည်။

သချိုင်းအတွင်းမှာ ရှိသော သစ်ပင်ကြီးများအပေါ်မှ ဆူဆူဝါးဝါး အော်လိုက်သော ညဉ့်ငှက်အသံများသာ တစ်ခါတစ်ရံ ပေါ်ထွက်လာတတ်သည်။

ပတ္တမြား ကိုင်ထားသော လူရွှယ်သည် အိပ်ယာပေါ် ရောက်သည်နှင့် အခြားဘယ်နေရာမှ မကြည့်ဘဲ မျက်စိမှိတ်ကာ အိပ်ပျော်အောင် အိပ်လေတော့သည်။ မလှမ်းမကမ်းမှာ အိပ်ကြသော အဖော်နှစ်ယောက်ကလည်း မအိပ်ဝံ့ကြဘဲ လူရွှယ်၏ အခြေအနေကိုသာ နားစွင့်နေကြလေသည်။

၎င်းတို့စိတ်ထဲမှာ ကြောက်မက်ဖွယ်ကောင်းသော အနှောင့်အယှက်များ တစ်နေရာရာမှ ပေါ်လာလိမ့်မည်ဟု စိုးရွံ့



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိနေသည်။

သို့သော်လည်း သန်းခေါင်ယံအချိန်အထိ မည်သည့်အနှောင့်အယှက်မှ မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသောကြောင့် အတန်ငယ် စိတ်သက်သာရာ ရကြလေသည်။

သန်းခေါင်ယံ ကျော်သောအခါ ပတ္တမြားကိုင်ထားသောလူရုပ်ထံမှ အိပ်ပျော်သွားဟန်ဖြင့် ဟောက်သံများပင် မှန်မှန်ပေါ်ထွက်လာသည်။

ငင်းကသာ စိတ်ချလက်ချ အိပ်မောကျသွားသော်လည်း အဖော်နှစ်ယောက်ကတော့ စိတ်မဖြောင့်သောကြောင့် အိပ်မပျော်နိုင်ကြပေ။

ဤသို့ဖြင့် သန်းခေါင်ယံ ကျော်လာသည်အထိ မည်သည့်အနှောင့်အယှက်မှ မတွေ့ရဘဲ မိုးလင်းသည်နှင့် ပတ္တမြားကြီးကို အပိုင်ရတော့မည့် အခြေအနေသို့ တဖြည်းဖြည်းရောက်လာရာမှ နံနက်လေးနာရီခန့် ရောက်သောအခါ တခေါခေါနှင့်အိပ်မောကျနေသော လူရုပ်၏အသက်ရှူသံမှာ တဖြည်းဖြည်းနှေးကွေးလာရာမှ အတန်ကြာသောအခါ ငြိမ်ကျသွားလေတော့သည်။

ပထမတော့ အဖော်နှစ်ယောက်က သတိမပြုမိကြပေ။

အတန်ကြာသည်အထိ အသက်ရှူသံ လုံးဝမကြားတော့မှ နှစ်ယောက်သား အထိတ်တလန့် ထ,လိုက်ကြသည်။

"အသက်ရှူသံ မကြားရတော့ပါလား"

"အိပ်မောကျသွားလို့များလား"





"မဟုတ်ဘူး ထင်တယ်၊ အနားသွားကြည့်ကြရအောင်"

ဟု ပြောကာ နှစ်ယောက်သား ကပျာကယာ ထ,ပြီးလူရုပ်အနီးသို့ သွားကြလေသည်။

အိပ်ပျော်နေသောလူရုပ်မှာ ပက်လက်အနေအထားဖြင့် လက်နှစ်ဖက်ကို ရင်ဘတ်ပေါ် တင်ကာ အိပ်မောကျနေဟန်ဖြင့် ငြိမ်သက်နေလေသည်။

အတန်ကြာသည်အထိ အသက်ရှူသံ မကြားရသောအခါ တစ်ယောက်က နှာခေါင်းအနီးသို့ လက်ကပ်၍စမ်းကြည့်သည်။

တစ်ယောက်က ရင်ဘတ်ပေါ် လက်တင်ပြီး စမ်းကြည့်သည်။

လှုပ်ရှားမှု မတွေ့ရတော့ပေ။

"သေပြီဗျ. . . အသက်မရှိတော့ဘူး"

တစ်ယောက်က အလန့်တကြား အော်လိုက်သည်။

"လုပ်ကြပါဦးဗျ. . . လုပ်ကြပါဦး"

ငင်းတို့အော်သံကြောင့် ဇရပ်အောက်မှာ အိပ်နေကြသော ဦးဘမှန်တို့သုံးယောက်က ဇရပ်ပေါ် တက်လာပြီး လူရုပ်ကို စမ်းကြည့်ကြသည်။

လူရုပ်မှာ အသက်မရှိတော့ပေ။

ဦးဘမှန်က လက်မှာ ပုဝါဖြင့် ချည်ထားသော ပတ္တမြားကို ဖြုတ်ယူလိုက်သည်။

"အစကတည်းက မဟုတ်ရင် မလုပ်ပါနဲ့လို့ ငါ အတန်



www.burmeseclassic.com

www.burmeseclassic.com



တန် ပြောတာပဲ၊ သူမှ မယုံဘဲကိုး၊ ဒီပတ္တမြားက သူတို့ ပိုင်ဆိုင်တဲ့ ပတ္တမြားဆိုတာ မဟုတ်ဘူးလား"

အဖော်နှစ်ယောက်က ခေါင်းညိတ်ပြကြသည်။

"ဘာကြောင့် အသက်အသေခံပြီး လာလိမ်ရတာလဲ၊ သူက ဘယ်သူလဲ"


"ကျိုင်းတောင်းစော်ဘွားရဲ့သား ခွန်ဆန်ပါ"

"အေးလေ. . . ဒီပတ္တမြားက သူ့ပတ္တမြား မဟုတ်တော့ သူပဲ ခံရတာပေါ့၊ သူ့သဘောနဲ့သူ လက်မှတ်ထိုးပြီး လုပ်တာဆိုတော့ ဘယ်သူ့မှာမှ တာဝန်မရှိပေဘူး၊

မင်းတို့နှစ်ယောက် ပြန်သွားကြပြီး သူ့ဖခင် စော်ဘွားကြီးကိုသာ အကျိုးအကြောင်း ပြောလိုက်ကြပေတော့"

ဟု ပြောလေရာ အဖော်နှစ်ယောက်လည်း ကြောက်ကြောက်လန့်လန့်နှင့် သချိုင်းအတွင်းမှ ခပ်သုတ်သုတ် ထွက်သွားကြလေတော့သည်။

ထိုအချိန်မှာ အရုဏ်တက်လာပြီဖြစ်သောကြောင့် အလင်းရောင်များက ပေါ်ထွက်စပြုလာချေပြီ။







## အခန်း(၁၆)

# အချစ်အတွက် လိုအပ်သောအလှတရား

နောက်တစ်နေ့တွင် ဦးဘမှန်၊ ဦးဘကင်း၊ ဦးဘစံတို့ ဒေါက်တာမင်းကျော်တို့ နေအိမ်သို့ ရောက်လာပြီး စိုင်းဆမ်လော တို့ မောင်နှမကို ပတ္တမြားကြီး ပြန်လာပေးသည်။

မောင်နှမနှစ်ယောက်စလုံး ဝမ်းသာလွန်းသောကြောင့် မျက်ရည်များပင် ကျလာကြသည်။

"ကျေးဇူးတင်ပါတယ် အဘတို့ရယ်၊ ဒီပတ္တမြားကြီးက ကျွန်မတို့မိသားစုသုံးယောက်ရဲ့ ကာယ်တင်ရှင်ပါပဲ၊

ဒီပတ္တမြား ပြန်မရရင် ကျွန်မအဖေ အနှိပ်စက်ခံရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဘမှန်က. . .

"ငါတို့သုံးယောက်ချည်း ကျေးဇူးတင်စရာ မလိုပါဘူး၊ ဒီပတ္တမြား ပြန်ရဖို့ ဟောဒီဆရာနှစ်ယောက်ရဲ့ကြိုးစားမှုတွေလည်း အများကြီး ပါ,ပါတယ်"

ဟု မနီးမဝေးမှာ ရှိနေသော ဒေါက်တာမင်းထင်ကျော်နှင့် စုံထောက်ကျော်စွာတို့နှစ်ယောက်ကို လက်ညှိုးထိုးပြရင်း ပြောသည်။

"ဒီက အစ်ကိုတို့နှစ်ယောက်ကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ချည်းဆိုရင် ဘယ်နည်းနဲ့မှ ပြန်မရနိုင်တော့ပါဘူး၊ ဒါကြောင့် အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်"

ဟု နန်းမွန်ကြည်က အသံလေး ကတုန်ကယင်နှင့် ပြောလေသည်။

မှန်ကင်းစံတို့သုံးယောက်မှာလည်း ကြည်နူးမှု ပီတိရိပ်များကြောင့် တပြုံးပြုံးဖြစ်နေကြလေသည်။

"ဒါထက် အဘတို့ကို မေးရဦးမယ်"

စုံထောက်ကျော်စွာက စကားစ,လိုက်သည်။

"ဘာများလဲ မောင်ကျော်စွာရဲ့"

"ခွန်ဆန် သေရတာ ပတ္တမြားရဲ့ကျိန်စာကြောင့်ပဲဆိုတာ တကယ်ပဲလား"

"ပတ္တမြားက ရှေးဟောင်းပတ္တမြားလည်းဖြစ်ပြန်၊ ဘုရားဌာပနာတဲ့ပစ္စည်းလည်းဖြစ်ပြန်ဆိုတော့ မသမာတဲ့စိတ်နဲ့ အသုံးပြုဖို့ ကြံရင် အနည်းနဲ့အများတော့ ဘေးဥပါဒ်အန္တရာယ်နဲ့ တွေ့





ကြုံရမှာပဲ၊ တခြားမကြည့်နဲ့၊ ဦးဒီပဆိုတဲ့လူကိုပဲကြည့်၊

ပတ္တမြားကို အပိုင်ယူဖို့ ကြိုးစားရင်းနဲ့ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးရုံတင် မကဘူး၊ အသက်ပါ သေဆုံးခဲ့ရတယ် မဟုတ်လား"

"မှန်ပါတယ်"

"ခွန်ဆန် သေရတာကတော့ တခြားလူပယောဂထက် သူ့ရဲ့လောဘ ယောဂကြောင့် သေရတာပဲ"

"ဘယ်လိုလောဘ ပယောဂလဲ အဘရဲ့"

"ကျုပ်တို့က ဒီပတ္တမြားကို ကိုင်ပြီးအိပ်ရင် သေမယ်လို့ အတန်တန် ပြောပါလျက်နဲ့ သူက ပတ္တမြား လိုချင်တော့ ဖွတ်ကိုင်အိပ်ရင်းနဲ့ သေရတာ မဟုတ်လား၊

ဘယ်သူ့မှာ အပြစ်ရှိလဲ"

"အမှန်ပြောရရင်တော့ သူ့သဘောနဲ့သူ ဝန်ခံလက်မှတ်ထိုးပြီးအိပ်တာဆိုတော့ သူ့မှာပဲ အပြစ်ရှိတာပေါ့"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ဝင်မေးလိုက်သည်။

"ပတ္တမြားကို ကိုင်အိပ်ရုံနဲ့ သူ ဘယ်လိုသေတာလဲ အဘ"

"ပတ္တမြားမှာ ရှိတဲ့အဆိပ်တွေက သူ့လက်ဝါး သွေးပြန်ကြောကတဆင့် နှလုံးထဲ ရောက်ပြီး နှလုံးသွေးရပ်လို့ သေသွားခဲ့တာပါ"

ထိုစကားကြောင့် အားလုံးအံ့ဩသွားကြလေသည်။

"အဆိပ်ကြောင့် သေတယ် ဟုတ်လား အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ဒီအဆိပ်မျိုးက ရှေးကတည်းက နန်းတွင်းသမားတော်တွေ အသုံးပြုတဲ့အဆိပ်မျိုးပါ၊ တစ်စုံတစ်ခုမှာ သုတ်ထားရင် အသားနဲ့ ကြာကြာကလေး ထိရုံနဲ့ သေစေပါတယ်"

"အတော်ဆန်းကြယ်တာပဲ. . ဒီအဆိပ်မျိုးက အတော်သိမ်မွေ့တော့ အန္တရာယ်လည်း အတော်ကြီးမှာပဲ"

"ရှေးတုန်းက ရက်စက်ကြမ်းကြုတ်တဲ့ ဘုရင်တွေကို သတ်ချင်တော့ သူအမြဲကိုင်တဲ့ အရာဝတ္ထုမှာ အဲဒီအဆိပ်ရေလေး သုပ်ထားလိုက်တယ်၊ ချက်ချင်းမသိသာပေမယ့် တဖြည်းဖြည်းနဲ့တော့ သူ့အလိုလို သေတာပါပဲ"

"အဘက ခွန်ဆန်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ အခုလိုလုပ်လိုက်တာလဲ"

"ဘိန်းကုန်ကူး၊ ဘုရားဌာပနာဖောက်၊ အပြစ်မဲ့တဲ့လူတွေကို ဒုက္ခပေးနေတဲ့လူမျိုး လူ့ပြည်မှာ ဆက်ထားရင် ဆန်ကုန်မြေလေးတာပေါ့"

ဟု ပြောလိုက်တော့မှ ခွန်ဆန်တစ်ယောက် ပတ္တမြားကိုင်ထားရင်း သေဆုံးသွားပုံကို သိကြရလေတော့သည်။

"ကဲ. . . ကျုပ်တို့လည်း ပြန်ဦးမယ်၊ သချိုင်းမှာ ကျုပ်တို့မရှိလို့ မဖြစ်ဘူး၊ မသာမြေမြှုပ်မယ့်သူ မရှိရင် အလောင်းတွေပုံနေလိမ့်မယ်၊

တကယ်တော့ သူဘရာဇာဆိုတာ နာမည်ကြားလိုက်တာနဲ့ မသတီချင်စရာဖြစ်ပေမယ့် သချိုင်းကုန်းမှာတော့ သူမရှိရင် ဖြစ်ကိုမဖြစ်ဘူး၊

ဒါကြောင့် ပြန်ဦးမယ်ဟော့"

ဟု ပြောဆိုကာ သူဘရာဇာကြီးသုံးယောက်ဖြစ်သော မှန်ကင်းစံ အမည်ခံထားသည့် ဦးဘမှန်၊ ဦးဘကင်း၊ ဦးဘစံတို့ သုံးယောက်မှာ အားလုံးကို နှုတ်ဆက်ကာ ကြံတောသချိုင်းသို့ ပြန်သွားကြလေတော့သည်။

ထို့နောက် ဖမ်းမိထားသောတရားခံများကို စစ်ဆေးရန်အတွက် စုံထောက်ကျော်စွာလည်း ပြန်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်၊ စိုင်းဆမ်လောနှင့် နန်းမွန်ကြည်တို့သုံးယောက်သာ ကျန်ရာ စိုင်းဆမ်လောလည်း နေရာမှ ထ,သွားလေသည်။

ထိုအခါ နန်းမွန်ကြည်က ဒေါက်တာမင်းထင်ကျော်လက်မောင်းမှ ဒဏ်ရာကို ဆေးထည့်ကာ ပတ်တီးစည်းပေးသည်။

"နန်းမွန်ကြည်တို့ လိုချင်တဲ့ ပတ္တမြားလည်း ရပြီဆိုတော့ ရှမ်းပြည်နယ်ကို ဘယ်တော့ ပြန်ကြမှာလဲ"

"အစ်ကိုက ကျွန်မတို့ကို ပြန်စေချင်ပြီလား"

"နန်းမွန်ကြည်တို့ ပျော်ရင် ဒီမှာ တစ်သက်လုံး နေလို့ရပါတယ်"

"ဟင်. . . တစ်သက်လုံး နေရမယ် ဟုတ်လား၊ ကျွန်မက ဒီမှာ ဘယ်လိုအနေမျိုးနဲ့ နေရမှာလဲ"

"အမှန်ပြောရရင်တော့ နန်းမွန်ကြည်ကို မပြန်စေချင်ပါ







www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါပေမယ့် နန်းမွန်ကြည်အဖေကိစ္စ၊ ပတ္တမြားကိစ္စ၊ ဘုရားပြုပြင်ဖို့ကိစ္စတွေက ရှိသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . ပတ္တမြားကိစ္စ ရှင်းမှ အဖေလည်း လွတ်မှာဆိုတော့ အမြန်ပြန်ရမှာပေါ့၊ ပြီးရင် ဘုရားပြုပြင်ဖို့ကိစ္စတွေကလည်း ရှိသေးတယ် မဟုတ်လား၊ အစ်ကို ကျွန်မတို့ဆီ လိုက်ခဲ့ပါလားဟင်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်လေသည်။

"ကိုယ်က ဘယ်လိုအနေအထားမျိုးနဲ့ လိုက်ရမှာလဲ"

"အစ်ကိုက ဘယ်လိုအနေအထားမျိုးနဲ့ လိုက်ချင်လို့လဲ"

"ဘယ်လိုအနေအထားမျိုးနဲ့ပဲဖြစ်ဖြစ် လိုက်ချင်ပါတယ်၊ ဒါပေမယ့် သွားတော့ နှစ်ယောက်အတူတူဖြစ်ပြီး ပြန်တော့ ကိုယ်တစ်ယောက်တည်းဆိုရင်တော့ လွမ်းစရာဖြစ်နေမှာပေါ့"

ဒေါက်တာမင်းထင်ကျော်စကား ကြားသောအခါ နန်းမွန်ကြည်က ချစ်စဖွယ် ပြုံးလိုက်လေသည်။

"အစ်ကိုက မြို့ကြီးသားပီပီ သိပ်စကားတတ်တာပဲ၊ ကျွန်မကတော့ အဲဒီလို သွယ်သွယ်ဝိုက်ဝိုက် မပြောတတ်ဘူး၊ စိတ်ထဲမှာ ရှိတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်၊

အစ်ကိုက တစ်ယောက်တည်း မပြန်ချင်လို့ ကျွန်မကိုပါ ခေါ်ချင်တယ်ဆိုရင် ဟိုမှာ ကိစ္စတွေ ပြီးတဲ့အခါ အဖေ့ဆီမှာ ခွင့်တောင်းပြီး ခေါ်လို့ရပါတယ်"

ဟု တိုင်းရင်းသူပီပီ ပွင့်လင်းစွာ ပြောလိုက်လေသည်။





"အဲသည်လို ခေါ်ရင်ကော နန်းမွန်ကြည်ကရော လိုက်မှာမို့လား"

"ကျွန်မပြောတဲ့စကားထဲမှာ ကျွန်မသဘောထား ပါပြီးသားပဲလေ၊ အစ်ကိုကရော တကယ်ခေါ်မှာမို့လား"

"တကယ်ခေါ်ချင်တာပေါ့၊ ဘာကြောင့်လဲဆိုတော့ နန်းမွန်ကြည်ကို စတွေ့ကတည်းက မြင်မြင်ချင်းပဲ မေတ္တာစစ်နဲ့ ချစ်နေမိလို့ပါပဲ"

"အစ်ကိုကလည်း. . . ရှင်းစားစကားပြောတာ ကွေ့ဝိုက်နေတော့ ကျွန်မက တော်တော်နဲ့ မရိပ်မိဘူး ဖြစ်နေတယ်"

"အခုလို ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့လည်း နန်းမွန်ကြည် သဘောထားက ဘယ်လိုလဲဟင်"

"ကျွန်မကလည်း အစ်ကိုနဲ့ စတွေ့ပြီးကတည်းက မေ့လို့မရအောင်ဖြစ်နေမိတာပါ၊ နောက်တော့ ကိုယ့်ရဲ့ကျေးဇူးရှင် ဖြစ်လာတော့ တစ်သက်လုံး အားကိုးချင်စိတ်တွေ ပေါ်လာမိပါတယ်၊ အဲဒါ ကျွန်မရဲ့သဘောထားပါပဲ"

"ကိုယ်ဝမ်းသာလိုက်တာ. ."

ဟု ပြောကာ နန်းမွန်ကြည်လက်ကလေးကို ဆုပ်ကိုင်ထားလိုက်ရာ နန်းမွန်ကြည်ကလည်း ပြန်လည်ဆုပ်ကိုင်ထားလေသည်။

ပြီးလျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။

တကယ်တော့ အလှူဟူသည်. .



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးမှ သတ်မှတ်ပေးရသောအရာဖြစ်သည်။

နှစ်သက်ခြင်းဖြင့် ဖြစ်တည်သောအလှသည် ပို၍တန်ဖိုး ရှိလေသည်။

အလှသည် အချစ်အတွက် မရှိမဖြစ် အရာတစ်ခု မဟုတ်စေကာမူ အသည်းနှလုံးမှ တောင်းဆိုသောအရာဆိုက လည်း မမှားပေ၊ တကယ်ဆိုမူ ချစ်သူနှစ်ဦးအတွက်ကတော့ သန့်စင်သောမေတ္တာနှင့် ခိုင်မြဲသောချစ်ခြင်းတရားတို့ လိုအပ်လှ ပေသည်။

ယခု ဒေါက်တာမင်းထင်ကျော်နှင့် နန်းမွန်ကြည်တို့ နှစ်ဦးအတွက်ကတော့ သန့်စင်သောမေတ္တာနှင့် စစ်မှန်ခိုင်မြဲ သော ချစ်ခြင်းတရားတို့နှင့် ပြည့်စုံနေပြီဖြစ်သောကြောင့် အရာ ရာသည် အလှအပတို့နှင့် ပြည့်စုံနေပြီဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မှန်ကင်းစံနှင့် မရဏာတမန်ပတ္တမြား) အမည်ရှိသည့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည် မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း၊

အနိစ္စယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ကြီးစကွ

စာပြီးချိန်။ ။(၂၀၀၉)ခုနှစ်၊ ဇွန်လ(၁၈)ရက်၊ ကြာသပတေးနေ့၊ ည(၉)နာရီအချိန်။





## (နောက်ဆက်တွဲ)

နောက်ပိုင်း မြန်မာပြည်မှ အင်္ဂလိပ်များ ဆုတ်ခွာထွက်ပြေးပြီး ဂျပန်တပ်များ ဝင်ရောက်လာသောအခါ ကြံတောသချိုင်းတွင် ဦးဘမှန်၊ ဦးဘကင်း၊ ဦးဘစံတို့သုံးယောက်ကို မတွေ့ရတော့ပေ။

မှန်ကင်းစံသုံးယောက်မှာ တော်လှန်ရေးတပ်တစ်တပ်သို့ ပြန်ရောက်သွားသည်လား၊

ဒါမှမဟုတ် အခြားနေရာတစ်နေရာရာသို့ ရောက်သွားလေသည်လားဆိုတာကိုတော့ ကျွန်ုပ်တို့ပင် မသိကြရတော့ပေ၊ သို့သော်လည်း တစ်ချိန်က ကြံတောသချိုင်းတွင် နာမည်ကြီးခဲ့သော 'မှန်ကင်းစံ' ဟူသော အမည်ကို အချို့သူများ အမှတ်ရနေကြဦးမည် ဖြစ်ပေတော့သတည်း။

စာရေးသူ



www.burmeseclassic.com